# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄) အမှတ် (၁၅၃)

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္လာနေ့။


လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စားနပ်ရိက္ခာလုံခြုံစိတ်ချရပြီး နိုင်ငံတကာဈေးကွက်တင်ပို့နိုင်ရေး ဘက်ပေါင်းစုံမှအားပေးဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၅ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနား သဝဏ်လွှာ-**

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ ဤကဲ့သို့ အစဉ်အလာကြီးမားသော မင်္ဂလာရက်မြတ် အချိန်အခါသမယတွင် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြလျက်၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက် ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့အချိန်ကာလသည် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုက ကိုယ်တိုင်ပါဝင်ဆန္ဒပြုကြပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းပြီး တာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်းကာလ (၄)နှစ်ပြည့်မြောက်သော အချိန်အခါသို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဓိကရည်မှန်းချက် တာဝန်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ (၄)နှစ်တာကာလအတွင်း ရေရှည် အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတာဝန်များအား လုပ်ငန်းစဉ် (၈) ရပ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံ၏ လူဦးရေ (၇၀) ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ထင်ရှားမြင်သာသော အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တောင်သူလယ်သမားထုအား ကိုယ်စားပြုသော လယ်ယာကဏ္ဍကို အဓိကအားထားနေရသည့် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်အရင်းအနှီး အထောက်အကူဖြစ်စေရန် သင့်တင့်သော ချေးငွေများ အကူအညီပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ခိုင်မာသော ဈေးကွက်ရရှိရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှု

*စာမျက်နှာ ၃ ကော်လံ ၁* ❁

> “ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်ဆောင်ရွက်လာလျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ်မြင်တွေ့နေရ ”

မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက်ထုတ်ပြန်ကြေညာ

စာမျက်နှာ -၅

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုချက်

ဆောင်းပါး၊ စာမျက်နှာ - ၆



# နိုင်ငံတကာအဆင့်မီ အပန်းဖြေနေရာအဖြစ် စစ်တွေမြို့ပွိုင့်အငူကိုတည်ဆောက်မည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကေဇင်လေး

**ရန်ကုန်  မတ်  ၁**

စစ်တွေမြို့ပွိုင့်အငူအပန်းဖြေနေရာကို နိုင်ငံတကာအဆင့်မီ အပန်းဖြေကမ်းခြေတစ်ခုဖြစ်လာစေရန် ၂၀၁၅ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းရှုရပ်နေရာသည် ရခိုင်ပြည်နယ် စစ်တွေမြို့၌ အလှပဆုံးရှုခင်းများကို မြင်တွေ့ခံစားနိုင်သည့် နေရာတစ်ခုလည်းဖြစ်သည်။

“ရခိုင်ပြည်နယ်မှာ သဘာဝရှုခင်းလှပတဲ့နေရာတွေရှိတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေလည်းရှိလို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာကောင်းတွေ ရှိနေပါတယ်။ စစ်တွေမြို့ ပွိုင့်အပန်းဖြေနေရာကို နိုင်ငံတကာ

*စာမျက်နှာ ၉ ကော်လံ ၅* ✪

## ယနေ့ မာတိကာ


စစ်ဖြစ်ပြီး ၁၂ နှစ်အကြာ အီရတ်ယဉ်ကျေးမှုပြတိုက်ပြန်ဖွင့် စာ » ၄

အကောင်အထည်ပြစကားလုံး၊ သဘောပြစကားလုံး (၁) ဆောင်းပါး စာ » ၁၀

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ငါးမွေးတောင်သူများထံ တိုင်းရင်းငါးမျိုးများ ထောက်ပံ့ စာ » ၁၁

ထိုင်းနိုင်ငံ ကြက်သားစက်ရုံရှိ မြန်မာအလုပ်သမားများ အရေးကိစ္စတွင် မြန်မာသံရုံးက ကူညီဖြေရှင်းပေးလျက်ရှိ စာ » ၁၇


## ၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တရားသဖြင့် ယှဉ်ပြိုင်မှုကိုအားပေးမည်

စီးပွားရေးလုပ်ငန်းတစ်ရပ် လုပ်ကိုင်ဆောင်ရွက်ရာတွင် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်သည် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကိုထိခိုက်နိုင်ပါသည်။ တစ်နည်းအားဖြင့် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်မှုကို ထိခိုက်ပျက်ပြားစေနိုင်ပါသည်။ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း သို့မဟုတ် ဈေးကစားခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေနိုင်ပါသည်။

ဤသို့ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို အဆုံးသတ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်စွဲဖြင့် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်ပါသည်။ ဈေးကွက်အတွင်း တရားသဖြင့် ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချမှုကို အားပေးပြီး မတရားသဖြင့် လက်ဝါးကြီးအုပ် လုပ်ကိုင်ခြင်းကို ဥပဒေအရ အရေးယူဆောင်ရွက်သွားနိုင်ရန်ဖြစ်ပါသည်။ ဤဥပဒေ အခန်း(၈)တွင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမျှ ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည့် ဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်ရဟုဖော်ပြထားပါသည်။

ကုန်စည်ဝယ်ယူသည့်ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ခြင်းကို ဥပဒေအရခွင့်မပြုပါ။ ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ၊ ကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုရာတွင် အခွင့်အလမ်းများကိုကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်းကို ဥပဒေကတားမြစ်ထားပါသည်။ ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကိုလျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန်ပြုလုပ်ခြင်းကို ဥပဒေအရခွင့်ပြု မည် မဟုတ်ပါ။

တစ်ဖန် အခြားစီးပွားရေးလုပ်ကိုင်သူများကို ဈေးကွက်အတွင်း ဝင်ရောက်မလာစေရန်နှင့် ဈေးကွက် ဝေစုကိုထိန်းချုပ်ရန်အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဧရိယာထိန်းချုပ်ကန့်သတ်မှုပြုလုပ်ခြင်းကိုလည်း ဥပဒေအရ တားမြစ်ထားပါသည်။ အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှုမရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း ဤယှဉ်ပြိုင်မှုဥပဒေအရ တားမြစ်ထားပါသည်။

ယခုအခါမြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ဤသို့စီးပွားရေးလုပ်ငန်းများတိုးတက်လျက်ရှိရာတွင် တရားသဖြင့်ယှဉ်ပြိုင်မှုကိုသာ အားပေးမည်ဖြစ်ပါသည်။ မတရားသဖြင့်ယှဉ်ပြိုင်မှုကိုအားပေးမည် မဟုတ်ပါ။ တရားသဖြင့် ယှဉ်ပြိုင်ခြင်းကသာ အရင်းအနှီးနည်းပါးသော လုပ်ငန်းငယ်၊ လုပ်ငန်းအလတ်များကို တံခါးဖွင့်ပေးပြီး မြှင့်တင်ပေးရာရောက်ပါသည်။ စီးပွားရေးလုပ်ငန်းအားလုံး တစ်ပြေးညီ တိုးတက်လာမှ တိုင်းပြည်စီးပွားရေး တိုးတက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ စီးပွားရေးလုပ်ငန်းဖော်ဆောင်လုပ်ကိုင်ကြရာတွင် မိမိအကျိုးစီးပွားအတွက် ဈေးကစားခြင်း၊ ဈေးကွက်ကိုခြယ်လှယ်ခြင်းတို့ကို မပြုလုပ်ကြဘဲ ဥပဒေကို လေးစားလိုက်နာသောအားဖြင့် လက်ဝါးကြီးအုပ် စီးပွားရေးလုပ်ကိုင်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်များပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန် အလားအလာရှိသော ကုန်စည်များပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်မှုသည် ပုဂ္ဂလိကကဏ္ဍဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်၍ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအသင်းအဖွဲ့များ စွမ်းဆောင်ရည်ကောင်းမွန်ရေးသည်လည်း အထူးအရေးကြီးပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်မှုများ အောင်မြင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ (Public Private Partnership) ကောင်းမွန်မှုသာ နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲ ဖွံ့ဖြိုးတိုး တက်ရေး ဆပ်ကော်မတီများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များမှာ လုပ်ကိုင်ဆောင်ရွက်နေသည့် ကျေးလက်ဒေသ အသေးစားထုတ်ကုန်လုပ်ငန်းအမျိုးအစားပေါင်း ၃၀ မှာ အသေးစားကုန်ထုတ်လုပ်ငန်း အရေအတွက် ၃၆၄၃၉ ခုရှိပြီး တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်း ဆပ်ကော်မတီများမှ ကွင်းဆင်းဆောင်ရွက်ခြင်း၊ အစုအဖွဲ့ဖွဲ့စည်းခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများသို့ ပါဝင်ပြသနိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးလုပ်ငန်းဖြစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ဈေးကွက်သစ်များရရှိရေး၊ နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်နိုင်ရေးတို့ကို ဆက်လက်ဖော်ဆောင်ပေးပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ကုန်စည်ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ဆိုင်ခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်မှာ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်မားတိုးတက်စေရေး၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစားထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ ထုတ်ကုန်လုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီးချစ်ကြည်၍ နည်းပညာများ ဖလှယ်နိုင်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစားထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ သိရှိပြီး ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေးနှင့် အသေးစားထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော နည်းပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ လှူဒါန်း



**ထားဝယ် မတ် ၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ လူနေမှုစနစ်တို့ကို သုတေသီများအနေဖြင့် အလွယ်တကူ လေ့လာနိုင်ပြီး ခရီးသွားလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက် (ထားဝယ်) သို့ ပြည်သူလူထုက ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ပြတိုက်ခင်းကျင်းရေး ကော်မတီဝင် ဆရာကြီး ဦးဘမြင့်က ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ အလှူရှင်များဖြစ်သော ယိုးဒယားဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးဩဘာသက ရှေးဟောင်းဘုရားကျောင်းဆောင် တစ်ဆောင်၊ ရွှေဂူကျောင်း ကျောင်းထိုင်ဆရာတော် ဦးကုမာရက ရှေးဟောင်းကြေးပုရပိုက်တစ်ဆူနှင့် သစ်စေ့ပုရပိုက်ခုနစ်ဆူ၊ ဆရာကြီး ဦးဘမြင့် (ထားဝယ်) က ရှေးဟောင်း ပုတီးစေ့၊ ဒင်္ဂါး၊ လက်ရေစင်းပါအုတ်ချပ်၊ ဆေးတံများ၊ ဦး လှဝင်း (မြို့ဟောင်း) က ရှေးဟောင်း ပုတီးစေ့သုံးကုံး၊ ဒင်္ဂါး၊ မြေပုတီးအကြီး၊ ကြေးခြင်္သေ့ အလေး၊ မြေဆေးတံအစုံ၊ ဦးနိုင်လင်း (မြို့ဟောင်း)က ရှေးဟောင်းပုတီးစေ့ အရွယ်စုံ၊ ဦးဝင်းကျော်(ဆန်းချီ)က ရှေးဟောင်းဒင်္ဂါးပြား ၁၀ ခု၊ ဦးနေမင်း (ထားဝယ်မြို့)ကထားဝယ်ဒင်္ဂါး ၁၀ ခု၊ ဦးနိုင်အောင်ထွန်း (ထားဝယ်မြို့) က ရှေးဟောင်း မြေဆေးတံ လေးခု၊ ဦးအောင်မင်း (ထားဝယ်မြို့)က ရှေးဟောင်းဒင်္ဂါးသုံးခု၊ ဦးကျော်သန်းက အိန္ဒိယဒင်္ဂါးတစ်ခုကို ပေးအပ်လှူဒါန်းသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ယဉ်ကျေးမှုပြတိုက် (ထားဝယ်)ကို ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်မည် ဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။

# ကျေးလက်ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**မြေပုံ မတ် ၁**

မတ် ၂ ရက် တွင်ကျရောက်သော တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်အရှည်ပေ ၁၃၂၀၊ အလျား ၁၂ ပေရှိ ငုပင်လယ်ဆိပ်ဆင်း ကွန်ကရစ်လမ်း ဖွင့်ပွဲ အခမ်းအနားကို မြောက်ဦးခရိုင် မြေပုံမြို့နယ်ရှိ ယင်းလမ်းပေါ်၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေကျပ် ၂၃ ဒသမ ၁၃၅ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ကိုကြီးစော**

ပြည်တွင်းသတင်း

# ထွက်ကုန်သီးနှံများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ်ဖြစ်သော နိုင်ငံတကာအဆင့်မီ လက်ကားဈေးကွက်များပေါ်ပေါက်ရေးဆောင်ရွက်

❀ ရှေ့ဖုံးမှ

လုပ်ငန်းများလွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများအကျိုးငှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်နည်းဥပဒေများအား ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

ယခင်က သဘာဝမိုးရေကိုသာမှီခိုအားထားပြီး စိုက်ပျိုးကြရသည့် လယ်မြေများကို ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် မူလကတစ်သီးပင်လျှင် မသေချာသည့် အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။

ယခင် အစိုးရအဆက်ဆက်ကာလ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ပိုမို၍ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံလုပ်ဆောင်ခြင်းအပါအဝင် မပြီးပြတ်သေးသောစီမံကိန်းလုပ်ငန်းကြီးများ၊ ရေပေးမြောင်းစနစ်များအား ရာနှုန်းပြည့်ပြီးစီးရေးအတွက် မျက်ခြည်မပြတ် မူလစီမံကိန်းအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မိရိုးဖလာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့်စက်မှုလယ်ယာစနစ်ဧကကွက်၊ ဟက်တာကွက်များအဖြစ်သို့ လယ်ယာမြေအဆင့်မြှင့်တင် ဖော်ထုတ်ကူးပြောင်းပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ပျံ့နှံ့အကောင်အထည်ဖော်နိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်းလျက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖော်ဆောင်ပေးလျက်ရှိနေပါသည်။

စိုက်ပျိုးသီးနှံများ၏ အရည်အသွေးနှင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ တီထွင်ကြံဆပြီး၊ တောင်သူလယ်သမားများ၏ လက်ဝယ်အရောက် လေ့ကျင့်ပညာပေးခြင်းလုပ်ငန်းများအား တောင်သူလယ်သမားများနှင့်အတူလက်ချင်းတွဲပြီး ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာ တည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း မြို့နယ်တိုင်း၊ ကျေးရွာတိုင်းတွင် တောင်သူပညာပေးစံနမူနာပြစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြသပြီး တစ်နိုင်ငံလုံးပျံ့နှံ့အောင် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သောစပါးသီးနှံအပါအဝင် ဝင်ငွေရသီးနှံအမယ်အလိုက် အရည်အသွေးများတိုးတက်မြင့်မားရေးနှင့် တစ်ဧကအထွက်နှုန်းများ ထိထိရောက်ရောက် တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ အဆင့်မြင့်ခေတ်မီနည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးဟင်းသီးဟင်းရွက်မျိုးစေ့များကို ခေတ်မီမျိုးစေ့ထုတ်နည်းပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်ဆောင်ရွက်လာလျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရ ဖွယ် မြင်တွေ့နေရပြီဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ခိုင်မာသောဈေးနှုန်းဖြင့် ရောင်းချနိုင်မည့် ပြည်တွင်းပြည်ပ ဈေးကွက်နေရာရရှိနိုင်ရေးအချက်ပေါ်တွင် ယခင်က စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကို ကုန်ကြမ်းအဆင့်အနေဖြင့်သာ တင်ပို့ရောင်းချခဲ့သည့်အနေအထားမှ တန်ဖိုးမြင့်ထုတ်ကုန်ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့်ဆန်စက်နှင့်ဆီစက်များ၊ အဆင့်မြင့်သစ်သီးဝလံ သန့်စင်စက်နှင့်ခေတ်မီထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးလုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်းကျယ်ပြန့်စွာ ဖြန့်ကြက်တည်ရှိ နေထိုင်နေကြသည့်လူများစုဖြစ်သော လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏အားကို လယ်ယာထုတ်ကုန် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး ၊ "မျိုးစေ့ချစတင်စိုက်ပျိုးသည့်အဆင့်" မှ "ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ " လုပ်ငန်းစဉ်အဆင့်အားလုံးတွင် တောင်သူလယ်သမားများ လက်တွေ့ပါဝင် လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့်အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် "သမဝါယမကဏ္ဍ" မှ ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ကြရမှာဖြစ်ပါသည်။

တောင်သူလယ်သမားများ ရာသီအလိုက် တစ်ရာသီပြီး တစ်ရာသီ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာသောသီးနှံများအပေါ် ခိုင်မာသော ဈေးနှုန်းနှင့်ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်မည့်ပြည်တွင်းပြည်ပမှ ခိုင်မာသောဈေးကွက်နေရာရရှိရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ခြင်းကြောင့် လယ်ယာထွက်ကုန်သီးနှံများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချသည့်စနစ်ဖြစ်သော နိုင်ငံတကာအဆင့်မီ "လက်ကားဈေးကွက်" "Wholesale Market" များ ပေါ်ပေါက်လာရေးအတွက်လည်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားကြီးများ သိရှိအသုံးပြုနိုင်ရေးအပါအဝင် တောင်သူလယ်သမားများ၏ စိတ်လက်အပန်းဖြေအနားယူမှုကို အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့် ဖြေဖျော်ရေးအစီအစဉ်များ ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmer Channel)" အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားကြီးများကို ဂုဏ်ပြုသောအားဖြင့် ဂီတပညာရှင်များ ရေးစပ်သီကုံးသော တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းပြိုင်ပွဲများကို အစဉ်အလာမပြတ် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိနေပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

လူသားတိုင်း၏ နေ့စဉ်ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးဆိုင်ရာအခြေခံလိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ် အဓိကလိုအပ်ချက်ကြီးမှာ **"စားရေရိက္ခာနှင့်အာဟာရ"** လိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာကြီး၏အရွယ်အစားကို တိုးချဲ့ပြောင်းလဲရန် မဖြစ်နိုင်သော်လည်း ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိ ယနေ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်မှာ ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သည့်အတွက် လိုအပ်လာမည့်စားရေရိက္ခာကို ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာကြီးပူနွေးလာနေမှုနှင့် တစ်ဆက်တည်း ကမ္ဘာ့ရာသီဥတု၏ ပြင်းထန်စွာ ပူပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာ မိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းကျခြင်း၊ လေမုန်တိုင်းများတိုက်ခတ်ခြင်း၊ ငလျင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများ ကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်ကြီးများကြုံတွေ့ပါက စားရေရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတိုင်း အလေးထားထည့်သွင်းစဉ်းစား၍ ဆောင်ရွက်နေကြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း လာမည့်မကြာတော့မည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ ကျော်အတွက် နိုင်ငံ၏စားရေရိက္ခာ လုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေးရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် အားပေးဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ၏ သဘာဝမြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝမှုနှင့် စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သောသဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများနှင့် အလွန်ရိုးသားဖြူစင်ကြပြီး အလွန်အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားတို့၏အင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်ပါသည်။

အခြေအနေအချိန်အခါကောင်းကို အထိရောက်ဆုံး၊ အကျိုးရှိဆုံး၊ အသုံးချအကောင်အထည်ဖော်ရာတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန် ကိုယ်ကိုယ်တိုင်ကြီးပွားအောင်မြင်လိုစိတ်ဖြင့် ကိုယ် တိုင်ပါဝင်ကြိုးစားလုပ်ဆောင်ကြရန် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်း၊ ခေတ်မီဆည်ရေသောက် လယ်ယာမြေစနစ်သို့ ပြောင်းလဲခြင်း၊ သမားရိုးကျလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်း၊ မိရိုးဖလာမျိုးစေ့များအစား အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲအသုံးပြုခြင်း၊ သီးနှံ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး ပညာပေးဆောင်ရွက်ခြင်း၊ ဈေးကွက်ကိုယှဉ်ပြိုင်နိုင်မည့် အဆင့်မြင့်လယ်ယာထွက်ကုန်များ၊ အဆင့်မြင့်အရည်အသွေးကောင်း တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်းတို့ကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ကြမှသာလျှင် လယ်ယာကဏ္ဍကြီးတစ်ခုလုံး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအင်ဆန္ဒအစစ်အမှန်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအား အရှိန်အဟုန်မြှင့်တင် တည်ဆောက်အကောင်အထည်ဖော် နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြံဆရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

**ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် "တစ်လှေတည်းစီး၊ တစ်ခရီးတည်းအတူသွား ခရီးသွားဖော်"များအဖြစ် ရှေ့တွင်ကြုံတွေ့ရင်ဆိုင်ကြရမည့်စိန်ခေါ်မှုများနှင့် အတားအဆီးများ၊ အခက်အခဲမှန်သမျှတို့ကို "အေးအတူတူ၊ ပူအမျှ" အတူတကွလက်တွဲရင်ဆိုင်ကျော်ဖြတ်ကြပြီး ရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါသည်ခင်ဗျား။**

# အရပ်ရပ်ဆိုင်ရာ အစည်းအဝေး သီပေါမြို့နယ်၌ ကျင်းပ

**သီပေါ မတ် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစိုးရဝန်ထမ်း ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၀-၂၀၁၁မှ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက မြို့လယ်မဟာရုံ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သဘာပတိအစိုးရဝန်ထမ်း ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌက အသင်း၏ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်စန်းစန်းတင့်က သမဝါယမအသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်၍ သဘာပတိက အတည်ပြုကြောင်း ကြေညာပြီး ဒါရိုက်တာအဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# နေရောင်ခြည်စွမ်းအင်ဖြင့် အိမ်ခြေ ၃၀၀ ကျော် လျှပ်စစ်မီးရရှိ

**မအူပင် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေရောင်ခြည်စွမ်းအင် (ဆိုလာ )ဖြင့် ဝါးတောကျေးရွာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ Mandalay Zone Co,Ltd., တို့က တာဝန်ယူဆောင်ရွက်ခဲ့သည့် အိမ်ခြေပေါင်း ၃၁၀ တွင် တစ်အိမ်လျှင် (3w) သုံးလုံးတပ်ဆင်ပေးပြီး သုံးစွဲချိန် တစ်နေ့လျှင် လျှပ်စစ်မီး ၆ နာရီ သုံးစွဲ နိုင်ခြင်း၊ လမ်းမီးတိုင် (5w) ၃၁ တိုင်တွင် သုံးစွဲချိန် ၈ နာရီ သုံးစွဲနိုင်ပြီး သုံးစွဲသည့်ဘက်ထရီကို အားပြန်လည်ဖြည့်ဆည်းနိုင်ရန် အားသွင်းချာဂျင် ၁၅ ခုကိုပါ ထားရှိပေးသည့်အတွက် ကျေးလက်နေပြည်သူများ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ ဖုန်း အားသွင်းခြင်း၊ ကျောင်းသားကျောင်းသူများ စာဖတ်ချိန်တွင် မီးအလင်းရောင်ဖြင့် ပညာရေးကို အချိန်တိုးပြီး လေ့လာကျက်မှတ်ဆောင်ရွက်နိုင်သည့်အတွက် ကျေးရွာပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိသည်။ ဝါးတောကျေးရွာတွင် အိမ်ခြေပေါင်း ၃၈၄ အိမ်ရှိပြီး ယခုမီးရရှိသည့် အိမ်ခြေပေါင်း ၃၁၀ ရှိသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်ဖြင့် ကျေးလက်မီးလင်းရေးအတွက် ငွေ ကျပ်သိန်း ၅၀၀ ကျော် ကုန်ကျခဲ့ကြောင်းနှင့် ကျေးလက်မီးလင်းရေး အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်းနှင့် Mandalay Zone Co,Ltd., မှ မန်နေးဂျင်းဒါရိုက်တာ ဦးအာကာအောင်ဆန်းနှင့် ကျေးလက်နေပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



နိုင်ငံတကာသတင်း



## စစ်ဖြစ်ပြီး ၁၂ နှစ်အကြာ အီရတ်ယဉ်ကျေးမှုပြတိုက်ပြန်ဖွင့်

**ဘဂ္ဂဒက် မတ် ၁**

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ၁၂ နှစ်အကြာ ဘဂ္ဂဒက်ရှိ အီရတ်အမျိုးသား ပြတိုက်ကို တရားဝင်ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

စစ်ပွဲကာလအတွင်း လုယက်ဖျက်ဆီးခံရသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို ယခုအခါ ပြန်လည်ပြသနိုင်ပြီဟု ဆိုသည်။

အိုင်အက်စ်တို့က မိုဆူးလ်မြို့ကို ဖျက်ဆီးနေချိန် ဘဂ္ဂဒက်၌ တာဝန်ရှိသူများက အမျိုးသားယဉ်ကျေးမှုပြတိုက်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်တို့အား တုံ့ပြန်တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း အီရတ်ဝန်ကြီးချုပ် အယ်လ်အဘာဒီက ပြောသည်။

အကြမ်းဖက်သမားများသည် အီရတ်၏ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကိုဖျက်ဆီးရန် ကြိုးစားနေကြသည်ဟု ဆိုသည်။ အီရတ်ယဉ်ကျေးမှုအမွေအနှစ်များကို မည်သို့မည်ပုံကာကွယ်ရန်နှင့် ပတ်သက်၍ ဆွေးနွေးပွဲကိုပြုလုပ်ရန် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအဖွဲ့ ယူနက်စကိုက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တိုက်တွန်းဆော်ဩထားသည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် ဖယ်ရှားခံရစဉ် ရှေးဟောင်းပြတိုက်မှ ယဉ်ကျေးမှုပစ္စည်း ၁၅၀၀၀ အခိုးခံရပြီး ယင်းတို့အနက် သုံးပုံတစ်ပုံနီးပါး ပြန်လည်ရရှိခဲ့သည်ဟု ဆိုသည်။

**(ဘီဘီစီ)**

## အပစ်ရပ်စဲရေး သဘောတူညီထားသော်လည်း ယူကရိန်းအရှေ့ပိုင်း၌ ပဋိပက္ခထပ်မံဖြစ်ပွား

**ကိယက်ဗ် မတ် ၁**

မကြာသေးမီကပင် နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုပြုလုပ်ထားသော်လည်း ယူကရိန်းအရှေ့ပိုင်းရှိ ရုရှားထောက်ခံသော အင်အားစုများနှင့် ယူကရိန်းတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဒိုနက်စ် လေဆိပ်အနီးရှိ ပက်စကီကျေးရွာ၌ ဖြစ်ပွားသည့် ပုံးကြဲတိုက်ခိုက်မှုတွင် သတင်းစာဆရာ ဆာဂျီနီကိုလာယက်ဗ် အသက်ဆုံးရှုံးခဲ့ရပြီး အဆိုပါဖြစ်ရပ်သည် ဖေဖော်ဝါရီလ အစောပိုင်းက ဘီလာရုစ်၌ အပစ်ရပ်သဘောတူစာချုပ်ကို အတည်မပြုရသေးမီ ကြီးမားသည့် ပဋိပက္ခတစ်ရပ်ပင်ဖြစ်သည်ဟု ယူကရိန်းပိုင် Segodnya သတင်းစာ၌ ဖော်ပြသည်။ ထပ်မံဖြစ်ပွားခဲ့သည့် ပဋိပက္ခ၌ ယူကရိန်း အမျိုးသားရေးလှုပ်ရှားမှုအဖွဲ့အစည်းက ၎င်းတို့အဖွဲ့ဝင်တစ်ဦး ကျဆုံးသွားကြောင်း ပြောခဲ့သည်။

ပဋိပက္ခဖြစ်ပွားရာ ဒေသမှ လက်နက်ကြီးများကို ရုပ်သိမ်းနေသည်ဟု နှစ်ဖက်အုပ်စုက အခိုင်အမာ ပြောဆိုနေသည့်ကြားမှ တိုက်ခိုက်မှုများ ဖြစ်ပွားလာခြင်းဖြစ်သည်။

**(ပရက်စ်တီဗွီ)**



## အီရတ်ရဲတပ်ဖွဲ့ဝင် ၃၂ ဦးနှင့် ၎င်းတို့ကိုကူညီသူများအား အိုင်အက်(စ်)တို့သတ်ဖြတ်ခဲ့သည်ဟုဆို

**ဘဂ္ဂဒက် မတ် ၁**

အိုင်အက်(စ်)တက်ဖရီအကြမ်းဖက်အုပ်စုသည် အီရတ် ရဲတပ်ဖွဲ့ဝင် ၃၂ ဦးနှင့် ၎င်းတို့၏မဟာမိတ်တပ်ဖွဲ့ဝင်များကို အာရပ်နိုင်ငံအနောက်ပိုင်းတွင် သတ်ဖြတ်ခဲ့ကြောင်း၊ အသတ်ခံရသူများမှာ လွန်ခဲ့သောသီတင်းပတ်က အန်ဘာပြည်နယ်အနောက်ပိုင်း ဘဂ္ဂဒါဒီမြို့အနီးတွင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီး သတ်ဖြတ်ခံခဲ့ရသည်ဟု အမည်မဖော်လိုသူတစ်ဦးက အတည်ပြုပြောကြားထားကြောင်း မီဒီယာများက ပြောသည်။ အဆိုပါ ၃၂ ဦးမှာ Ain al-Asad လေတပ်စခန်းအနီးရှိ ရွာတစ်ရွာတွင် အသတ်ခံခဲ့ရသည်။

အလောင်းများကို ထိုနေရာ၌ပင်ချန်ထားခဲ့ပြီး ၎င်းတို့၏မိသားစုဝင်များအနေဖြင့် အလောင်းများကိုမြှုပ်နှံခြင်းမပြုရဟု အိုင်အက်(စ်)တပ်ဖွဲ့ဝင်များက ပိတ်ပင်တားဆီးထားသည်။ စနေနေ့က အကြမ်းဖက်သမားများသည် မြို့အနောက်ပိုင်းကို လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့ပြီး အရပ်သားငါးဦး သေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

အိုင်အက်(စ်)အဖွဲ့သည် ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများစတင်ပြုလုပ်ခဲ့ပြီး လက်နက်ကြီးများကိုင်ဆောင်ကာ ဆွန်နီအာရပ်တိုင်းပြည်အီရတ်၏ အဓိကနယ်မြေများကို မသိမ်းပိုက်နိုင်မီ မြို့တော်မိုဆူးလ်ကို သိမ်းပိုက်ခဲ့သည်။ အီရတ်စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကာ့ဒ်တပ်ဖွဲ့ဝင်များ၊ ရှီးယိုက်စေတနာ့ဝန်ထမ်းများ၊ ဆွန်နီမျိုးနွယ်စုများသည် အီရတ်ရှိ ဒေသအချို့မှ အိုင်အက်(စ်)တို့ကို တိုက်ထုတ်ရန် စီစဉ်လျက်ရှိသည်။ အိုင်အက်(စ်)စစ်သွေးကြွများသည် အီရတ်နှင့်ဆီးရီးယားရှိ နယ်မြေအချို့ကို သိမ်းပိုက်ထားသည်။

**(ပရက်စ်တီဗွီ)**

## ပေါ့ပ်အဆိုတော် မူးယစ်ဆေးသုံးစွဲမှုဖြင့် ထောင်ဒဏ်ခုနစ်လကျ

**ပေကျင်း မတ် ၁**

နာမည်ကြီးပေါ့ပ်အဆိုတော် ယင်စီအန်ဂျီအား မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ပေကျင်းတရားရုံးက ထောင်ဒဏ်ခုနစ်လနှင့်အတူ ဒဏ်ငွေယွမ် ၂၀၀၀(၃၃၃ ဒေါ်လာ) ပေးဆောင်ရန် စနေနေ့က အမိန့်ချမှတ်လိုက်သည်။

တရားရုံးမှ ထုတ်ပြန်ချက်အရ ရဲများသည် ဒီဇင်ဘာနှောင်းပိုင်းက ပေကျင်းမြို့ရှိ ၎င်း၏နေအိမ်တွင် ပုံဆောင်ခဲအရွယ် မူးယစ်ဆေး ၁၃ ဒသမ ၉၃ ဂရမ်နှင့် ဆေးခြောက် ၁ ဒသမ ၀၂ ဂရမ် ဖမ်းဆီးရရှိ ခဲ့သည်။

ချာအိုရန်းပြည်သူ့တရားရုံး၌ ယင်စီက ၎င်း၏ပြစ်မှုကိုဝန်ခံခဲ့ပြီး အလွန်နောင်တရကြောင်း ပြောဆိုခဲ့သည်။ စိတ်ဓာတ်ကျပြီး ညအိပ်မပျော်သည့်အတွက် မူးယစ်ဆေးများသုံးစွဲမိကြောင်း ဝန်ခံခဲ့သည်။

ပေကျင်းဇာတိဖွား ယင်သည် ၁၉၉၃ ခုနှစ်တွင် "Boat Tracker's Love" သီချင်းကို လူငယ်အဆိုတော် ယုဝမ်ဟွနှင့်အတူ တွဲဖက်သီဆိုကာ အောင်မြင်လာခဲ့သည်။

**(ဆင်ဟွာ)**

## တရုတ်အရှေ့ပိုင်းတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါသစ်ဖြစ်ပွားမှုတွေ့ရှိ

**ဟီဖေး မတ် ၁**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်း လေးကြိမ်မြောက် $H_7N_9$ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဆိုင်ရာအာဏာပိုင်များက စနေနေ့က အတည်ပြုပြောကြားသည်။

လူနာလေးဦးစလုံးသည် ခြံမွေးတိရစ္ဆာန်များကိုကိုင်တွယ်ခဲ့ရာမှ ရောဂါကူးစက်ခံရခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များကဆိုသည်။

$H_7N_9$ တုပ်ကွေးရောဂါသည် ၂၀၁၃ ခုနှစ် မတ်လက လူများတွင် စတင်ကူးစက်ရာမှ ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါအမျိုးအစားဖြစ်ပြီး ဆောင်းရာသီနှင့် နွေဦးကာလတို့တွင် အများဆုံးဖြစ်ပွားသည်။ **(ဆင်ဟွာ)**

## ဆီရာလီယွန်း ဒုတိယသမ္မတ အီဘိုလာရောဂါမကူးစက်ရေး သီးသန့်ခွဲနေ

**ဆီရာလီယွန် မတ် ၁**

ဆီရာလီယွန်း ဒုတိယသမ္မတသည် ၎င်း၏သက်တော်စောင့်တစ်ဦး အီဘိုလာဖြင့် သေဆုံးခဲ့ပြီးနောက် ၎င်းကိုယ်တိုင် ရောဂါမပြန့်ပွားရန် သီးသန့်ခွဲနေလျက်ရှိသည်။

ဒုတိယသမ္မတ ဆမ်မြူရယ်ဆမ်ဆူမာနားက ၂၁ ရက်တာအတွင်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ၎င်းနှင့်လာရောက်ထိတွေ့ဆက်ဆံခြင်းမပြုဘဲ နေထိုင်မည်ဟု ပြောကြားလိုက်သည်။ ဆီရာလီယွန်းတွင် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအတွင်း အီဘိုလာဖြစ်ပွားမှု ကျဆင်းသွားသည့်အနေအထားတွေ့ရသော်လည်း မကြာသေးမီက ဖြစ်ပွားမှုတိုးလာသည့် အနေအထားတွေ့ရသည်ဟု ဆိုသည်။

အီဘိုလာဖြစ်ပွားမှုကြောင့် လူပေါင်း ၁၀၀၀၀ နီးပါးသေဆုံးသွားပြီဖြစ်ပြီး အများစုမှာ ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်းနိုင်ငံသားများဖြစ်သည်။ ဒုတိယသမ္မတ၏ သက်တော်စောင့် ဂျွန်ကိုရိုမာသည် လွန်ခဲ့သည့်သီတင်းပတ်က အီဘိုလာဖြင့်သေဆုံးခဲ့ပြီးနောက် မစ္စတာဆမ်ဆူမာနားက ၎င်းကိုလည်း ၂၁ ရက်ကြာ သီးသန့်ခွဲထားရှိရန် ကျန်းမာရေးတာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ဒုတိယသမ္မတက ကျန်းမာရေးအခြေအနေကောင်းနေကြောင်း၊ ရောဂါလက္ခဏာမတွေ့ရကြောင်း၊ သို့သော်လည်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် သီးသန့်ခွဲနေပါကြောင်း ရိုက်တာသတင်းအေဂျင်စီသို့ပြောသည်။ ထို့အတူ ၎င်း၏ဝန်ထမ်းအဖွဲ့အစည်းကိုလည်း ရောဂါရှိ မရှိစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

**(ဘီဘီစီ)**



# မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက် ထုတ်ပြန်ကြေညာ

**ကိုးကန့်ဒေသတွင်ရှိသော လောက်ကိုင်၊ တာရှေထန်၊ ကုန်းကြမ်းစသည့်ဒေသများကို ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်လက်နက်ကိုင်တိမ်းရှောင်အင်အားစုများက ဝင်ရောက်လာပြီး နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသော လက်ရှိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့အား အာဏာသိမ်းပိုက်ဖြုတ်ချရန် တိုက်ခိုက်ကြိုးစားလာခြင်းနှင့်စပ်လျဉ်း၍ ကျွန်တော်များ မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုတို့၏ သဘောထားခံယူချက်အား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-**

၁။ ကျွန်တော်များ ကိုးကန့်တိုင်းရင်းသားများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)လောက်ကိုင်၊ ကုန်းကြမ်းစသည့်ဒေသများတွင် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးနှစ်ပေါင်းများစွာကတည်းက ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်အစိုးရအဖွဲ့သစ်ပြန်လည်ဖွဲ့စည်းပေါ်ပေါက်ခဲ့ချိန်တွင် ကိုးကန့်ဒေသကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခွင့်ပြုချက်ရရှိခဲ့၍ ဒေသအုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်ကာလများတွင် အေးချမ်းတည်ငြိမ်ပြီး ဒေသဆိုင်ရာလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ မြေပြန့်ဒေသများမှ မြန်မာတိုင်းရင်းသားညီအစ်ကိုများ ထောင်ပေါင်းများစွာ ဤဒေသသို့လာရောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို အေးချမ်းစွာ လုပ်ကိုင်လျက်ရှိကြပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင် တိမ်းရှောင်အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်လာခြင်းကြောင့် ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ ထောင်သောင်းချီသောလက်လုပ်လက်စား လုပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေ၍ ဒုက္ခပင်လယ်ဝေခဲ့ရပြီး တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေခဲ့ပါသည်။ ဒေသခံပြည်သူများနှင့် အလုပ်သမားများစွာတို့သည် နေရာအနှံ့အပြားသို့ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးနစ်နာရခြင်းစသည့်ဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရခြင်းမှာလုံးဝမဖြစ်သင့်သည့်ဖြစ်ရပ်မျိုးဖြစ်ကြောင်း ကျွန်တော်များ ကိုးကန့်တိုင်းရင်းသားမိသားစုများမှ သဘောထားမှတ်ယူရရှိပါသည်။

၃။ အချင်းဖြစ်ပွားသည့် လက်ရှိအချိန်ကာလမှာ ကိုးကန့်ဒေသ၏ လက်ဖက်ခူးချိန်နှင့် ကြံစိုက်ခင်းများ ရိတ်သိမ်းချိန်ကျရောက်လျက်ရှိရာ တိုက်ခိုက်မှုပြဿနာဖြစ်ရပ်များကြောင့် တိုင်းရင်းသားများအတွက် နစ်နာမှုများစွာ ကြုံတွေ့ရပါသည်။ မြေပြန့်သို့ ရောက်ရှိနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများသည် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာလျှင်မည်သူ့ကိုမျှ မလိုလားပါကြောင်း၊ နောင်တွင်ယခုကဲ့သို့ ဖြစ်ရပ်မျိုးကို ထပ်မံ၍ မပေါ်ပေါက်စေရန်နှင့် ထာဝရတည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိစေရန် နိုင်ငံတော်အစိုးရမှ အကောင်းဆုံးသောနယ်မြေဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ရန် ကိုးကန့်တိုင်းရင်းသားမိသားစုများအားလုံးက သဘောထားဆန္ဒပြုထုတ်ပြန်ကြေညာအပ်ပါသည်။

၄။ ယခုလို ကိုးကန့်ဒေသတရားဥပဒေစိုးမိုးရေး ပျက်ပြားနေသည့်အချိန်ရက်ပေါင်း (၉၀)အတွင်း စစ်အုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခြင်းကို ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားမိသားစုများမှ ကြိုဆိုထောက်ခံပါသည်။ ယခုနိုင်ငံတော်အစိုးရအဖွဲ့နှင့် တပ်မတော်မှဦးစီးပြီး ဤဒေသကိုပြန်လည်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အဖွဲ့အသီးသီးမှ စတင်ပြုလုပ်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားမိသားစုအားလုံးမှ စိတ်ရင်းစေတနာအပြည့်အဝထားပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ထို့အတူ အခြားသောမြန်မာတိုင်းရင်းသား ညီအစ်ကိုများကလည်း ပါဝင်ကူညီစောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

**ကိုးကန့်တိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုအသင်း**
**မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့**

# လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

■ *ကျော်ဖုံးမှ*

အရေးကြီးသော ပွိုင့်-၁၃၁၉ တောင်ကုန်းတွင် ပစ်ကျင်းများဖြင့် အခိုင်အမာ အခြေပြုခံစစ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူအင်အားစုများအား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းမှ စတင်၍ လက်နက်ကြီးပစ်ကူများရယူကာ ဟန်ချက်ညီ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တပ်မတော် စစ်ကြောင်းများက အဆိုပါ တောင်ကုန်းအား ညနေပိုင်းတွင် သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများ ဆုတ်ခွာသွားရာ နောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိသည်။ အဆိုပါ တိုက်ပွဲတွင် တပ်မတော်စစ်ကြောင်းအချို့သည် ရန်သူမမျှော်လင့်သော မြင့်မားမတ်စောက်သည့် တောင်နံရံများမှ ရဲဝံ့စွန့်စားစွာ ချဉ်းကပ်တက်ရောက်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများမှာ ၎င်းတို့မမျှော်လင့်သောအခြေအနေနှင့် ရင်ဆိုင်ခဲ့ရပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း လောက်ကိုင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ နံနက် ၁၀ နာရီခန့်တွင် သတင်းအရ နားပန်ကျေးရွာရှိ အဆောက်အအုံတစ်လုံးအတွင်း ဝင်ရောက်ရှင်းလင်းစဉ် အမ်-၂၂ ကျည်အတောင့် ၆၀၊ ဘယ်ရီကပ်ဦးထုပ်နှစ်လုံး၊ ခါတ်ပုံအယ်လ်ဘမ်တစ်ခုနှင့် မော်တော်ယာဉ်နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

၎င်းအပြင် နံနက် ၁၁ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် လောက်ကိုင်မြို့၏ အနောက်တောင်ဘက်တစ်ဝိုက်၌ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်းတစ်လောင်း၊ အမ်- ၂၃ စက်လတ်တစ်လက်၊ ပစ္စတိုတစ်လက်၊ ပွိုင့် ၂၂ ရိုင်ဖယ်တစ်လက်၊ တိုက်မိုင်းနှစ်လုံး၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယမ်းကြိုးများ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကျူတိုရှန်၌ ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သတင်းအရ နယ်မြေရှင်းလင်းဆောင်ရွက်စဉ်အရပ်ဝတ်ဖြင့် မသင်္ကာဖွယ်ရာ လူလေးဦးအား ရပ်တန့်စစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ရှင်းလင်းစဉ် တစ်ဦးသေဆုံးခဲ့ပြီး သုံးဦးအရှင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူသုံးဦးအား စစ်ကြောမေးမြန်းချက်အရ ၎င်းပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းရာ အနီးတစ်ဝိုက်ရှိ အဆောက်အအုံအတွင်းမှ လျှပ်စစ်ဒီတိုနေတာ ၁၀၀၀ ပါသေတ္တာနှစ်လုံး၊ ကျည်ကာအင်္ကျီအနက်ရောင် ရှစ်ထည်၊ ကျည်ကာပြား အနက်ရောင်အပြား ၃၀၊ MNDAA လက်မောင်းတံဆိပ်ပါ ယူနီဖောင်းအထည် ၅၀၊ MNDAA အမှတ်တံဆိပ်ပါ လျှာထိုးဦးထုပ်နှစ်လုံး၊ ချပ်ဝတ်တန်ဆာနှင့်ဆက်စပ်ပစ္စည်းများပါဝင်သော အထုပ်ကြီးငါးထုပ်၊ စစ်စိမ်းရောင်ကျောပိုးအိတ် ၃၀ ပါ နှစ်ထုပ်၊ ပြောက်ကျားအိပ်ရာလိပ်များပါဝင်သည့် အထုပ်ကြီးငါးထုပ်တို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ည ၈ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းများက စင်ကျိုင်းရွာတစ်ဝိုက် လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်ရာ ၁၅ ဦးခန့်အား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းတို့အတွင်းမှ လက်နက်ငယ်ကိုင်ဆောင်ထားသူနှစ်ဦးက စတင်ပစ်ခတ်တိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်နေရာအားရှင်းလင်းရာ အလောင်းတစ်လောင်း၊ ဒဏ်ရာ






ရရှိသူနှစ်ဦးအပါအဝင် ၁၂ ဦးနှင့် MNDAA ဘတ်တံဆိပ်ပါ ယူနီဖောင်းသုံးစုံ၊ ဘတ်တံဆိပ်မပါ ယူနီဖောင်း ၁၂ စုံ၊ လျှာထိုးဦးထုပ်လေးလုံး၊ ပိကတ်ဦးထုပ်တစ်လုံး၊ ကျည်ကာဦးထုပ်သုံးလုံး၊ အိုင်ကွန်အမျိုးအစားဆက်သွယ်ရေးအထိုင်စက်တစ်လုံး၊ မော်တာရိုလာအမျိုးအစား ဆက်သွယ်ရေးစက်တစ်လုံး၊ ချပ်ဝတ်တန်ဆာတစ်စုံနှင့် ဘိန်းဖြူနှစ်ထုပ် ၄ ဂရမ်ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်းသုံးလောင်း၊ ကျည်မျိုးစုံ ၃၃၁ တောင့်၊ ရှော့ကတ်ပို့ကျည်နှစ်တောင့်၊ တိုက်မိုင်းနှစ်လုံး၊ လျှပ်စစ် ဒီတိုနေတာ ၂၀၀၀ ယာဉ်နှစ်စီး၊ ဘိန်းဖြူနှစ်ထုပ်နှင့် ယူနီဖောင်း ၆၅ စုံအပါအဝင် စစ်ဝတ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ၁၅ ဦး အရှင်ဖမ်းဆီးရမိခဲ့ကြောင်း၊ တပ်မတော်မှ အရာရှိ/စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ စစ်သည်ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဥပဒေရေးရာ

***National Network for Education Reform (NNER)***နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုချက်

ဦးဝင်းမြင့်မောင်

**နိဒါန်း**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူများ သိရှိအကြံပြုနိုင်ရန် ၁၈-၂-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀၊ ၁၁နှင့် ၁၂ တွင် ဖော်ပြပါရှိပါသည်။ ဤဥပဒေကြမ်းအား လေ့လာပြီး အကြံပြုသင့်သည်ဟု ယူဆပါသဖြင့် ပြည်သူတစ်ဦး၏ လေ့လာအကြံပြုချက်ကို ရေးသားပေးပို့ပါသည်။

**ပဏာမအကြံပြုချက်**

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်သည့် တောင်းဆိုချက် ၁၁ ချက်တွင် ပညာရေးမူဝါဒများနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် NNER မှ ကိုယ်စားလှယ်များပါဝင်ရန် မပါရှိပါဘဲလျက် NNER မှ ပုဂ္ဂိုလ်၂ ဦးတည်းက အဓိကရေးဆွဲထားခြင်း၊ ဦးအောင်မိုင်းဆန်းသည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထု၏ ၅၀ ရာခိုင်နှုန်းကျော်သော မဲဆန္ဒဖြင့် ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ် မဟုတ်ခြင်းတို့ကြောင့် ရေးဆွဲခွင့်မရှိသူများက ရေးဆွဲထားသော ဥပဒေကြမ်းဖြစ်ပါသည်။

**လေ့လာအကြံပြုချက် (၁)**

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (နောင်တွင် ဥပဒေကြမ်းဟု ရည်ညွှန်းပါမည်။) ပုဒ်မ ၂ ဖြင့် အမျိုးသားပညာရေးဥပဒေ (နောင်တွင်ဥပဒေဟု ရည်ညွှန်းပါမည်။) ပုဒ်မ ၂ (ဂ)ကို ပယ်ဖျက်သော်လည်း ဥပဒေကြမ်းပုဒ်မ ၅၇ကဥပဒေပုဒ်မ ၅၄ (ဂ)ကို မပယ်ဖျက်ခြင်းကြောင့် ရှေ့နောက်ညီညွတ်မှုမရှိသော ဥပဒေကြမ်းဖြစ်သည်။

**လေ့လာအကြံပြုချက် (၂)**

ဥပဒေကြမ်းပုဒ်မ ၆ တွင် 'သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်း'ဟု ဆိုထားသည့်အတွက် ကံဝိဘတ် 'ကို' နှင့် အသုံးခံပြဝိဘတ် 'ဖြင့်' လွဲမှားသုံးစွဲထားပါသည်။ ဥပဒေကြမ်းရေးဆွဲသူ 'ဒေါက်တာ'နှစ်ဦး၏ ရုံးသုံးစာဖြစ်သော မြန်မာစာညံ့ဖျင်းမှုကို ဖော်ပြနေပါသည်။

အထူးပညာရေးအစီအစဉ်ကို ဥပဒေက ကျောင်းဟုအဓိပ္ပာယ်ဖွင့်ဆိုပြီး ဥပဒေကြမ်းက သင်ကြားနည်းဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ပေါင်းစည်းသင် integration မပါလျှင် inclusion မဖြစ်နိုင်ပါ။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ နိမ့်ကျနေသောပညာရေးအားမြှင့်တင်ရာတွင် မဖြစ်မနေမွေးထုတ်ပေးရမည့် ထူးချွန်သူများပေါ်ထွန်းလာရေးကို မလိုလားသော ဒေါက်တာနှစ်ဦး၏စေတနာဆိုးကို ဥပဒေကြမ်းပုဒ်မ ၅၁ နှင့် ၅၂ က မီးမောင်းထိုးပြနေပြီဖြစ်ပါသည်။ ထူးချွန်သူများသည် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ခြင်းဖြင့် အကောင်းဆုံးနိုင်ငံရေးကို လုပ်နေကြသူများဖြစ်ရာ နောက်ကွယ်ကကြိုးကိုင်၍ လမ်းပေါ်သို့ မောင်းထုတ်မရပါ။ ဒေါက်တာနှစ်ဦးအတွက် အသုံးမဝင်ပါ။**

**လေ့လာအကြံပြုချက် (၃)**

ဥပဒေကြမ်းပုဒ်မ ၉ က ဥပဒေပုဒ်မ ၂ (သ)ကိုလည်းကောင်း၊ ဥပဒေကြမ်းပုဒ်မ ၁၀ က ဥပဒေပုဒ်မ ၂ (ဟ)ကိုလည်းကောင်း အစားထိုးလိုက်သဖြင့် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မရှိတော့ပါ။ ပညာရေးတွင် လူထုပါဝင်မှု Community participation ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

ကျောင်းအုပ်ချုပ်ရေးဆိုသည်မှာ ပညာရပ်နယ်ပယ်တစ်ခုဖြစ်၍ အခြားပညာရပ်နည်ပယ်မှ ပါရဂူဘွဲ့ရများပင် တတ်ကျွမ်းသောအရာမဟုတ်သဖြင့် မိဘအုပ်ထိန်းသူများ၊ ရပ်ရွာမှ လေးစားယုံကြည်သူများတတ်ကျွမ်းမည် မဟုတ်ပါ။

တက္ကသိုလ်ကျောင်းသားဆိုသည်မှာ ပညာရှင်မဟုတ်ဘဲ သင်ယူဆဲသူမျှသာဖြစ်သဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ပါဝင်နိုင်သည့် အရည်အချင်းမရှိသေးပါ။

**လေ့လာအကြံပြုချက်(၄)**

ဥပဒေကြမ်းပုဒ်မ ၁၁ ပါလူတိုင်းအကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ 'ကွဲပြားခြားနားမှုကို အခြေမခံစေဘဲ'ဆိုသည့် အဓိပ္ပာယ်ပါရှိပြီးဖြစ်သဖြင့် ဥပဒေကြမ်းပုဒ်မ ၁၂ ဖြင့် ဖြည့်စွက်ချက်သည် မလိုအပ်ပါ။

**လေ့လာအကြံပြုချက် (၅)**

ဥပဒေကြမ်းပုဒ်မ ၁၃ ပါ 'လွတ်လပ်'ဆိုသော စကားရပ်သည် အဓိပ္ပာယ်ကို လိုရာဆွဲယူနိုင်သည်။

**လေ့လာအကြံပြုချက်(၆)**

ဥပဒေကြမ်းပုဒ်မ ၁၇တွင် 'တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့်ဆုံးဖြတ်ခြင်းမဟုတ်ဘဲ'ဟု ရေးသားထားသဖြင့် တရားမျှတမှုရှိသော မူတစ်ခုဆုံးရှုံးရမည့်အပြင် အခြေခံပညာအဆင့်၌ ကျောင်းသားများကြိုးစားအားထုတ်ရန် မလိုတော့သဖြင့်အခြေခံ ပညာရေးအရည်အသွေး ကျဆင်းသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ် တစ်ခုတည်းဖြင့် မဆုံးဖြတ်သည့်တိုင်အောင် တစ်နည်းနည်းဖြင့် အခြေခံပညာအထက်တန်းကျောင်းသားများ၏ ကြိုးစားအားထုတ်မှုနှင့် ထူးချွန်ထက်မြက်မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ (မည်သည့်တက္ကသိုလ်သို့ ဝင်ရောက်လိုလျှင် ဘာသာစုံရမှတ်ပေါင်း မည်မျှရရမည်၊ မည်သည့်ဘာသာရပ်များတွင် ရမှတ် မည်မျှစီရရမည်ဆိုသည့် အခြေခံသတ်မှတ်ချက် 'ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကိုတက္ကသိုလ်က ဖြည့်ဆည်းပေးသည့် စနစ်ထားရှိရေး'ဆိုသည်မှာ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်ကို လေ့လာသင်ယူထားခြင်းမရှိသူများကို တက္ကသိုလ်ဝင်ခွင့်ပေးပြီး မလုံလောက်သည့် အခြေခံပညာအားတက္ကသိုလ်ကျမှ ပြန်သင်ပေးရမည်ဟု ဆိုလိုရာရောက်သည်။

**လေ့လာအကြံပြုချက်(၇)**

ဥပဒေကြမ်းပုဒ်မ ၁၉တွင် 'အခမဲ့မသင်မနေရအလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး'ဟု ရေးသားထားရာ 'အခမဲ့'မှာ အစိုးရ၏ တာဝန်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးကိုရရှိပြီးဖြစ်သည်။ 'မသင်မနေရ' မှာ မိဘအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်။ ရပိုင်ခွင့်ရှိသည်။ ထို့အတူတာဝန်ယူရမည်။

**လေ့လာအကြံပြုချက် (၈)**

ဥပဒေကြမ်းပုဒ်မ ၂၁ က ဥပဒေပုဒ်မ ၄(ဍ) ပါ 'ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေး'ကိုပယ်ဖျက်ထားသည်။

**လေ့လာအကြံပြုချက် (၉)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ (က)ထပ်ဆင့်ပုဒ်မခွဲ (ဂဂ) ရေးသားချက်အရ-

(က) တက္ကသိုလ်ဝင်ခွင့်ဆိုသည်မရှိတော့။ တံခါးမရှိဓားမရှိ တက်ရောက်ခွင့်ရမည်။

(ခ) ဥပဒေပုဒ်မ ၄(ဋ) (ဥပဒေကြမ်းက ပုဒ်မ ၄ (ဏ)ဟုပြင်)တွင် ပြဋ္ဌာန်းထားသည့် 'ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး'ဆိုသော အချက်ပျက်ပြားသွားမည်။

(ဂ) အခြေခံပညာကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်အတွက် ကြိုးစားအားထုတ်ရန် မလိုအပ်တော့သဖြင့် အခြေခံ ပညာရေးအရည်အသွေး ကျဆင်းသွားပြီး အဆင့်မြင့်ပညာကို ဆက်လက်သင်ယူနိုင်ရန်အတွက် ခိုင်မြဲသောပညာရေးအခြေခံကို အခြေခံပညာက တည်ဆောက်မပေးနိုင်သဖြင့် ကျရှုံးသူများပြားပြီး ကျောင်းသားသမဂ္ဂများ၏ အကျပ်ကိုင်တောင်းဆို ဆူပူမှုများဖြစ်ပွားမည်။

(ဃ) အခြေခံပညာအထက်တန်းစာမေးပွဲအောင်ရုံဖြင့် လူကြိုက်များတက္ကသိုလ်နှင့် ဘာသာရပ်များသို့ ဝင်ရောက်ခွင့်ရသဖြင့် ညံ့ဖျင်းသူနှင့် ထူးချွန်သူတန်းတူအခွင့်အရေးရရှိပြီး ထူးချွန်သူရှားပါးကွယ်ပျောက်၊ ညံ့ဖျင်းသူတိုးပွားများပြား၊ ဗုံးပေါလအောပညာရေး (not quality but quantity education ) ဖြစ်သွားမည်။

(င) လူကြိုက်များတက္ကသိုလ်နှင့် ဘာသာရပ်များတွင် လက်ခံသင်ကြားပေးနိုင်သည့် ဝင်ဆံ့ဦးရေထက်အဆများစွာ ငါးပိငါးချဉ်သိပ် လက်ခံသင်ကြားပေးရသဖြင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကျပ်တည်းဆိုးရွားမည်။ ( သာဓကအားဖြင့် လက်ရှိ ၁၂၀၀ သာ capacity ရှိသော ဆေးတက္ကသိုလ် (၄)ခုသို့ အမှတ်ပေါင်း ၂၄၀ သမားများ သိန်းချီ၍ ဝင်ရောက်လာမည်။ ဆေးတက္ကသိုလ်များသည် ဆရာဝန်များမွေးထုတ်ပေးရာဌာနများ မဟုတ်တော့ဘဲ 'အလောင်းစည်သူ'များ မွေးထုတ်ပေးရာဌာနများ ဖြစ်သွားမည်။)

(စ) ထို့ပြင် ၎င်းထပ်ဆင့်ပုဒ်မခွဲ (ဂဂ) သည် မလိမ့်တပတ် ရေးသားခဲ့ရသည့် ဥပဒေကြမ်းပုဒ်မ ၁၇ ကို လွှမ်းမိုးနိုင်ရန် အားထုတ်ထားခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက် (၁၀)**

ဥပဒေကြမ်းပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)၊ ထပ်ဆင့်ပုဒ်မခွဲ(ကက)တွင် 'ကျောင်းသားသမဂ္ဂများကို ကျောင်းသူ ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရရှိမည်။'ဟု ရေးဆွဲထားသည်။ ဤထပ်ဆင့်ပုဒ်မခွဲကို 'ထို့အတူ ကျောင်းသားယူနီယံများကိုလည်း ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရမည်။ ကျောင်းသားသမဂ္ဂသို့ဖြစ်စေ၊ ကျောင်းသားယူနီယံသို့ဖြစ်စေ၊ ဝင်ရောက်ခြင်း မဝင်ရောက်ခြင်းသည် ကျောင်းသားတစ်ဦးချင်း၏ ဒီမိုကရေစီအခွင့်အရေးဖြစ်သည်။ ကျောင်းသားယူနီယံများသည် ကျောင်းသားသမဂ္ဂများနှင့် အခွင့်အရေးအရာတွင် တန်းတူညီမျှမှုရှိစေရမည်'ဟု ဆက်လက်ဖြည့်စွက်ရမည်။

**လေ့လာအကြံပြုချက် (၁၁)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(က) ထပ်ဆင့်ပုဒ်မခွဲ(စစ)အရ ဆရာ ဆရာမ များအပေါ် ကျောင်းသူ ကျောင်းသားများ၏ အကဲဖြတ်မှုဆိုရာတွင် မိမိကိုယ်မိမိ ပြုစုပျိုးထောင်နေသော ကျောင်းသူ ကျောင်းသားများ၏ အကဲဖြတ်မှုနှင့် တက္ကသိုလ်သို့ အပျော်လာနေသော ကျောင်းသူ ကျောင်းသားများ၏ အကဲဖြတ်မှုမှာ ကွဲပြားခြားနားနိုင်ပါသည်။ ထို့ပြင် တက္ကသိုလ်တွင် ပထမအမျိုးအစား ကျောင်းသူ ကျောင်းသားက အရေအတွက် နည်းပါးမည်ဖြစ်ပါသည်။ ဤထပ်ဆင့်ပုဒ်မခွဲသည် ဆရာသမဂ္ဂသို့ မဝင်ရောက်သော ဆရာတစ်ယောက်အပေါ် ကျောင်းသားသမဂ္ဂဝင် ကျောင်းသူ ကျောင်းသားများက နိုင်ငံရေးအရ အနိုင်ကျင့်ပိုင်ခွင့် အပ်နှင်းထားခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက် (၁၂)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)ထပ်ဆင့်ပုဒ်မခွဲ(ဃဃ)တွင် (ဆရာ ဆရာမများသည်) 'နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်။'ဟု ရေးဆွဲထားသည်။ ဤထပ်ဆင့်ပုဒ်မခွဲသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၆(က) ပါ 'နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။'ဆိုသည့် ပြဋ္ဌာန်းချက်နှင့် ငြိစွန်းနေသည်။ 'ဒေါက်တာ' နှစ်ဦးရေးဆွဲသော ဤထပ်ဆင့်ပုဒ်မခွဲကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၆၄ (၄၄၀+၂၂၄)ရှိသော ပြည်ထောင်စုလွှတ်တော်က လိုက်လျောရမည်ဆိုလျှင် ပထမဦးစွာ ပုဒ်မ ၂၆(က)ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြင်ဆင်ရပါမည်။ သို့မဟုတ်ပါက ဆရာ ဆရာမများအားလုံးကို နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပစ်ရပါမည်။

**လေ့လာအကြံပြုချက် (၁၃)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ထပ်ဆင့်ပုဒ်မခွဲ(ဇဇ)နှင့် (ဈဈ)သည် လူတိုင်း common sense ဖြင့် နားလည်ထားပြီးဖြစ်၍ ထည့်သွင်းရေးဆွဲရန် မလိုပါ။

**လေ့လာအကြံပြုချက်(၁၄)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)ထပ်ဆင့်ပုဒ်မခွဲ (ညည)တွင် 'ဆရာဖြစ်နိုင်ရေးအတွက် သန်စွမ်းမှု၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ ------ခွဲခြားခြင်းမရှိစေရ။' မျက်မမြင်၊ ဆွံ့အနားမကြားနှင့် ခြေလက်အင်္ဂါမစုံသူသည် ပုံမှန်ကျောင်းများတွင် လုပ်ငန်းသဘာဝအရ ဆရာမဖြစ်နိုင်ပါ။

**လေ့လာအကြံပြုချက်(၁၅)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)ထပ်ဆင့်ပုဒ်မခွဲ(ကက)တွင် 'အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည်'ဟု ကံပုဒ်တွင် ကတ္တားဝိဘတ် 'သည်'ကို သုံးထားသည်။ ဒေါက်တာနှစ်ယောက်၏ ရုံးသုံးဘာသာညံ့ဖျင်းမှုနောက်ထပ်သာဓက တစ်ခုဖြစ်သည်။ မြန်မာသဒ္ဒါတွင် ကံဝိဘတ် ကတ္တားဝိဘတ်မှားယွင်းမှုသည် အင်္ဂလိပ်သဒ္ဒါတွင် Active Voice နှင့် Passive Voice မှားယွင်းမှုကဲ့သို့ပင်ရှက်စရာ ကောင်းသည်။

ဖွဲ့စည်းပုံကို ဥပဒေတွင် အသေးစိတ်ဖော်ပြရန်မလိုပါ။ နည်းဥပဒေတွင်မှ အသေးစိတ်ဖော်ပြရမည်ဖြစ်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံသည် တစ်ဖက်စောင်းနင်းဖြစ်နေသည်။ ကျောင်းသား ကျောင်းသူသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသူအနည်းဆုံး ငါးဦး( အနည်းဆုံးဟု ဆိုသည့်အတွက် ဦးရေသည် (၅)ဦးထက်အကန့်အသတ်မရှိပိုနိုင်သည်။) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သူ(၂)ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သူ (၂)ဦး ပါဝင်၍ အရေအတွက် အကန့်အသတ်မရှိသူအဖွဲ့ဝင်များက ၂+၂= ၄ ဦးအပေါ် မဲအများစုဖြင့် အနိုင်ကျင့်နိုင်ရန် အကွက်ဆင်ထားသည်။ ထို့ပြင် အရပ်ဘက်အဖွဲ့အစည်းများသည် elected လည်းမဟုတ် selected လည်းမဟုတ်၍ တရားဝင်အဆင့်အတန်း Legal Statusမရှိပါ။

**လေ့လာအကြံပြုချက် (၁၆)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ (င) ထပ်ဆင့်ပုဒ်မခွဲ (ကက)တွင် မိခင်ဘာသာစကားကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်ဟု ရေးဆွဲထားသည်။ မိခင်ဘာသာစကားကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က (ထွက်ခွာရာပြဝိဘတ် 'မှ'မဟုတ်) ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ထပ်ဆင့်ပုဒ်မခွဲ (ခခ) တွင် 'မိခင်ဘာသာစကားတစ်ခု ရွေးချယ်ပြီးပါက'ဟု ရေးဆွဲထားသည်။ ကလေးတစ်ဦးအတွက် မိခင်ဘာသာစကားဆိုသည်မှာ ကျောင်းကရွေးချယ်ပေးရသောအရာမဟုတ်ပါ။ ပုဒ်မခွဲ (ဂဂ)အရ မြို့ပေါ်ကျောင်းများမှ တိုင်းရင်းသားလူမျိုးများ၏ မိခင်ဘာသာစကားကိုလည်း မြန်မာဘာသာစကားကို သတ်မှတ်၍မရပါ။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

မိခင်ဘာသာစကားဆိုသည်မှာ ကလေးဘဝကစတင်၍ အပြောသင်သော ဘာသာစကားဖြစ်ပါသည်။ ကျောင်းရောက်မှ ကျောင်းကရွေးချယ်ဆုံးဖြတ်ပေးသော ဘာသာစကားမဟုတ်ပါ။ Oxford Advanced Learner's Dictionary mother tongue ကိုကြည့်ပါ။ the language that you first learn to speak when you are a child

ပုဒ်မ ၂၂(င) (ကက) (ခခ) (ဃဃ)တွင် ပါရှိသည့် 'မိခင်ဘာသာစကား'၏ အန္တရာယ်ကြီးမားပုံကို လေ့လာအကြံပြုချက် ***(ကြယ်ပွင့်ပြ)**တွင် အခြားပုဒ်မများနှင့်ပေါင်းစပ်၍ အကြံပြုပါမည်။ ဥပဒေပုဒ်မ ၄၃ (က) နှင့် (ခ)ကို လုံးဝအထိပါးမခံသင့်ပါ။

ဥပဒေကြမ်းပုဒ်မ ၂၂ (စ)အရ မူလတန်းကျောင်းတစ်ကျောင်း၏ ပညာရေးလုပ်ငန်းများနှင့် သက်ဆိုင်သောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မူလတန်းကျောင်းသားများ ပါဝင်ခွင့်ရှိသည်ဆိုသည်မှာ ရယ်စရာကောင်းလှပါသည်။ ဤဥပဒေကြမ်းရေးဆွဲသူ ဒေါက်တာနှစ်ဦးကို 'ရွှေညဏ်တော်စူးရောက်ပါပေ့'ဟု လက်ခုပ်တီးပေးသင့်ပါသည်။

**လေ့လာအကြံပြုချက် (၁၇)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)ထပ်ဆင့်ပုဒ်မခွဲ( ဂဂ)တွင် 'တက္ကသိုလ်အချင်းချင်းပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်' ဟုရေးဆွဲထားခြင်းသည် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဥပဒေကြမ်းပုဒ်မ ၃၃ ဖြင့် အစားထိုးခြင်း၏အကြောင်းပြချက်ဖြစ်သည်။ အဆင့်တူချင်း တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ခြင်းသည် အခါခပ်သိမ်း လွယ်ကူချောမွေ့မည်တော့မဟုတ်ပါ။

ဥပဒေကြမ်းပုဒ်မ ၆၁ ဖြင့် ဥပဒေပုဒ်မ ၅၇ ကိုပယ်ဖျက်သဖြင့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှုတို့ကို ပညာရေးဝန်ကြီးဌာနသည် ဆောင်ရွက်ပိုင်ခွင့်မရှိတော့သဖြင့် အခြေခံပညာဦးစီးဌာနနှင့် ၎င်း၏လက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးရုံးများကို ဖျက်သိမ်းပစ်ရမည်ဖြစ်ပြီး ၎င်းရုံးများရှိ အောက်ခြေဝန်ထမ်းမှ ညွှန်ကြားရေးမှူးချုပ်အထိ အရာထမ်းအမှုထမ်းအားလုံးကို အလုပ်မှရပ်စဲရမည်ဖြစ်ပါသည်။

**လေ့လာအကြံပြုချက်(၁၈)**

ဥပဒေကြမ်းပုဒ်မ ၆၃ က ဥပဒေပုဒ်မ ၅၈(ဆ)ကို ပယ်ဖျက်သည်။ ဥပဒေပုဒ်မ ၅၈ (ဆ)ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှ ' အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကိုထမ်းဆောင်ခြင်း'ဆိုသည့် လုပ်ငန်းတာဝန်ဖြစ်သည်။ ဤတာဝန်ကို မထမ်းဆောင်ရဟု ဒေါက်တာနှစ်ဦးက ဥပဒေဖြင့် တားမြစ်ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (နောင်တွင် ဖွဲ့စည်းပုံဟု ရည်ညွှန်းပါမည်။) အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၀၀ အရ ပညာရေးပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရဖြစ်သည်။ အစိုးရအဖွဲ့ဝင်တစ်ဦးအား အစိုးရအဖွဲ့အား အခါအားလျော်စွာ ပေးအပ်သောတာဝန်ကိုမထမ်းဆောင်ရဆိုသည်မှာ ဖွဲ့စည်းပုံဥပဒေပုဒ်မ (၂၀၀) ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ရုံမျှမက အစိုးရအဖွဲ့ကိုပါ စော်ကားခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးတစ်ဦးကိုနိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ ဥပဒေပုဒ်မ ၂၃၂ (က) (ခ) (ဂ) (ဃ)(င)(စ) (ဆ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးထားသော ပညာရေး ဒုတိယဝန်ကြီးများသည် ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၃၄ (င)အရ ပညာရေး ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

ဥပဒေကြမ်းပုဒ်မ ၆၃ ဖြင့် ဥပဒေပုဒ်မ ၅၈ (ဆ) ကို ပယ်ဖျက်ခြင်းသည် ဖွဲ့စည်းပုံ ပုဒ်မ ၁၉၉(က)အရ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတအား ပညာရေးပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တာဝန်မခံရဟု ဥပဒေအဓိပ္ပာယ် သက်ရောက်သဖြင့် ဖွဲ့စည်းပုံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ရုံမက နိုင်ငံတော်သမ္မတကို တိုက်ခိုက်ခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက် (၁၉)**

ဥပဒေကြမ်းပုဒ်မ ၃၆ ဖြင့် ဥပဒေပုဒ်မ ၃၄ ၏ ပုဒ်မခွဲ (ည)ကို ဖြည့်စွက်ထားသည်။ ကျောင်းအမျိုးအစား ကိုးမျိုးတွင် 'အခြား ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသောပညာရေးကျောင်းများ' ဟု နောက်တစ်မျိုး ထပ်တိုးထားသည်။ ဥပဒေကြမ်းပုဒ်မ ၁၈ ဖြင့် ဥပဒေပုဒ်မ ၄ပုဒ်မခွဲ(ဈ) အား ပုဒ်မခွဲ(ည)အဖြစ် 'ပညာရေးသည်ဘာသာရေးအဖွဲ့အစည်း--- တို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။'ဟု အစားထိုးထားသဖြင့် ဤဖြည့်စွက်သည့် ဥပဒေကြမ်းပုဒ်မ ၁၈ နှင့် ဆန့်ကျင်နေသည်။

**လေ့လာအကြံပြုချက် (၂၀)**

ထိပ်လန့်တုန်လှုပ်ဖွယ်ကောင်းသော ဥပဒေကြမ်းပုဒ်မ ၅၁ တွင် ဥပဒေပုဒ်မ ၄၉(ဂ)ဖြစ်သည့် 'ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။ 'ဆိုသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားသည်။ ဥပဒေပုဒ်မ ၄၉ (ဃ)ဖြစ်သည်။ 'ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။'ဆိုသည့် ပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းပုဒ်မ ၅၂ တွင် အဓိပ္ပာယ်ပြောင်းလဲသွားအောင် အစားထိုးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ နိမ့်ကျနေသောပညာရေးအား မြှင့်တင်ရာတွင် မဖြစ်မနေမွေးထုတ်ပေးရမည့် ထူးချွန်သူများပေါ်ထွန်းလာရေးကို မလိုလားသော ဒေါက်တာနှစ်ဦး၏စေတနာဆိုးကို ဥပဒေကြမ်းပုဒ်မ ၅၁ နှင့် ၅၂ ကမီးမောင်းထိုးပြနေပြီဖြစ်ပါသည်။ ထူးချွန်သူများသည် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ခြင်းဖြင့် အကောင်းဆုံးနိုင်ငံရေးကို လုပ်နေကြသူများဖြစ်ရာ နောက်ကွယ်ကကြိုးကိုင်၍ လမ်းပေါ်သို့ မောင်းထုတ်မရပါ။ ဒေါက်တာနှစ်ဦးအတွက် အသုံးမဝင်ပါ။

၁၉၉၄ခုနှစ် စပိန်နိုင်ငံ ဆလမ်မန်ကာမြို့တွင် ကျင်းပသော နိုင်ငံပေါင်း ၁၆၄ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်သော ပညာရေးအစည်းအဝေးကြီး World Conference on Special Needs Education က ဆလမ်မန်ကာကြေညာချက် Slamanca Statement ကို ထုတ်ပြန်ခဲ့သည်။ ဆလမ်မန်ကာကြေညာချက် လူတိုင်းအကျုံးဝင်ပညာရေးတွင် gifted ဉာဏ်ရည်မြင့်မားသော (ဝါ)ပင်ကိုစွမ်းရည်ရှိသော (ဝါ) အထုံပါရမီပါသော ထူးချွန်သူများပါဝင်ပါသည်။ ဤဥပဒေကြမ်းသည် ထူးချွန်သူများကို ဘေးဖယ်ထားသော 'ညံ့ဖျင်းသူများဖြင့် နိုင်ငံတော်ကိုဖျက်ဆီးအံ့' ဟူသည့် အောက်တန်းစားနိုင်ငံရေး ညစ်ပတ်မှုဖြစ်သည်။

**လေ့လာအကြံပြုချက် (၂၁)**

ဥပဒေပုဒ်မ ၅၁ 'မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာ ဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်'ကိုလည်းကောင်း၊

ဥပဒေပုဒ်မ ၅၂ 'ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်'ကို လည်းကောင်း ဥပဒေကြမ်းပုဒ်မ ၅၅ ဖြင့် တစ်ချက်လွှတ်ပယ်ဖျက်ထားသည်။

ဆရာအရည်အချင်း မသတ်မှတ်ရ။ ဆရာအရည်အချင်းမြင့်မားအောင် မပြုလုပ်ရ။ ထူးချွန်သူများမပေါ်ထွက်အောင်အရည်အချင်းမရှိသော ဆရာများက သင်ကြားစေ။ ပညာရေးတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ်များကို ဥပဒေကြမ်းဖြင့် ဖောက်ခွဲဖျက်ဆီးစေ။ ဤအဓိပ္ပာယ်ပင်။

**လေ့လာအကြံပြုချက် (၂၂)**

ဥပဒေကြမ်းပုဒ်မ (၅၈)ဖြင့် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ ဖွဲ့စည်းပုံကိုထပ်မံရေးဆွဲထားသည်။ ဥပဒေကြမ်းပုဒ် ၄၃ နှင့် ၅၈ သည် နှစ်ခါထပ်နေသည်။

**လေ့လာအကြံပြုချက် (၂၃)**

ဥပဒေကြမ်းပုဒ်မ ၆၄ ဖြင့် ဥပဒေပုဒ်မ (၆)ကို အစားထိုးထားသည်။ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် 'ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသောပညာရှင်များ ပါဝင်ရမည်'ဟု ပါရှိလာသည်။ ပုဂ္ဂလိကကျောင်းများက ပညာရေးပြည်ထောင်စုဝန်ကြီးထက် လုပ်ပိုင်ခွင့်ပိုပြီး ပညာရေးပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂလိကကျောင်းများ၏ အမိန့်ကိုနာခံရမည့်သဘောဖြစ်နေသည်။

**လေ့လာအကြံပြုချက် (၂၄)**

ဥပဒေကြမ်းပုဒ်မ ၆၅ က ဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးထားသည်-

'နိုင်ငံ၏ပညာရေးအသုံးစရိတ်ကို ငါးနှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးသုံးစွဲရမည်။'

ဤထပ်ဆောင်းစကားရပ်က နောင် ၅ နှစ်ကြာသောအခါ ပညာရေးအသုံးစရိတ်ကိုတစ်နိုင်ငံလုံး အသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းမှ လျှော့ချမရအောင် ဥပဒေဖြင့် ချုပ်ကိုင်လိုက်ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံပုဒ်မ ၁၀၃(ခ)တွင် ပြည်ထောင်စုလွှတ်တော်က လျှော့ချ၍ ခွင့်ပြုခြင်းမပြုရသော အသုံးစရိတ် (၄)မျိုးကို ပြဋ္ဌာန်းထားပါသည်။ ၎င်းအသုံးစရိတ် (၄)မျိုးတွင် ပညာရေးအသုံးစရိတ်မပါဝင်ပါ။

ဖွဲ့စည်းပုံပုဒ်မ ၁၀၃ (ဂ) အရ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပညာရေးအသုံးစရိတ်ကို လျှော့၍ ခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်သည်။

ဖွဲ့စည်းပုံ ပုဒ်မ ၁၀၃(ဃ)အရ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်းသာ ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရပါမည်။

သို့ပါ၍ ဥပဒေကြမ်းပုဒ်မ ၆၅ (က)သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ 'ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း'ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ကျူးလွန်အောင် အမျိုးသားပညာရေးဥပဒေကို အကြောင်းပြု၍ ကျောင်းသားအမည်ခံများကို အသုံးချပြီး ပြည်ထောင်စုလွှတ်တော်အား ခြိမ်းခြောက်ခြင်းဖြစ်ပါသည်။

**လေ့လာအကြံပြုချက် (၂၅)**

ဥပဒေကြမ်းပုဒ်မ ၁၈ ဖြင့် ဥပဒေပုဒ်မ ၄ (ဈ)အား ဥပဒေကြမ်းပုဒ်မ ၄ (ည)အဖြစ် အစားထိုးရာတွင် 'ပညာရေးသည်-------နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်'ဟု ရေးဆွဲထားပြီး ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ (ခ)ထပ်ဆင့်ပုဒ် မခွဲ(ဃဃ)တွင် 'ဆရာ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်'ဟု ရေးဆွဲထားခြင်း၊

ဥပဒေကြမ်းပုဒ်မ ၁၈ ဖြင့် ဥပဒေပုဒ်မ ၄ (ဈ)အား ဥပဒေကြမ်းပုဒ်မ ၄ (ည)အဖြစ် အစားထိုးရာတွင် 'ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊---- တို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်'ဟု ရေးဆွဲထားပြီး ဥပဒေကြမ်းပုဒ်မ ၃၆ တွင် ဥပဒေ ပုဒ်မ (၃၄) (ည)အဖြစ် 'အခြားဘာသာရေးအဖွဲ့အစည်းများမှ (ကဖြစ်ရမည်) ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ' ဟု ဖြည့်စွက်ထားခြင်းတို့သည် ပုဒ်မချင်း ရှေ့နောက်ညီညွတ်မှုမရှိပါ။

**ကြယ်ပွင့်ပြလေ့လာအကြံပြုချက်**

ဥပဒေကြမ်းပုဒ်မများကို ဆက်စပ်၍ နိုင်ငံတော်အပေါ် ကျရောက်တော့မည့်အန္တရာယ်ကို ရုပ်လုံးဖော်ပြပါမည်။

(၁) ဥပဒေကြမ်းပုဒ်မ ၃၆ တွင် 'အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ'ဟု ကျောင်းအမျိုးအစား ထပ်တိုးထားသည်။

(၂) ဥပဒေပုဒ်မ ၃၄ (ဈ)ပါ ဝန်ကြီးဌာန(သို့မဟုတ်)သက်ဆိုင်ရာဝန်ကြီး ဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းများ' တွင် အကျုံးဝင်သောကျောင်းများကို ပြည်တွင်းရှိ လူမှုရေး၊ ဘာသာ ရေးအသင်းအဖွဲ့များက ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက် ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် ဥပဒေပုဒ်မ ၆၈ (ခ)ကို ဥပဒေကြမ်းပုဒ်မ ၇၁ ဖြင့် ပယ်ဖျက်ထားသည်။ ဖွင့်ချင်သလိုဖွင့်မည်ဟု ဆိုလိုသည်။

(၃) အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်ဆိုသည့် ဥပဒေပုဒ်မ ၅၇ (က)ကို ဥပဒေကြမ်းပုဒ်မ ၆၁ ဖြင့် ပယ်ဖျက်ထားသည်။

(၄) အခြေခံပညာကျောင်းများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က စီမံခန့်ခွဲမည်။ (ဥပဒေကြမ်း ၆၀(က)၊ ၂၂(ဆ)(ဃဃ))

(၅) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် မိဘအုပ်ထိန်းသူကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်သည်။ (ဥပဒေကြမ်း၉)

(၆) ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆရာခန့်ထားမည်။ (ဥပဒေကြမ်း ပုဒ်မ ၂၂(ဆ)(စစ))

(၇) ဆရာအရည်အချင်းကို မသတ်မှတ်ရ။ (ဥပဒေကြမ်းပုဒ်မ ၅၅)

(၈) ကျောင်းအုပ်ချုပ်ရေးအဖွဲ့က သင်ရိုးညွှန်းတမ်းရေးဆွဲမည်။ (ဥပဒေကြမ်းပုဒ်မ ၂၂(ဆ)(စစ))

(၉) မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၊ အခြေခံပညာအဆင့်တွင် လိုအပ်လျှင် တိုင်းရင်းသားဘာသာစကားတို့ကို သင်ကြားရေးဘာသာအဖြစ် ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၄၃ ကို ဥပဒေကြမ်းပုဒ်မ ၄၇ ဖြင့် ပယ်ဖျက်ထားသည်။

(၁၀) တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၄၄ ကို ဥပဒေကြမ်း ပုဒ်မ ၄၇ ဖြင့် ပယ်ဖျက်ထားသည်။

(၁၁) မိခင်ဘာသာစကား (မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာတစ်မျိုးမျိုးမဟုတ်)ဖြင့် သင်ကြားမည်။ မိခင်ဘာသာစကား (တိုင်းရင်းသားဘာသာတစ်မျိုးမျိုးမဟုတ်)ကို ၁၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း သင်ကြားမည်။ (ဥပဒေကြမ်း ပုဒ်မ ၂၂ ပုဒ်မခွဲ(င)) မိခင်ဘာသာဆိုသည်မှာ တရုတ်အတွက် တရုတ်ဘာသာ၊ ကုလားအတွက် ကုလားဘာသာ ဖြစ်သည်။

(၁၂) ပြည်ပမှ ကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်။ (ဥပဒေကြမ်းပုဒ်မ ၅၂ ဖြင့် ဥပဒေပုဒ်မ ၄၉ (ဃ)ကို အစားထိုးသည်။ ခွင့်ပြုရမည်။ မစိစစ်ရဟု ဆိုလိုသည်။

အထက်ပါ ဥပဒေကြမ်းပုဒ်မများကို ဆက်စပ်ပေါင်းစည်း၍ ရုပ်လုံးဖော်လိုက်သောအခါ-

တိုင်းရင်းသားလည်းမဟုတ်သော၊ နိုင်ငံသားလည်းမဟုတ်သော ခိုးဝင် (သို့မဟုတ်) စိမ့်ဝင်လူမျိုးခြားများ၏ ဘာသာရေးအဖွဲ့အစည်းများက ကျောင်းများ ဖွင့်ချင်သလိုဖွင့်မည်။ ခွင့်ပြုချက်မလို၊ ၎င်းကျောင်းများသည် ပညာရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လက်အောက်တွင် မရှိ၊ ၎င်းကျောင်းများကို၎င်းလူမျိုးခြားများဖြင့် ဖွဲ့စည်းထားသော ကျောင်းအုပ်ချုပ်ရေးအဖွဲ့က အုပ်ချုပ်မည်။ ၎င်းတို့လူမျိုးခြားဆရာများကိုခန့်မည်။ ဆရာအရည်အချင်းသတ်မှတ်ရန်မလို။ ၎င်းလူမျိုးခြားတို့၏ မူရင်းနိုင်ငံမှ သင်ရိုးကိုသင်မည်။ ၎င်းလူမျိုးခြားတို့၏ ဘာသာစကားကို သင်ကြားရေးဘာသာလုပ်မည်။ ၎င်းလူမျိုးခြားတို့၏ ဘာသာစကားကို သင်ကြားသင်ယူသည့် ဘာသာရပ် Subject အဖြစ် သင်ကြားမည်။ ၎င်းကျောင်းများသည် နိုင်ငံတော်အလံမလွှင့်ထူ၊ နိုင်ငံတော်သီချင်းမဆို၊ နိုင်ငံတော်ကိုသစ္စာမခံ၊ ၎င်းလူမျိုး ခြားတို့၏ ပြည်ပနှင့် ပြည်တွင်းအဖွဲ့အစည်းများထံမှ ဒေါ်လာများဒလဟောဝင်လာမည်။

**နိဂုံး**

**(က) ကြယ်ပွင့်ပြလေ့လာအကြံပြုချက် * ဖြင့် နိုင်ငံတော်အပေါ် ကျရောက်တော့မည့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လုံခြုံရေး အန္တရာယ်များကို ရုပ်လုံးဖော်အကြံပြုပြီးပါပြီ။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ထားသော ဥပဒေကြမ်းပါပုဒ်မများကို ထောက်ပြပြီးပါပြီ။ (၂၂(ခ) (ဃဃ)၊ ၆၃၊ ၆၅)**

**(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ အရ ရုံးသုံးစာဖြစ်သော မြန်မာစာအရေးအသား၊ မြန်မာသဒ္ဒါအမှားများကို ထောက်ပြပြီးပါပြီ။ (၆၊ ၂၂(ဂ) (ကက)၊ ၂၂(င)(ကက)၊ ၃၆)**

**(ဃ) ရှေ့နောက်မညီညွတ်ဘဲ အဓိပ္ပာယ်ဆန့်ကျင်သော ပုဒ်မများကို ထောက်ပြပြီးပါပြီ။**

**(င) မလိုအပ်ဘဲစကားရပ်များ ထပ်ပြီးပုဒ်မများ လေးလံနေခြင်းကို ထောက်ပြအပ်ပါသည်။(၂၂ခ(ဇဇ)(ဈဈ)၊ ၅၈၊ ၁၃(ဃ)တွင် ပါပြီး။ ၂၂( ) (ကက)နှင့် ၂၂(ခ) (ကက) ၃၃ တွင် ဖော်ပြမည်ဖြစ်သော ၂(ဆ) (ဂဂ)**

**(စ) ပညာရေးလွတ်လပ်ခွင့်ဆိုသောစကားကိုရေလဲသုံး၍ နိမ့်ကျနေသော အမျိုးသားပညာရေးစနစ်ကို လုံးဝဥဿုံ ပျက်သုဉ်းသွားအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမည့်ဥပဒေကြမ်းဟု ဆိုရပါသည်။ နိုင်ငံရေးအရ လက်မြှောက်အရှုံးပေးပြီး အတည်ပြုပြဋ္ဌာန်းလိုက်ပါလျှင် ပြည်ထောင်စုလွှတ်တော်သည် သမိုင်းတရားခံဖြစ်သွားပါမည်။ ဤစာတမ်းရှင်ကမူ ပြည်သူတစ်ဦး၏ တာဝန်ကျေပွန်ပါပြီ။**

## ပြည်တွင်းသတင်း

✳ ကျော်ဖုံးမှ

အလေ့အကျင့်ကောင်းများ ရှိရန်လိုအပ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းထားသည့် အဖြေရလဒ်များကို ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးကဏ္ဍ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများနှင့် အမြဲထိတွေ့ ဆက်ဆံနေရမည် ဖြစ်ပါကြောင်း၊ ထိုသို့ထိတွေ့မှသာ ပြည်သူများ၏ ဆန္ဒနှင့်လိုအပ်ချက်များကိုသိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

စိတ်ကောင်းစေတနာအမှန်ဖြင့် ဆောင်ရွက်သော်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်ပါက စေတနာအမှားများ ဖြစ်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းက အောင်မြင်မှုရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေချင်သည့်ဆန္ဒသည် နိုင်ငံသားတိုင်းတွင်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများမထားဘဲ နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးရှိမည့် ကိစ္စဖြစ်ပါက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)




ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျောက်တံခါးမြို့နယ်မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)




## YCDC ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား မြို့တော်ဂေါက်ကွင်း၌ကျင်းပ

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank မှ အဓိကကူညီပံ့ပိုးပေးသော YCDC CUP OPEN GOLF CHAMPIONSHIP 2015 ဂေါက်သီးရိုက်ပြိုင်ပွဲ၏နောက်ဆုံးနေ့ (၁၈) ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို (ငွေသော်တာဂေါက်ကွင်း)တွင် ကျင်းပရာ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် (၅) ဦးစိုးစည်က စုစုပေါင်း ရိုက်ချက် ၂၂၀ ချက်ဖြင့် တတိယရရှိသော မင်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယရရှိသော မောင်မောင်ဦး၊ စုစုပေါင်းရိုက်ချက် ၂၁၈ ချက်ဖြင့် ပထမရရှိသွားသော သိန်းနိုင်စိုးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် တတိယရရှိသော လှမျိုး (Mizuno) စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ဒုတိယရရှိသော စိုးကျော်နိုင် (HAN Golf Academy ) စုစုပေါင်းရိုက်ချက် ၂၀၄ ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း HAN Golf Academy တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍ ကမ္ဘောဇဘဏ်ကုမ္ပဏီများအုပ်စု အမှုဆောင်ဒါရိုက်တာ ဦးဖုန်းမြင့်ရွှေက ပထမဆုရရှိသွားသော ဇော်ဇင်ဝင်း HAN Golf Academy အား ဆုကြေးငွေချက်လက်မှတ်ကိုပေးအပ်ချီးမြှင့်သည်။

YCDC Cup Open Golf Championship 2015 ဂေါက်သီးရိုက်ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် KBZ Bank Ltd. မှ အဓိကကူညီပံ့ပိုးပေးပြီး Event Management အဖြစ် HAN Event Management တို့မှ ထပ်မံပံ့ပိုးပေးကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဘလုတ်ညွန့်မီးဘေးသင့် ပြည်သူများထံ သွားရောက်လှူဒါန်း

**ရန်ကုန် မတ် ၁**

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အေးရွာဘလုတ်ညွန့် စက်ကလေးရပ်ကွက် မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှေးဦးစွာ မီးလောင်ပြင်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် သာသနာ့ရောင်ခြည်ခါတော်မီကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တသုမန (ဓမ္မာစရိယ)ထံ ဝင်ရောက်ဖူးမြော်ပြီး သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဘုန်းကြီးကျောင်းအတွင်း ဖွင့်လှစ်ထားသည့်စေတနာ ညကျောင်းအတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မီးဘေးသင့်အိမ်ခြေ ၁၃၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၀၀၅၀၀၀၀၊ မီးဘေးသင့်ပြည်သူ ၈၀၉ ဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာဖိုးငွေကျပ် ၁၃၉၁၂၅၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် INGO အဖွဲ့အစည်းများဖြစ်သော AVSI ၊ DRC၊ OXFAN အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များကလှူဒါန်းငွေကျပ် ၉၆၀၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၁၂၄၀၁၂၅၀ကို ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းထံသို့ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မီးဘေးဒုက္ခသည်များ ခေတ္တနေရာချထားသည့် ဓမ္မာရုံ၌ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မင်းတပ်မြို့ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံဖွင့်

**ဟားခါး မတ် ၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ် စွန်တောင်-ပလုံတွိုကြား၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၅ သန်းဖြင့် တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၅၀ ရှိ လောင်ချောင်းတံတားဆောက်လုပ်မှုအခြေအနေကို ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက မင်းတပ်မြို့ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ ဆေးရုံကြီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနိန်နိုင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးနှင့် မြို့မိမြို့ဖ ဦးဂေလိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ကျောက်ထုနှင့် ချင်းပြည်နယ် မင်းတပ်မြို့နယ် နယ်စပ်မှတ်တိုင်သို့ ရောက်ရှိကြပြီး "ချင်းပြည်နယ် မင်းတပ်ခရိုင်မှ လှိုက်လှဲပျူငှာစွာ ကြိုဆိုပါ၏" ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ချို့တဲ့နွမ်းပါးသော သက်ကြီးဘိုးဘွားများအား လစဉ်ထောက်ပံ့လှူဒါန်း

**တောင်ကြီး မတ် ၁ -** ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရာစုသစ်သွေးလှူရှင်နှင့် လူမှုစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ချို့တဲ့နွမ်းပါးသော သက်ကြီးဘိုးဘွားများအား လစဉ်ထောက်ပံ့လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့က အဘိုးအဘွားများအား ကန်တော့ပစ္စည်းများဖြစ်သည့် ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ အားဆေး၊ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေး၊ အာဟာရဇွက်သိုက်ဘူးများ ပေးအပ်ကန်တော့၍ ချို့တဲ့နွမ်းပါးအဘိုးအဘွား အသက် ၈၀ နှစ်အထက် အဘိုးအဘွား ၂၀ တက်ရောက်ကန်တော့ခံသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့်ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ နီပေါနိုင်ငံမျက်စိအထူးကုဆရာဝန်များက လာရောက်၍ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၇၀ ခန့်ကို ဒုတိယနေ့တွင်အခမဲ့ ခွဲစိတ်ကုသနေမှုကို သွားရောက်လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

ပြည်တွင်းသတင်း

❍ ကျောဖုံးမှ

မွေးမြူရေးကန်များတွင် ငါးမွေးခြင်း၊ မြစ်၊ ချောင်းများတွင် ငါးမွေးခြင်း၊ ပုစွန်နှင့် ကဏန်းမွေးမြူခြင်းများကိုလည်း အသေးစိတ်တစ်ဆင့်ပြီးတစ်ဆင့် ပညာပေးချက်များ၊ ဆောင်ရွက်ရမည့် အချက်များကို ခင်းကျင်းပြသထားသည်။ လိုအပ်ပါက ခေတ်မီဆေးဝါးများ အသုံးပြုခြင်း၊ သဘာဝအတိုင်းမွေးမြူခြင်း၊ ရက်တိုမွေးမြူခြင်း၊ အစာရွေးချယ်ကျွေးမွေးခြင်း ၊ ရောဂါကာကွယ်ခြင်း၊ ကြီးထွားမှု ပုံမှန်အတိုင်းဖြစ်စေခြင်း၊ ဈေးကွက်အဆင့်မီ ရေထွက်ထုတ်ကုန်များ ထွက်ပေါ်စေသည်အထိ ဆောင်ရွက်ရမည့် အချက်များကို ပြခန်းများဖြင့် ပြသထားသည်။

အလှပြငါးများ မွေးမြူခြင်း၊ ပြခန်းတွင် မှန်ပုံးများ၌ ထည့်သွင်းပြသထားသော အရောင်စုံငါးလေးများ၊ အမျိုးအစား ဆန်းသစ်သော ငါးမျိုးစိတ်များကို ပြသထားသည်။ တစ်ဖန် အိမ်မွေးငါးများ ပြခန်းတွင် ဆုရရှိသော ငါးများကိုလည်း ထည့်သွင်း ပြသထားရာ ဒီဇိုင်းထူးခြားပြီး ရွှေရောင်ရှိသည့် ငါးမျိုးကိုလည်း တွေ့ရှိရသည်။

ငါးမွေးမြူရေး၊ ပုစွန်နှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများအတွက် ခေတ်မီဆေးဝါးများ၊ ခေတ်မီအစာတောင့်များ၊ ငါးမျိုးများကို လည်း စုံလင်စွာ ပြသထားသည်။ အိမ်၌ အလှမွေးငါးမွေးမြူခြင်းမှ စီးပွားဖြစ်ငါးမွေးမြူခြင်းအထိ လုပ်ကိုင်နိုင်သော အသိပညာများ ရရှိစေမည့် ပြခန်းများကို တွေ့ရသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း အိမ်မွေး ခွေးအလှပြယှဉ်ပြိုင်ခြင်း၊ ရေထွက်ပစ္စည်းများ ရောင်းချသည့် ပြခန်းများလည်း ပါဝင်လျက်ရှိရာ မြန်မာ့ငါးမွေးမြူထုတ်လုပ်မှုများကို လေ့လာသိရှိခွင့်ရရှိစေမည့်ပြပွဲနှင့် ပွဲတော်တစ်ခုဖြစ်သည်။

(မြန်မာ့အလင်း)

❖ ကျောဖုံးမှ

လူစုံပါဝင်ခဲ့သလို ကမ္ဘောဇအသင်းတွင်လည်း ဝင်းမင်းထွန်း၊ ကျော်ဇင်ထက်၊ စိုးမင်းဦးတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းမှာ အဝေးကွင်းဖြစ်သော်လည်းအကောင်းဆုံး ပုံစံကို ဆက်လက်ပြသနိုင်ခဲ့ပြီး ၃၁ မိနစ်တွင် ကြည်လင်းက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မော်လ်ဒိုက်လက်ရွေးစင် ကွင်းလယ်လူအာရစ်က ကမ္ဘောဇအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း သရေရလဒ်ကို မထိန်းနိုင်ခဲ့ပေ။ ရန်ကုန်အသင်းမှာဂိုးပေးခဲ့ရသော်လည်း ပုံစံမပျက်ခဲ့ဘဲ အနိုင်ဂိုးများကို ၆၂ မိနစ်တွင် ကျော်ကိုကို၊ ၆၅ မိနစ်တွင် ကြည်လင်းတို့က သွင်းယူပေးခဲ့သည်။

(ယနေ့ပွဲ)

(ကျောက်တိုင်ကွင်း)

ရောဝတီ - ရတနာပုံ




## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ အရာထမ်းများနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးလုပ်ငန်း (၄)ခုအနက် မြန်မာ့လေကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ မြန်မာ့ သင်္ဘောကျင်းလုပ်ငန်းနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတို့အား နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်အရသီးခြား ရပ်တည်နိုင်အောင် လုပ်ငန်းအလိုက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်သည့်အတွက် ကျယ်ပြန့်လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်ခွင့်ရနိုင်ပြီဖြစ်ကြောင်း၊ ယနေ့ အရာထမ်းအားလုံးသည် အခု ရှင်းလင်းပြောကြားခဲ့သော အချက်များကို အောက်ခြေဝန်ထမ်းများ သိရှိအောင် ထပ်မံရှင်းလင်းပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများအပြင် ရေးဆွဲအတည်ပြုပေးပြီးဖြစ်သည့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရရှိလာမည့် အခြားသော စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်ကြိုးဆကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေအရ ဝန်ထမ်းများ ဖွဲ့စည်းပုံအသစ်၊ ရည်မှန်းချက်အသစ်များအလိုက် လုပ်ပိုင်ခွင့်များဖြင့် ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော ဝန်ထမ်းများမှ ကြိုးစားကြိုးစည် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စနစ်ပြောင်း၍ ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၏ လစာခံစားခွင့်များ တိုးမြှင့် ရရှိလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အရာထမ်းများက သိရှိလိုသည်များအား မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)



✪ ရှေ့ဖုံးမှ

အဆင့်မီ အပန်းဖြေနေရာတစ်ခုအဖြစ်ရောက်ရှိလာအောင် ဆောင်ရွက် သွားဖို့ရှိပါတယ်”ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြောသည်။

စစ်တွေမြို့ပွိုင့်အပန်းဖြေနေရာသည် ကမ်းနားပတ်လမ်းတွင် တည်ရှိပြီး သဘာဝကမ်းခြေနှင့် ပင်လယ်ပြင်အလှကို တစ်ဝကြီး မြင်တွေ့ခံစားရနိုင်သည့်နေရာဖြစ်သည်။ ကမ်းခြေသို့ တလိမ့်လိမ့်ရိုက်ခတ်နေသော လှိုင်းများ၊ ရေပြင်ကိုတိုက်ခတ်လာသော ဆားဓာတ်ပါသည့်လေ၊ ပင်လယ်ပြင်တွင်မောင်းနှင်သွားလာနေကြသော ရေယာဉ်နှင့် သင်္ဘောများ၊ ရေလယ်တွင်ကျောက်ချရပ်နားနေသော သင်္ဘောများကို မြင်တွေ့နိုင်သည့်နေရာလည်းဖြစ်သည်။

စစ်တွေပွိုင့်အငူတွင် မျှော်စင်တစ်ခုတည်ဆောက်ထားရာ ယင်းမျှော်စင်ပေါ်တက်ကာ သဘာဝပတ်ဝန်းကျင်အလှနှင့်ကမ်းနားပတ်လမ်းအလှများအဖြစ် ပင်လယ်ပြင်အတွင်းကျွန်းများကိုလည်း မြင်တွေ့ရနိုင်သည်။ ပွိုင့်အငူနေရာသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

စစ်တွေမြို့ ပွိုင့်အငူနေရာကို ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် စင်ကာပူနိုင်ငံမှ ဒီဇိုင်းထုတ်ကာ ယခု မတ်လမှစတင်ပြီး ခြောက်လတာအတွင်း ငွေကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံကာ နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ်ထွက်ပေါ်လာရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

တစ်ဖန် ယင်းနေရာရှိ ကမ်းခြေမှာလည်း ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသည့်ကမ်းခြေဖြစ်ရာ အရှည် ၁၀ မိုင်ခန့် အထိရှိနေသည်။ ကမ်းခြေကိုလည်း အပန်းဖြေကမ်းခြေတစ်ခုအဖြစ် ရောက်ရှိလာရန် ဆောင်ရွက်သွားမည့်အစီအစဉ်လည်း ရှိနေသည်။

စစ်တွေမြို့ ပွိုင့်အငူရှိရာသို့ သွားသောကမ်းခြေပတ်လမ်း တစ်လျှောက်တွင် အနားယူအပန်းဖြေနိုင်သည့် ထိုင်ခုံများပြုလုပ် ပေးထားရာ လူကြီး၊ လူငယ်မရွေး အပန်းဖြေလမ်းလျှောက်ကာ အနားယူနိုင်သည့်နေရာလည်းဖြစ်သည်။

စစ်တွေမြို့ကမ်းခြေပတ် လမ်းသည် ကွန်ကရစ်လမ်းဖြစ်ရာ အချိန်မရွေး၊ ရာသီမရွေးလာရောက်နိုင်ပြီး ယခုကဲ့သို့နိုင်ငံတကာ အဆင့်မီအပန်းဖြေနေရာ တစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းသည် ရခိုင်ပြည်နယ်သို့ လာရောက်ကြသည့်ခရီးသွား ဧည့်သည်များအတွက် မဖြစ်မနေရောက်ရှိ အပန်းဖြေရမည့်နေရာ တစ်ခုလည်း ထွက်ပေါ်လာမည်ဖြစ်သည်။

“ရခိုင်ပြည်နယ်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးနေရာတွေကတော့ ရှေးဟောင်းဗိသုကာလက်ရာတွေရှိနေတဲ့ မြောက်ဦးနဲ့ စစ်တွေမြို့ရဲ့ပွိုင့်အငူအပန်းဖြေနေရာပဲ ဖြစ်ပါတယ်။ အခြားနေရာတွေ အများအပြားရှိပေမယ့် ဒီနေရာနှစ်နေရာကတော့ အကြိုက်ဆုံးပါပဲ” ဟု ခရီးသွားအထူးဘတ်စ်ကားဖြင့် စစ်တွေမြို့ပွိုင့်အငူသို့ လာရောက်လေ့လာကြသည့် ၂၂ ဦးပါ ခရီးသွား အုပ်စုမှ ပြင်သစ်နိုင်ငံသူ ကောလင်းက ပြောသည်။

စစ်တွေမြို့သို့ ရန်ကုန်မှ လေယာဉ် ခရီးဖြင့် ၄၅ မိနစ်ခန့်သာ သွားရောက်ရပြီး မော်တော်ယာဉ်ဖြင့်လည်းသွားရောက်နိုင်ရာ ယခုအခါ နိုင်ငံတကာအဆင့်မီ အပန်းဖြေနေရာတစ်ခုအဖြစ် ထွက်ပေါ်လာတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

## မြန်မာသံရုံးကူညီမှုဖြင့် သားအိမ်ကင်ဆာရောဂါသည် မြန်မာအလုပ်သမတစ်ဦးကို နေရပ်သို့ပို့ဆောင်

**စူရတ်ဌာနီ မတ် ၁**

ထိုင်းနိုင်ငံ စူရတ်ဌာနီခရိုင် စူရတ်ဌာနီမြို့တွင် တရားဝင်နေထိုင်ခွင့်မရှိသည့် မြန်မာအလုပ်သမတစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိရာ ဆေးဖိုးဝါးခ မတတ်နိုင်သဖြင့် အခက်အခဲကြုံတွေ့နေရစဉ် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီက ကူညီပေးခဲ့သဖြင့် အဆင်ပြေလွယ်ကူချောမွေ့ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Associationin Thailand) မှ မတ် ၁ ရက်က ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်မှာ မြန်မာအလုပ်သမ မသန်းသန်းအေးဆိုသူသည် သားအိမ်ကင်ဆာ ရောဂါဖြင့် စူရတ်ဌာနီဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့ရာ ဘတ်ငွေတစ်သောင်းကျော် ကုန်ကျခဲ့ကြောင်း၊ ရောဂါပျောက်ကင်းမှုမရှိခဲ့၍ ရောဂါပျောက်နိုးဖြင့် ဆက်လက်ကုသခဲ့ရာ ဘတ်ငွေ ခုနစ်သောင်းကျော် အကြွေးတင်လာခဲ့သဖြင့် ဆေးရုံမှ ဆင်းရန် ပြင်ဆင်ခဲ့ကြောင်းနှင့် ကုန်ကျဆေးဖိုးဝါးခငွေအားမပေးနိုင်ပါက ထိုင်းရဲဖြင့် ဖမ်းဆီးမည်ဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူက ပြောသဖြင့် စူရတ်ဌာနီအခြေစိုက် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့၏ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်နှင့်ကိုဇော်ဦးတို့က ဆေးရုံသို့သွားရောက်၍ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့၏ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်က “ကျွန်တော် ဘတ်တစ်သောင်း စိုက်ရှင်းပေးလိုက်တယ်။ ဆေးရုံကတာဝန်ရှိတဲ့သူကို တောင်းပန်ရတာပေါ့ဗျာ။ ကလေးမ နယ်စပ်ကိုသွားလာဖို့အတွက် မြန်မာသံရုံးကထောက်ခံစာတစ်စောင်တောင်းပေးလိုက်ပါတယ်။ ကိုဇော်ဦးကပဲ လိုက်ပို့ပေးလိုက်တာပါ။ ဖေဖော်ဝါရီ ၂၇ ရက်က အမိနေရပ်ကို ပြန်ရောက်နေပါပြီ” ဟု ဆက်သွယ်ပြောသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရခြင်းဖြစ်စဉ်နှင့်သော် လည်းကောင်း၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရ၍သော် လည်းကောင်း၊ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင် MAT အဖွဲ့၏ ဖုန်းနံပါတ်များဖြစ်သည့်ဦးအောင်မျိုးသန့် (အကြံပေး ရှေ့နေ) ၀၈-၉၆၅၂၅၆၉၆ ၊ ဦးကျော်သောင်း(ဒါရိုက်တာ) ၀၈-၄၆၇၀၅၇၂၇၊ ဦးခိုင်ကြီး (အတွင်းရေးမှူး) ၀၈-၅၃၄၃၅၆၁၁၊ ကိုစိုင်းအေး(ဗန်ကောက်ရုံးတာဝန်ခံ) ၀၈-၀၅၈၈၅၅၄၈၊ ကိုအောင်ဆန်းဦး (မဟာချိုင်ရုံးတာဝန်ခံ) ၀၉-၀၆၆၇၇၉၁၃၊ ကိုဘခက်(အမှုလိုက်အရာရှိ) ၀၈-၇၃၁၂၁၁၇၉၊ ကိုစောခွန်နောင်ဦး (စုံစမ်းရေး) ၀၈-၃၅၅၂၇၈၉၂၊ ကိုစောမောင်(သတင်းနှင့်ပြန်ကြားရေး) ၀၉-၀၆၆၁၀၈၄၉ နှင့် စောမြတ်ချို(စုံစမ်းရေး) ၀၉-၄၈၆၃၈၂၅၇ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းနှင့် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ အသိပေး နှိုးဆော်ထုတ်ပြန်ထားသည်။

စိုးဝင်း (SP)

## တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စာပေဟောပြော

**ရန်ကုန် မတ် ၁**

မတ် ၂ ရက်တွင် ကျရောက်မည့် ၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကိုဖေဖော်ဝါရီ ၂၈ ရက် ည ၇ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၃ လမ်း (အထက်လမ်း) တွင် စာပေချစ်မြတ်နိုးသူများနှင့် ဟောပြောပွဲဖြစ်မြောက်ရေးကော်မတီတို့ ပူးပေါင်းကျင်းပသည်။ ရှေးဦးစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက စာပေဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆရာမင်းကိုနိုင်က “သမိုင်းရဲ့ကမ္ပည်းရှင်” ခေါင်းစဉ်ဖြင့်၊ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ စံနမူနာယူထိုက်သော ပြုမူ



ဆောင်ရွက်ချက်များအကြောင်းကို အချိန် တစ်နာရီခွဲကြာ သုတ၊ ရသ စာပေအဖြစ် စိတ်ဝင်စားဖွယ် ဟောပြောသွားသည်။

ဆက်လက်၍ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း) က “ ပန်းတိုင်ရှိရာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်ဦးညိုက နက်ဖန်(သို့မဟုတ်) ဘယ်သောအခါ (၂၀၁၅) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သုတ၊ ရသ စာပေများ ဟောပြောခဲ့ရာ ပြည်သူ ၂၀၀၀ ကျော် တက်ရောက်ပြီး စာပေဟောပြောသူ စာရေးဆရာများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ဆောင်းပါး

# အကောင်အထည်ပြစကားလုံး၊ သဘောပြစကားလုံး (၁)

မောင်ခင်မင်-ဓနုဖြူ

ဂျာနယ်တိုက်တစ်တိုက်မှ ယခင်လာဖူးသော 'သား'နှင့် 'သမီး' တို့ ရောက်လာကြသည်။

"ဆရာ နေကောင်းရဲ့လား" ခရီးရောက်မဆိုက် သူတို့က နှုတ်ဆက်သည်။

"ကောင်းပါတယ်ကွယ်။ သားတို့သမီးတို့ မလာတာကြာပြီနော်"

"ဟုတ်ကဲ့။ ကျွန်တော်တို့လည်း မေးစရာရှိမှ ဆရာ့ဆီလာသလိုဖြစ်နေပါတယ်"

" ဟုတ်ပါတယ်ဆရာ၊ သမီးတို့အလုပ်ရှုပ်နေလို့ မရောက်တာလည်း ပါပါတယ်"

"အေးပါ၊ အေးပါ။ ခုတစ်ခေါက်လည်း မေးစရာပါလာတယ်ထင်တယ်"

"ဟုတ်ကဲ့။ ကျွန်တော်တို့ရေးတဲ့ သတင်းဆောင်းပါးတစ်ပုဒ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆရာ အယ်ဒီတာချုပ်က ကျွန်တော်တို့ကိုခေါ်ပြီး ပြောတဲ့ စကားအကြောင်း မေးချင်လို့ပါဆရာ"

"ဩော်. . . သားတို့အယ်ဒီတာချုပ်က ဘာပြောလို့လဲကွဲ့"

"ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ကျွန်တော်တို့ရေးတာပါ။ အဲဒီထဲမှာ 'လောက' 'သဘာဝ' 'ပတ်ဝန်းကျင်' 'အနေအထား' 'အခြေအနေ' 'သဘော'ဆိုတဲ့ စကားမျိုးတွေ အများကြီး သုံးထားတာကို အယ်ဒီတာချုပ်က ထောက်ပြပြီး ကျွန်တော်တို့ရေးတာ ဒြပ်မဲ့သဘောတွေများလွန်းတယ်. . . တဲ့။အကောင်အထည်မမြင်သာဘူး . . . တဲ့။ အဲဒီလို အကောင်အထည်မမြင်သာတဲ့ စကားလုံးမျိုးတွေသိပ်မသုံးနဲ့ . . တဲ့။ ပတ်ဝန်းကျင်ကရေတွေ မြေတွေ တောတွေ တောင်တွေ လေထုတွေ မီးခိုးတွေ၊ အဲဒီလို မြင်သာတဲ့ စကားလုံးတွေ များများသုံးမှ စာဖတ်သူထင်လွယ်မြင်လွယ်ဖြစ်မယ်. . . တဲ့"

"ဟုတ်ပြီ၊ အဲဒီတော့. . . "

"အယ်ဒီတာချုပ် ပြောတာကို နားလည်သလိုလိုပဲဆရာ။ သမီးတို့အကျိုးအတွက် လမ်းညွှန်တယ်ဆိုတာလည်း သိပါတယ်။ ဆရာ့ကိုတော့ သမီးတို့က မေးနေကျမို့ သမီးတို့စိတ်ထဲမှာ ရှင်းရှင်းလင်းလင်းသိသွားအောင် ဆရာ့ကို မေးမယ်ဆိုပြီး လာကြတာပါ ဆရာ"

"အင်း . . . သားတို့ သမီးတို့ ဆရာက စာရေးတဲ့အခါ ထင်လွယ်မြင်လွယ်ဖြစ်အောင်ရေးဖို့ လမ်းညွှန်တာပဲ။ ဘယ်အကြောင်းပဲရေးရေး ထင်လွယ်မြင်လွယ်ဖြစ်အောင် ရေးထားတဲ့ စာမျိုးဟာ ဖတ်ချင်စဖွယ် ဖြစ်တာပေါ့ကွယ်။ သတိရလို့ စာအရေးအသားလမ်းညွှန်ချက်တစ်ခုကို ပြောရဦးမယ်"

"ဟုတ်ကဲ့ ပြောပြပါ ဆရာ"

"ပညာရှင်တစ်ယောက်က ရေးဖူးတယ်။ အကောင်အထည်မပါတဲ့ ဒြပ်မဲ့ ရေးဟန်တွေဟာ အညံ့တွေချည်းပဲတဲ့။ ဒါကြောင့် . . . ခင်ဗျားရဲ့ ဝါကျတွေထဲမှာ ကျောက်ခဲတွေ၊ ကုလားထိုင်တွေ၊ စားပွဲတွေ၊ ယောက်ျားတွေ၊ မိန်းမတွေနဲ့ ပြည့်နေသင့်ပါတယ်. . . တဲ့"

"ဩော်. . . ဟုတ်ကဲ့ပါဆရာ"

"ဒီတော့ လက်တွေ့ကျကျစဉ်းစားကြည့်ရအောင်။ ဆရာတို့ နေ့တိုင်း ပြောဆိုရေးသားနေကြတဲ့ အကြောင်းအရာတွေကို ချုပ်ကြည့်ရင်နှစ်မျိုးပဲရှိတယ်လို့ ဆိုနိုင်တာပေါ့။ တစ်မျိုးက လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ ရေ၊ မြေ အစရှိတဲ့ အကောင်အထည်တွေ၊ နောက်တစ်မျိုးကတော့ ခုန သားတို့ သမီးတို့ ပြောတဲ့သဘာဝတို့၊ အခြေအနေတို့၊ ပတ်ဝန်းကျင်တို့၊ ပြီးတော့ ဉာဏ်ပညာတို့၊ မေတ္တာတို့၊ လောဘတို့၊ မျိုးချစ်စိတ်တို့ အစရှိတဲ့ အကောင်အထည် မမြင်သာတဲ့ သဘောတရားတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အဲဒီအကြောင်းအရာတွေကို ဖော်ပြတဲ့ စကားလုံးတွေကို ချုပ်ကြည့်ရင်လည်း နှစ်မျိုးရှိတာပေါ့။ 'အကောင်အထည် ပြစကားလုံး' ရယ် 'သဘောပြစကားလုံး'ရယ် အဲဒီနှစ်မျိုးပေါ့ကွယ်"

"ဆရာ၊ ဒီလိုဆိုရင် အကောင်အထည်မြင်သာတဲ့ အရာဝတ္ထုတွေကို ခေါ်တဲ့ စကားလုံးတွေအားလုံး အကောင်အထည်ပြစကားလုံးလို့ ခေါ်ရမှာပေါ့နော်"

"ဟုတ်တာပေါ့"

"သမီးလည်း ပြောကြည့်ပါ့မယ်။ ခုန ဆရာပြောသလို အကောင်အထည်မမြင်သာတဲ့ ဒြပ်မဲ့သဘောတရားတွေကိုခေါ်တဲ့ စကားလုံးတွေအားလုံး သဘောပြစကားလုံးတွေပေါ့နော် ဆရာ"

"အေး. . . ဟုတ်ပါတယ်။အသေးစိတ်ပြီးပြောရရင် 'လူ၊ ခွေး၊ မိန်းမ၊ ယောက်ျား၊ ဆရာ၊ စစ်သား' စသည်ဖြင့် သက်ရှိတွေကို ခေါ်တဲ့စကားလုံးတွေ၊ 'ရေ၊ မြေ၊ အိမ်၊ ကျောင်း၊ စာအုပ်၊ ဖိနပ်' စသည့်ဖြင့် သက်မဲ့ပစ္စည်းတွေကို ခေါ်တဲ့ စကားလုံးတွေ ပြီးတော့ 'နီ၊ ဝါ၊ စိမ်း၊ ဝိုင်း၊ ချွန်၊ လေးထောင့်' စသည်ဖြင့် အရောင်အသွေးတွေ ပုံပန်းသဏ္ဌာန်တွေကို ခေါ်တဲ့ စကားလုံးတွေ၊ 'သွားလာ၊ ရိုက်၊ စား၊ သတ်၊ ထု' စသည်ဖြင့် အပြုအမူတွေကို ခေါ်တဲ့ စကားလုံးတွေ၊ 'ရယ်၊ ငို၊ ပြေး၊ ခုန်' စသည်ဖြင့် အမူအရာတွေကို ခေါ်တဲ့ စကားလုံးတွေ၊ အဲဒါတွေအားလုံး အကောင်အထည်ပြစကားလုံးတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"တစ်မျိုးပြောရရင်တော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဆိုတဲ့ အာရုံငါးပါးကို ဖော်ပြနိုင်တဲ့ စကားလုံးတွေပဲပေါ့"

"ဒီလိုဆိုရင် ဆူညံတို့ ၊ မွှေးတို့၊ ချိုတို့၊ နူးညံ့တို့လို စကားလုံးတွေလည်း အကျုံးဝင်မှာပေါ့နော် ဆရာ"

"သမီးပြောတာမှန်ပါတယ်။ ကဲ. . . ဆက်ပြီး စဉ်းစားကြည့်ကြရအောင်။ သဘောပြစကားလုံးဆိုတာ ဘယ်လိုစကားလုံးမျိုးတွေပါလိမ့်"

"ဟုတ်ကဲ့ အကောင်အထည်မမြင်ရတဲ့ ဉာဏ်တို့၊ စိတ်တို့၊ ဒေါသတို့၊ ဝါဒတို့၊ စနစ်တို့၊ အယူအဆတို့၊ ခံယူချက်တို့ဆိုတဲ့ စကားလုံးမျိုးတွေ ပါမှာပေါ့နော် ဆရာ"

"ပြီးတော့ 'ချစ်၊ မုန်း၊ သနား၊ ကြောက်၊ ပျော်'စသည်ဖြင့် စိတ်ခံစားမှုကို ခေါ်တဲ့ စကားလုံးမျိုးတွေလည်း ပါမယ်ထင်ပါတယ်ဆရာ"

"ဟုတ်ပါပြီ။ ချုပ်လိုက်ရင်တော့ အကောင်အထည်မြင်သာတဲ့ စကားလုံးတွေကို အကောင်အထည်ပြစကားလုံး( Concrete word ) အကောင်အထည်မမြင်သာတဲ့ စကားလုံးတွေကို သဘောပြစကားလုံး (abstract word ) လို့ ခေါ်တယ်ဆိုတာပါပဲကွယ်"

" ဟုတ်ကဲ့ပါ။ သမီးတို့မှတ်ထားပါ့မယ်"

"ကဲ. . . စာအရေးအသားအကြောင်း ဆက်ရအောင်။ စာရေးရင် အကောင်အထည်ပြစကားလုံးတွေ များများသုံးလေလေ၊ ထင်လွယ်မြင်လွယ်ဖြစ်လေလေ၊ သဘောပြစကားလုံးတွေ များများသုံးလေလေ ထင်လွယ်မြင်လွယ်မဖြစ်ဘဲ ဝိုးတိုးဝါးတား ဖြစ်လေလေဆိုတာ သားတို့ သမီးတို့ သဘောပေါက်ရောပေါ့"

"ဟုတ်ကဲ့။ သဘောပေါက်ပါပြီ ဆရာ"

"ဒါပေမယ့် သဘောပြစကားလုံးတွေကို အကောင်အထည်ပြစကားလုံးတွေနဲ့ တွဲသုံးရင်တော့ ထင်သာမြင်သာဖြစ်တယ်ကွဲ့။ တို့နေ့တိုင်းသုံးနေတဲ့ စကားလုံးတွေထဲမှာ အဲဒီလို အသုံးတွေ အများကြီးရှိတယ်"

"ဘယ်လိုအသုံးတွေပါလဲ ဆရာ"

"ဥပစာ စကားလုံးတွေအကြောင်းပြောတုန်းက ဆရာ တော်တော်များများပြောပြီးပါပြီ။ ဥပမာကွယ်၊ 'စိတ်'တို့ 'အတွေး'တို့ 'အကြံ' တို့ဆိုတဲ့ သဘောပြ စကားလုံးတွေကို အကောင်အထည်ပြစကားလုံးတွေနဲ့ တွဲပြီးသုံးတော့ 'စိတ်တိုတယ်၊ စိတ်ကောက်တယ်၊ အတွေးတိမ်တယ်၊ အတွေးချော်တယ်၊ အကြံကြီးတယ်' ဆိုတဲ့ စကားလုံးတွေဖြစ်လာတယ် မဟုတ်လား။ အဲဒီစကားလုံးမျိုးတွေကို တွင်တွင်ကျယ်ကျယ် သုံးနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ကဲ 'သဘောထား'ဆိုတဲ့ စကားလုံးဟာ အကောင်အထည် မမြင်သာပေမယ့် 'ဒီပုဂ္ဂိုလ်ကြီးက သဘောထားတင်းမာတယ်၊ ဟိုပုဂ္ဂိုလ်ကြီးက သဘောထားပျော့ပျောင်းတယ်' လို့ သုံးလိုက်တော့'တင်းမာ' 'ပျော့ပျောင်း' ဆိုတဲ့ အကောင်အထည်မြင်သာတဲ့ စကားတွေကြောင့် သဘောထားတွေ ထင်ရှားလာတာပေါ့ကွယ် ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုပဲ 'ဒီကိစ္စကို ကွဲကွဲပြားပြား ရှိစေချင်ပါတယ်'လို့ ပြောရင် မမြင်သာပေမယ့် 'ဒီကိစ္စကို အဖြူလား အမည်းလား ကွဲပြားစေချင်ပါတယ်' လို့ပြောရင်တော့ အဖြူအမည်းဆိုတဲ့ အကောင်အထည်မြင်သာတဲ့ စကားတွေကြောင့် ပိုပြီးထင်ရှားလာတယ် မဟုတ်လားကွယ်"

"ဟုတ်ပါတယ်ဆရာ"

"ပြစရာ သာဓကတွေကတော့ အများကြီးရှိပါတယ်။ ထိတ်ထိတ်လန့်လန့် ဖြစ်နေတဲ့ အမူအရာကို 'သူတို့ထိတ်ထိတ်လန့်လန့် ဖြစ်နေတယ်'လို့ ပြောရင် မမြင်သာပေမယ့် သူတို့ကျီးလန့်စာစား. . . ဖြစ်နေတယ်' လို့ပြောရင် အစာစားနေတဲ့ ကျီးကန်းရဲ့ ထိတ်ထိတ်လန့်လန့် အမူအရာမြင်ယောင်လာတာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"နေ့စဉ် သုံးနေတဲ့စကားတွေထဲမှာ အဲဒီလိုအကောင်အထည်ပြ တဲ့ စကားလုံးတွေ အများကြီးရှိတာမို့ သူ့နေရာနဲ့သူ သုံးတတ်ရင် ထိထိရောက်ရောက်ရှိတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဆရာစဉ်းစားကြည့်တယ်။ သားတို့ သမီးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းရေးတာ လောကကြီးတို့၊ သဘာဝပတ်ဝန်းကျင်တို့ဆိုတဲ့ ထင်သာမြင်သာ မရှိတဲ့ 'အကြီးကြီး' တွေနဲ့ စထားတဲ့အပြင် အနေအထားတို့၊ သဘောသဘာဝတို့ဆိုတဲ့ အင်မတန်အသိခက်ပြီး မထင်ရှားတဲ့ အသုံးတွေ အများကြီးပါနေလို့ သမီးတို့ အယ်ဒီတာချုပ်က ထောက်ပြတာဖြစ်မယ်ထင်တယ်။ အဲဒီလို မစဘဲ သားတို့ သမီးတို့ ကိုယ်တိုင်မြင်နိုင်တွေ့နိုင်တဲ့ နေရာဒေသက သစ်ပင်တွေ၊ ရေတွေ၊ မြေကြီးတွေ၊ လေထုတွေ၊ ပတ်ဝန်းကျင်မှာ ညစ်ညမ်းနေတဲ့ မီးခိုးတွေ၊ မြေကြီးပေါ်က အမှိုက်သရိုက်တွေဆိုတဲ့ ထင်သာမြင်သာတဲ့ဟာတွေကို ပြရင်းနဲ့မှ ပတ်ဝန်းကျင်ရဲ့ ညစ်ညမ်းမှုတွေ၊ မသန့်ရှင်းမှုတွေကို ထင်သာမြင်သာ ဖြစ်လာအောင်ပြရင် အဲဒီတစ်မျိုးက ပိုပြီးဖတ်ချင်စဖွယ်ဖြစ်မှာပေါ့ကွယ်"

"အကောင်အထည်ပြစကားလုံးတွေရဲ့ အရေးကြီးပုံကို တော်တော် သဘောပေါက်သွားပါပြီ ဆရာ။ ကျေးဇူးတင်ပါတယ်"

**"စာရေးရင် အကောင်အထည်ပြစကားလုံးတွေများများသုံးလေလေ၊ ထင်လွယ်မြင်လွယ်ဖြစ်လေလေ၊ သဘောပြစကားလုံးတွေ များများသုံးလေလေ ထင်လွယ်မြင်လွယ်မဖြစ်ဘဲ ဝိုးတိုးဝါးတား ဖြစ်လေလေဆိုတာ သားတို့ သမီးတို့ သဘောပေါက်ရောပေါ့"**

## ရမည်းသင်းမြို့ လေသာဘုန်းကြီးကျောင်းတိုက်အတွင်း မီးလောင်မှုဖြစ်

**ရမည်းသင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လေသာကျောင်းတိုက်အတွင်းရှိ ကျောင်း ၁၁ ကျောင်းအနက် စန္ဒာရတနာကျောင်း၌ ဖေဖော်ဝါရီ ၂၈ ရက် ည ၇ နာရီ ၄၅ မိနစ်က မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်ဦးစီးအရာရှိ ဦးထွန်းနိုင်ဦး ဦးဆောင်၍သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦးနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးသတ်ယာဉ် ရှစ်စီး၊ မြို့နယ်စည်ပင်သာယာရေး ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်း၍ မီးငြှိမ်းသတ်ရာ ည ၈ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ပြီး ၈ နာရီခွဲတွင် မီးငြိမ်းသည်။ ရေဂါလန် ၆၄၀၀ အသုံးပြုငြှိမ်းသတ်ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် ငွေကျပ် ၈၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မီးသတ်ဌာနမှ သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ အောင်မင်္ဂလာရပ်ကွက်နေ ဦးကျော်စိုးလွင် (၃၇ နှစ်) ကို ရမည်းသင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရမည်းသင်းမြို့သား**



## မုံရွာမြို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**မုံရွာ မတ် ၁**

မတ် ၁ ရက်တွင် မုံရွာမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ကျော်ဦးဆောင်သောသစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်လင်းထက်နိုင်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မုံရွာမြို့နယ် မြောက်ပိုင်းဘိနယ်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် နံနက် ၇ နာရီက ချမ်းမြဝတီရပ်ကွက် ဗန္ဓုလလမ်းနှင့်ရေကူးကန် လမ်းထောင့်နေရာတွင် စပါးခွံအိတ်များ ဖုံးအုပ်တင်ဆောင်လာသည့်ယာဉ်အမှတ် ၃ခ/. . . . (နီဆန်းဒီဇယ်၊ ၁၂ဘီး၊ အဝါရောင်) ယာဉ်တစ်စီးကို မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ တရားမဝင်ပိတောက်ခွဲသားခြောက်ချောင်း၊ ၀ ဒသမ ၆၃၈၈ တန်၊ ပိတောက်ခွဲခြမ်းတစ်ခြမ်း၊ ၀ ဒသမ ၂၇၇၈ တန်၊ တမလန်းခွဲသား ၈၁ ချောင်း၊ ၇ ဒသမ ၄၈၆၈ တန်၊ တမလန်းခွဲခြမ်းနှစ်ခြမ်း ၀ ဒသမ ၃၁၈၀ တန်စုစုပေါင်း တရားမဝင် ပိတောက်၊ တမလန်း ၈ ဒသမ ၇၂၁၄ တန်ကို ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ ဖမ်းဆီးရမိသည်။

မုံရွာမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မတ် ၁ ရက်အထိ တရားမဝင် သစ်ဖမ်းဆီးမှု (၈၈)ကြိမ်တွင် တရားမဝင် ကျွန်း/သစ်မာ/အခြား ၄၇၅ ဒသမ ၇၇၉၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၅ ဦး၊ မော်တော်ယာဉ် ၂၈ စီး၊ ထော်လာဂျီ ရှစ်စီး၊ ရေယာဉ်ငါးစီးဖမ်းဆီးရမိသည်။

**အောင်ဆွေ(iprd)**

ပြည်တွင်းသတင်း

# လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရာတွင် သမဝါယမအခန်းကဏ္ဍအရေးပါ

နေပြည်တော် မတ် ၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အတူ ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးရွာပေါင်း ၂၈ ရွာ နှင့် ရပ်ကွက်နှစ်ခုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် သမဝါယမအခန်းကဏ္ဍ၏အရေးပါမှုနှင့် တောင်သူများ ထုတ်လုပ်သော လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပသို့ ခိုင်မာသော ဈေးနှုန်းဖြင့် ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာကုန်ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက နိုင်ငံနှင့်အဝန်း ကျေးလက်နေပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ အရင်းအနှီးရရှိရေး ကူညီဆောင်ရွက်ပေးနေမှုများ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အရစ်ကျနှစ်ရှည်စနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးကူညီပေးနေမှုများ၊ ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် ပြည်သူများအတွက် အရင်းအနှီးငွေကြေးလိုအပ်ချက်များကို အလွန်သက်သာသောနှုန်းထားဖြင့် ထောက်ပံ့စီစဉ်ဆောင်ရွက်ပေးနေမှု လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း သမဝါယမအသင်းများ ဖွဲ့စည်း၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အဖွဲ့သည် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ် အခမ်းအနားကျင်းပမည့် MICC-2 ခန်းမသို့ရောက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ခင်းကျင်းထားရှိသည့် ခေတ်မီလယ်ယာသုံးစက်များ၊ ကူဘိုတာထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဆည်မြောင်းဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့က တီထွင်ထုတ်လုပ်ထားသော လယ်ယာသုံးအထောက်အကူပြုစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်မခန်းမဆောင်အတွင်း ပြသထားသောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲဆုရသီးနှံအမယ်များနှင့် မြန်မာ့လယ်ယာထွက်ကုန်သီးနှံအမျိုးမျိုးဌာနဆိုင်ရာပြခန်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏



အခန်းကဏ္ဍအလိုက် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် တောင်သူလယ်သမားဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ပထမဆုငွေကျပ် သိန်း ၅၀၊ ဒုတိယဆုငွေကျပ် သိန်း ၄၀၊ တတိယဆု ငွေကျပ် သိန်း ၃၀ ၊ စတုတ္ထဆုငွေကျပ်သိန်း ၂၀ ၊ ပဉ္စမဆုငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ၁၀ ဆုကို ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားနေ့ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားများကို MICC-2 ခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း မတ် ၁ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စား၍ လာရောက်လေ့လာကြသူများအား သက်ဆိုင်ရာပြခန်းပညာရှင်များက ကဏ္ဍအလိုက်ရှင်းလင်းပြသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၈)နှစ်မြောက် တောင်သူလယ်သမားနေ့ ဂုဏ်ပြု ဘုရားချောင်း ချောင်းကူးတံတားဖွင့်



**မြောင်းမြ မတ် ၁**

(၆၈) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက မြောင်းမြမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လုပ်ကိုင်သည့် ဘုရားချောင်း ချောင်းကူးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ဘုရားချောင်း ချောင်းကူးတံတားသည် အရှည်ပေ ၉၀၊ အကျယ် ၁၈ ပေ၊ ကွန်ကရစ်အုတ်ခံ သံပေါင်ရက်မ သစ်သားကြမ်းခင်းတံတားအမျိုးအစားဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အိတ်ဖွင့်တင်ဒါအောင်မြင်ခဲ့သော AREA 51 ကုမ္ပဏီက တာဝန်ယူတည်ဆောက်ကာ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၅၉၂ သိန်းကုန်ကျကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်၏ ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ ဘုရားချောင်း မြရတနာရပ်ကွက် နဝရတ်လမ်းပေါ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် နဝရတ်လမ်းကွန်ကရစ်တံတားဖွင့်ပွဲကို ဆက်လက်ကျင်းပသည်။ ဘုရားချောင်း၊ ချောင်းကူးတံတားနှင့် နဝရတ်လမ်း တစ်ဆက်တစ်စပ်တည်းပြီးစီးသွားပြီဖြစ်၍ မြောင်းမြမြို့တွင်းသို့ အဝေးပြေးလမ်းမကြီးမှတစ်ဆင့် အခြားသောမြို့နယ်၊ ကျေးရွာများမှတင်ပို့သော ကုန်ပစ္စည်းများ လွယ်ကူလျင်မြန်စွာရောက်ရှိပြီး ဘုရားချောင်းရပ်ကွက်နေ လုပ်သားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (iprd)**

# တောင်သူလယ်သမားနေ့ကိုဂုဏ်ပြုသောအားဖြင့် စဥ့်ကိုင်မြို့နယ်၌ လျှပ်စစ်မီးနှင့် စက်ရေတွင်းဖွင့်

**စဥ့်ကိုင် မတ် ၁**

၂၀၁၅ ခုနှစ် မတ် ၂ ရက်နေ့တွင်ကျရောက်သော တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကြက်မျှားကျေးရွာ၌ ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးနှင့်စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာနက ဝင်ငွေကျပ် ၂၃၈ သိန်းပံ့ပိုးပေးကာ စေတနာရှင် အလှူရှင်များနှင့် ကျေးရွာပြည်သူတို့ပူးပေါင်းပြီး ငွေကျပ်သိန်း ၇၀၀ ကျော်ဖြင့် 200 KVA ထရန်စဖော်မာ၊ 11 KVA ဓာတ်အားလိုင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၁၉ အိမ်ရှိရာမှ ၈၁ အိမ်မီးလင်းပြီး အိမ်ခြေ ၄၀ မီးလင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၁၁)




# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ငါးမွေးတောင်သူများထံ တိုင်းရင်းငါးမျိုးများထောက်ပံ့

**သနပ်ပင် မတ် ၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်အရ တောင်သူလယ်သမားနေ့ကို ကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က ပဲခူးခရိုင် သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာအုပ်စုရှိ လယ်ကြား ကန်/ မြောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်မွေးမြူရန်အတွက် တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးခူ၊ ငါးရံ့၊ ငါးပြေမ ငါးမျိုးကောင်ရေ ၂၂၅၀၀ ကိုပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာနေ ငါးမွေးတောင်သူများထံ ငါးမျိုးများ ထောက်ပံ့ပေးအပ်ပြီး လယ်ကြားကန်/မြောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ရဲထွန်း (မင်းလှ)**



# ဇီဝိတဒါနသံဃာ့ဆေးရုံ ခုနစ်နှစ်ပြည့် ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး မတ် ၁**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်း၌ ဖွင့်လှစ်ထားရှိသော ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ခုနစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သမားတော်ကြီးများနှင့် စေတနာရှင်ကော်မတီဝင်များအား တတိယအကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂုဏ်ပြုပွဲဖြစ်မြောက်ရေး လုပ်ငန်းဗဟိုကော်မတီနာယက ပါမောက္ခ ဒေါက်တာ ဦးကိုလေးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်က ဂုဏ်ပြုရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ သာသနာတော်၏ ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်နှင့် မန္တလေးမြို့တော်၏ဂုဏ်ကို ဖော်ကျူးနေသည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား သုခချမ်းသာရရှိစေခြင်းငှာ အချိန်အခါမရွေး လေးစားကြည်ညိုသဒ္ဓါပြည့်စုံစွာဖြင့် ကုသိုလ်ပြုကြပ်မတ်ကုသပေးခဲ့ကြသော မေတ္တာရှင်ဆရာဝန်ကြီး ဆရာမကြီးတို့နှင့် ငွေအားဒါန၊ ပစ္စည်းဒါနနှင့် လုပ်အားဒါနပေးလှူ၍ နေ့ညမဟူ စောင့်ရှောက်ကူညီနေကြသော မြို့မိမြို့ဖ စီမံခန့်ခွဲရေးကော်မတီဝင်များနှင့်ဆပ်ကော်မတီအဖွဲ့တို့၏ မြင့်မြတ်သောစိတ်ဓာတ်ကို တန်ဖိုးထားလေးစားစွာဖြင့် အသိအမှတ်ပြုဂုဏ်ပြုပေးခြင်း ဖြစ်ပါကြောင်းနှင့် သံဃာ့ဆေးရုံကြီး အစဉ်ထာဝရတည်တံ့၍ တိုးတက်စေရန် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးကြမည့် မျိုးဆက်သစ်ကုသိုလ်ရှင်ကော်မတီဝင်များကိုလည်း အားကိုးတကြီး ဖိတ်ခေါ်စောင့်မျှော်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဂုဏ်ပြုခံဆရာဝန်သမားတော်ကြီးများနှင့် စေတနာဖြင့် လုပ်အားဒါနပြုနေကြသည့် ရပ်မိရပ်ဖ စီမံခန့်ခွဲရေးကော်မတီဝင်များ ဆပ်ကော်မတီဝင်များအား အမှတ်တရ ဂုဏ်ပြုလက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း

# ထန်းတစ်ပင်ဆုတောင်းပြည့်တောရကျောင်းတိုက်သံဃာတော်များအား သပိတ်ဆွမ်းလောင်းလှူခြင်းနှင့် ရေစက်ချမင်္ဂလာကျင်းပ



**နေပြည်တော် မတ် ၁**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေဒက္ခိဏသီရိမြို့နယ် ထန်းတစ်ပင်ဆုတောင်းပြည့်တောရကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော် ၄၅ ပါးအား အရုဏ်ဆွမ်းသပိတ်လောင်းလှူခြင်းအခမ်းအနားသို့ တက်ရောက်၍ သံဃာတော် တစ်ပါးချင်းအား အရုဏ်ဆွမ်းနှင့် ဘောဇဉ်ခဲဖွယ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တောရကျောင်းတိုက်ဓမ္မာရုံတွင် အုတ်တံတိုင်း စုစုပေါင်း ၉၅ ခန်းကာရံခြင်း၊ မုခ်ဦးနှင့် သံပန်းတံခါးအလှူများအတွက် ရေစက်ချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကိုကျင်းပရာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေဝလက ငါးပါးသီလပေးတရား ဟောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး ဗုဒ္ဓဘာသာသာသနာထွန်းကားပြန့်ပွားရေးနှင့် သာသနာတော်ကြီး အရှည်တည်တံ့ ခိုင်မြဲရေးအတွက် သာသနာရေးဆိုင်ရာများ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အလှူရှင်မိသားစုများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်၍ ရေစက်သွန်းချခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပမည်

**နေပြည်တော် မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု မီဒီယာအဖြစ် အသွင်သဏ္ဍာန်နှင့် အနှစ်သာရပါ ပြုပြင်ပြောင်းလဲလျက်ရှိသည်။ မြန်မာ့အသံ(ရေဒီယို)၏ ဒေသဆိုင်ရာ အမာခံသတင်းထောက်များ တိုးပွားလာစေရန် မြန်မာ့အသံမှ ထုတ်လွှင့်သည့် အစီအစဉ်များအပေါ် ဝေဖန်အကြံပြုချက်များ ရရှိစေရန်နှင့် သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများအကြား ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိစေရန်ရည်ရွယ်၍ မြန်မာ့အသံချစ်သူများအဖွဲ့ကို ၂၀၁၃ ခုနှစ် မေလတွင် မြန်မာ့အသံ(ရေဒီယို)မှ သတင်းထုတ်ပြန်ပြီး ဖိတ်ခေါ်ဖွဲ့စည်းခဲ့ရာ ယခုအခါ အနယ်နယ်အရပ်ရပ်မှ မြန်မာ့အသံချစ်သူအဖွဲ့ဝင် ၂၀၀၀ ကျော်ရှိပြီဖြစ်သည်။

ပထမအကြိမ် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မတ် ၁၄ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ သရုပ်ဆောင် စည်သူမောင်၊ တေးသံရှင်ရှင်ဖုန်းနှင့်ဝိုင်းလေးစသည့် အနုပညာရှင်များ၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ ဇင်ဝိုင်း၊ ချမ်းမြေ့ဝင်း၊ မီမီခိုင်၊ ငုဝါခိုင်စသည့် မြန်မာ့အသံဝန်ထမ်းများက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ တက်ရောက်နိုင်ကြပြီး အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်လိုသူများအနေဖြင့် မြန်မာ့အသံသို့ ဆက်သွယ်ဝင်ရောက်နိုင်ကြသည်။ တက်ရောက်လိုသူ အဖွဲ့ဝင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၄၂၀၊ ၀၆၇-၇၉၂၁၅၊ ၀၉-၂၅၃၆၁၈၁၁၃ တို့ သို့လည်းကောင်း၊ radionewsroom .mrtv @ gmail. com သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ် ၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

မြန်မာ့အသံ ချစ်သူများအဖွဲ့-အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အလှည့်ကျကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သကြိန်မဏ္ဍပ်များ ဆောက်လုပ်ခွင့် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ

**ရန်ကုန် မတ် ၁**

၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်း၊ ကမ္ဘာအေးဘုရားလမ်း(အင်းလျားကန်ပေါင်)၊ ပြည်လမ်း၊ ပါရမီလမ်းနှင့် မြို့နယ်များအတွင်းရှိ နေရာများတွင် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လိုပါက မဏ္ဍပ်နေရာတိကျစွာ ဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ စိစစ်ထောက်ခံချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဒုတိယဌာနမှူးရုံးသို့ ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ကိုယ်တိုင်ပေးပို့လျှောက်ထားနိုင်ပါသည်။

သင်္ကြန်မဏ္ဍပ်များ လျှောက်ထားရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ချက်ဖြင့် မဏ္ဍပ်လျှောက်ထားသူပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံ/ဒုတိယတာဝန်ခံ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များ ထိန်းသိမ်းရေးတာဝန်ခံ/ဒုတိယတာဝန်ခံတို့၏ ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ၊ ဓာတ်ပုံများနှင့်တကွ မဏ္ဍပ်တည်ဆောက်မည့်ပုံစံနှင့်အတူ သတ်မှတ်ရက်အတွင်း လျှောက်ထားကြရမည် ဖြစ်ပါသည်။

မဏ္ဍပ်များ လျှောက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဏ္ဍပ်နေရာချထားရေးကော်မတီကစိစစ်၍ ခွင့်ပြုနိုင်သော မဏ္ဍပ်နေရာများကို စနစ်တကျ ခွင့်ပြုနေရာချထားပေးမည်ဖြစ်ပြီး မဲစနစ်ဖြင့် ဆောင်ရွက်ရမည့်မဏ္ဍပ်နေရာများအတွက် ဆောင်ရွက်မည့်နေ့ရက်၊ နေရာနှင့် အချိန်ကို လျှောက်ထားသူများကို အချိန်မီအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မဏ္ဍပ်နေရာချထားရေးကော်မတီ**

# လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ Police Open Day အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း၌ ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အထောက်အကူပစ္စည်းများကို ပြည်သူများ သိရှိလေ့လာနိုင်ရန်နှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူတို့ ခင်မင်ရင်းနှီးစွာဖြင့် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Police Open Day အခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။



Police Open Day အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်း၊ ရန်ကုန်တိုင်းဒေသ ကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ အမှတ်(၅)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ကျော်ထွန်း၊ တပ်ဖွဲ့အသီးသီးမှ ရဲအရာရှိကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ EU (European Union) မှ Mr.David Hamilton,Mr. Tom Patterson, Mr.Paul Mayne တို့နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘင်ခရာတီးဝိုင်းအဖွဲ့မှ ဧည့်ခံဖျော်ဖြေပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့များဖြစ်သော အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့နှင့် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရဲတပ်ဖွဲ့သုံးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ခင်းကျင်းပြသခဲ့ပြီး လေ့လာသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ စုစုပေါင်း ၁၅၀၀ ခန့် လာရောက်၍ လေ့လာကြည့်ရှုခဲ့ ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့မှ ဧည့်ခံဖျော်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းများအပြင် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ကံထူးရှင်များ ထွက်ပေါ်

**(၃၁၄) ကြိမ် ၁-၃-၂၀၁၅ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများ**

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

င-၁၄၅၇၆၉

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)**

| | |
|---|---|
| ကစ-၃၆၄၁၅၈ | ကဂ-၈၅၆၀၅၃ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ**

| | | |
|---|---|---|
| ဝ-၈၂၄၄၃၄ | ကစ-၆၃၈၈၂၉ | ဋ-၆၈၃၆၈၉ |
| ည-၆၅၈၁၃၈ | ဆ-၃၀၆၅၁၃ | |

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၃၀၀)ဆုများ**

| | | |
|---|---|---|
| ဋ-၉၁၄၈၈၉ | န-၃၁၄၂၅၀ | ခ-၁၃၃၁၄၀ |
| ပ-၉၄၂၆၇၃ | ဂ-၃၄၀၉၁၆ | ခ-၅၁၀၂၁၉ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀)ဆုများ**

| | | |
|---|---|---|
| ဋ-၈၂၁၀၉၆ | ဍ-၇၉၀၅၆၉ | န-၄၇၆၉၁၂ |
| ကစ-၈၉၁၁၅၁ | ဗ-၄၃၇၀၇၆ | က-၆၈၁၉၆၄ |
| က-၇၃၇၆၇၅ | | |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀)ဆုမဲများ**

| | | |
|---|---|---|
| ဈ-၄၀၃၈၄၁ | ရ-၅၀၅၆၈၅ | န-၇၄၆၄၅၃ |
| သ-၅၅၃၈၈၅ | ထ-၁၅၃၃၂၅ | ဇ-၈၈၄၇၆၆ |
| လ-၇၈၈၇၃၇ | ယ-၉၅၉၀၀၇ | တ-၆၈၁၇၄၄ |
| ရ-၉၆၅၂၇၄ | ယ-၈၆၅၆၈၉ | င-၃၉၆၃၁၃ |
| န-၉၇၄၉၆၅ | ဗ-၅၂၁၃၃၄ | ဝ-၁၉၁၇၄၂ |
| ည-၉၂၈၉၁၈ | ခ-၈၉၄၁၁၇ | န-၆၀၉၅၃၆ |

# မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများ ဗီယက်နမ်သို့ ထွက်ခွာ

**နေပြည်တော် မတ် ၁**

ဗီယက်နမ်နိုင်ငံစာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံတွင် မတ် ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည့် The Third International Conference to introduce Vietnamese Literature and Second Asia- Pacific Poety Festival တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ခေါင်းဆောင်သော စာရေးဆရာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁ ရက် ညနေ ၇ နာရီတွင် မင်္ဂလာဒုံလေဆိပ်မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြောင်းနှင့် အဖွဲ့ဝင်များအဖြစ် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဒေါက်တာ တင်မောင်ထွေး (ဒေါက်ထွေး-ဆေး/မန်း)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) တို့လိုက်ပါသွားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ အိမ်ရာစီမံကိန်းလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Sky Suites ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော ရန်ရှင်းကွန်ဒိုမီနီယမ်စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြခန်းနှင့် စီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံ(လင့်လမ်း)၊ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး မြန်မာစေတနာ ကုမ္ပဏီလီမိတက်နှင့် ထိုက်စင် ကုမ္ပဏီလီမိတက်တို့မှ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၅၁ လမ်း၊ အိမ်ရာပြန်လည် စည်ပင်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး Moon Sun Co.,Ltd. မှ တာဝန်ယူ ဆောင်ရွက်သော အိမ်ရာစီမံကိန်းလုပ်ငန်း အခြေအနေကိုလည်းကောင်း၊ မဟာနဝရတ်မြေဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်သော အိမ်ရာစီမံကိန်း လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးသော အိမ်ခန်းများအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ဂရုနှင့် High Tech ကုမ္ပဏီများမှ Precast ထုတ်လုပ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်တွင် Yuzana Construction Co.,Ltd. မှ Botataung Time Square အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





# ရှေးဟောင်းသမိုင်းဝင် ဇလုံတောင် ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်

**ဗန်းမော်က် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဇလုံတောင်တော်**(အပေါ်ပုံ)**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် ဇလုံတောင်တော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝအမျိုးသားဥယျာဉ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားရှိရာ ဇလုံတောင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဦးစီးနာယကအဖွဲ့၊ ဇလုံတောင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးဆပ်ကော်မတီ၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ၊ ပစ္စည်းဝယ်ယူရေးကော်မတီ စသည်တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ကော်မတီအလိုက် တာဝန်ပေးအပ်ထားသော လုပ်ငန်းများကို ဘတ်ဂျက်နှစ်အတွင်း ပြီးစီးရေး၊ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစေရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲအောင်မြင်ရေးအတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် စီစဉ်ထားကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

# သံဖြူဇရပ်၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်

**သံဖြူဇရပ် မတ် ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် တလမွန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပင်ဆားစီမံကိန်းလမ်း (Box Culvert) ရေပွန် ၁၀ စင်း တည်ဆောက်မှုကို မြို့နယ်ဦးစီးမှူး ဦးခင်စိုး (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့က ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၈၅)**

# တပ်မတော်သားများအတွက် အလှူငွေများထောက်ပံ့

**မုံရွာ မတ် ၁**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(လားရှိုး)ရွှေလီရိပ်သာ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။ အဆိုပါ ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲတွင် မုံရွာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးအောင်ဇော်သွင်(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စား လှူဒါန်းထောက်ပံ့ငွေကျပ် ၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မီးဘေးသင့်အိမ်ထောင်စုများ ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ မတ် ၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သပွတ်ကျောကျေးရွာ၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ အိမ်ထောင်စု ၅၈ စု၊ လူဦးရေ ၂၄၄ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးဘေးသင့် အိမ်ထောင်စုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီ အဖွဲ့ဝင်များနှင့် အလှူရှင်များ ပူးပေါင်းပြီး မီးဘေးသင့် အိမ်ထောင်စုများ ယာယီနေထိုင်နိုင်ရေးအတွက် (၁၅× ၁၀) ပေ ခြောက်ခန်းတွဲ လေးဆောင် ဆောက်လုပ်ပေးခဲ့ပြီး အိမ်ထောင် စု ၂၄ စု အတွက် နေထိုင်စေခြင်း၊ ဘုန်းတော်ကြီးကျောင်းရှိ မီးစက်ဖြင့် မီးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်က (၆၀×၃၀) ပေ သံဖိနပ်ပါ သက်ငယ်မိုး ငါးပတ်လည် အဆောင်တစ်ဆောင် လှူဒါန်းခြင်းနှင့် မီးလောင်ပြင်ကို ဉာဏ်မြင့်ထက် ကုမ္ပဏီမှဒိုဇာအကူအညီဖြင့် ကျေးရွာမီးလောင်ပြင်ကို ရှင်းလင်းပေးခဲ့သည်။ ယင်းနောက် အလှူရှင်များက လာရောက်လှူဒါန်းသည့် ဆန်၊ ဆီ၊ ကြက်သွန်၊ အထည်စုံ၊ ဒန်အိုး၊ ဒန်ခွက်၊ သက်ငယ်၊ ဝါးစသည့် ထောက်ပံ့ပစ္စည်းများကို မီးဘေးသင့်ပြည်သူများအား စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် မတ် ၂၁ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနားကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် ဆောင်ပုဒ်မှာ Forests/Climate/Change ဖြစ်ပြီး "ဥတုရာသီတောကိုမှီ" ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

သို့ပါ၍ အထက်ပါခေါင်းစဉ်ဖြင့် ဆောင်းပါးနှင့်ဓာတ်ပုံများကို ပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးများကို A4ဆိုက် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myanmar Unicode (Myanmar 2) စာလုံးအရွယ်အစား ၁၈(fontsize 18)၊ ကွန်ပျူတာစာလုံး (Myanmar Unicode) (Myanmar 3) စာလုံးအရွယ်အစား ၁၄ (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅(Line Spacing 1.5)ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန် ဖြစ်ပါသည်။

ဓာတ်ပုံများ ရိုက်ကူးပေးပို့ရာတွင် အောက်ပါစည်းကမ်းချက်များနှင့်အညီ ပေးပို့ရမည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲဝင်ဓာတ်ပုံကို (၁၀×၁၂)လက်မထက်မငယ်သော၊ (၁၀×၁၅) လက်မထက်မကြီးသောအရွယ်အတွင်း ဓာတ်ပုံများကိုတစ်ဦးလျှင် လေးပုံနှုန်းဖြင့် တင်သွင်းနိုင်ပြီး မူရင်းဖိုင်မှာ CD (300 dpi) ပုံကြီးချဲ့နိုင်သော အဆင့်ရှိရပါမည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုခွင့်ရှိပြီး ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ထားသော ပုံများမဖြစ်စေရ။ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရပါမည်။ ဓာတ်ပုံတစ်ပုံစီအတွက် ဓာတ်ပုံအကြောင်းအရာအပြည့်အစုံ၊ တည်နေရာအပြည့်အစုံ ဖော်ပြရမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အထောက်အကူပြုပုံများ ဖြစ်ရမည်။

ပြိုင်ပွဲဝင်ဆောင်းပါးနှင့်ဓာတ်ပုံများပေးပို့ရာတွင် (Hard Copy) တစ်စုံနှင့် CD ဖြင့် (Soft Copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်၊ ကိုယ်ရေးရာဇဝင်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်၊ တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၅၃၉၄၊ ၀၆၇-၄၀၅၁၁၃၊ e.mail fdextension39@gmail.com သို့ ၂၀၁၅ ခုနှစ် မတ် ၁၀ ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

ဆုရရှိသူများကို နေပြည်တော်၌ကျင်းပမည့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**

## သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁၃၇၇ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့၊ ကန်တော်ကြီးပတ်လမ်း၊ ကမ္ဘာအေးဘုရားလမ်း (အင်းလျားကန်ဘောင်)၊ ပြည်လမ်း၊ ပါရမီလမ်းနှင့် မြို့နယ်များအတွင်းရှိ နေရာများတွင် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လိုပါက မဏ္ဍပ်နေရာ တိကျစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ စိစစ်ထောက်ခံချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဒုတိယဌာနမှူးရုံးသို့ ၂၀၁၅ခုနှစ် မတ် ၁၃ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်ပေးပို့လျှောက်ထားနိုင်ပါသည်။

သင်္ကြန်မဏ္ဍပ်များ လျှောက်ထားရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ချက်ဖြင့် မဏ္ဍပ်လျှောက်ထားသူပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံ/ဒုတာဝန်ခံ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များထိန်းသိမ်းရေးတာဝန်ခံ/ဒုတာဝန်ခံတို့၏ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ၊ ဓာတ်ပုံများနှင့်တကွ မဏ္ဍပ်တည်ဆောက်မည့် ပုံစံနှင့်အတူ သတ်မှတ်ရက်အတွင်း လျှောက်ထားကြရမည်ဖြစ်ပါသည်။

မဏ္ဍပ်များ လျှောက်ထားမှုများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဏ္ဍပ်နေရာချထားရေးကော်မတီကစိစစ်၍ ခွင့်ပြုနိုင်သော မဏ္ဍပ်နေရာများကို စနစ်တကျခွင့်ပြုနေရာချထားပေးမည်ဖြစ်ပြီး မဲစနစ်ဖြင့်ဆောင်ရွက်ရမည့် မဏ္ဍပ်နေရာများအတွက် ဆောင်ရွက်မည့်နေ့ရက်၊ နေရာနှင့်အချိန်ကို လျှောက်ထားသူများအား အချိန်မီ အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မဏ္ဍပ်နေရာချထားရေးကော်မတီ**

**သွေးသည် အသက်**

**မိခင် အမည်မှန်**

ဖားကန့်မြို့၊ ငှက်ပျောတော အလက(ခွဲ)ကျောင်း တတိယတန်းမှ မောင်ကျော်လင်းထူး၏ မိခင်အမည်မှန်မှာ ဒေါ်သဲသဲလွင် ၁/မကတ(နိုင်)၁၃၀၀၅၅ ဖြစ်ပါကြောင်း။ **ဒေါ်သဲသဲလွင်**

ပြည်တွင်းသတင်း

# ခွင့်ပြုချက်နှင့်မကိုက်ညီသည့် အဆောက်အအုံများ ဖြိုချအရေးယူမှုပြုလုပ်မည်

**မန္တလေး မတ် ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ တရားဝင်ခွင့်ပြုချက်ဖြင့် မူလတင်ပြထားသည့် အနေအထားနှင့် ကိုက်ညီမှုမရှိသော ဆောက်လုပ်ထားသည့် အဆောက်အအုံများ ၅၃ လုံးကို ဖြိုဖျက်အရေးယူမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လေးထပ်အထိသာ ခွင့်ပြုပေးပြီး လေးထပ်နှင့်အထပ်မြင့် အဆောက်အအုံများကို မန္တလေးတိုင်းဒေသကြီး ထပ်မြင့်ကြီးကြပ်ရေးကော်မတီမှသာ ခွင့်ပြုခြင်း ဖြစ်သည်။

ယခု မန္တလေးမြို့နေရာတော်တော်များများတွင် အဆောက်အအုံကန်ထရိုက်တာများက ခွင့်ပြုထားသည့် အနေအထားထက် အထပ်ပိုများဆောက်လုပ်ပြီး အခန်းအရောင်းအဝယ်မှား၍ အခန်းဝယ်ယူသူများ စိတ်သောကရောက်နေကြသည်။ ကန်ထရိုက်တာများက အခန်းပြန်လည်ပေးခြင်း၊ ပေးသွင်းထားသောငွေများနှင့်နစ်နာကြေးများ ထုတ်ပေးခြင်းမရှိ ရှောင်တိမ်းနေသဖြင့် အချို့တရားစွဲဆိုထားသည်ဟု သိရှိရသည်။

မန္တလေး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် အကွက် ၇၅၀ ဦးပိုင်အမှတ် (၈၄/က) ၃၃ နှင့် ၃၄ လမ်း ၇၀/၇၁ လမ်းကြား အမျိုးသမီးနှစ်ဦးမြေကွက်ကို ဦးခင်မောင်ရွှေ ( KMS ဆောက်လုပ်ရေး) မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လေးထပ်ဆောက်လုပ်ခွင့်ပြုခဲ့ရာ အာရ်စီသုံးထပ်ပိုမိုဆောက်လုပ်ထားသဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဖေဖော်ဝါရီ ၂၅ ရက်က တရားဝင်ဖြိုဖျက်နေသော အဆောက်အအုံကို တွေ့ခဲ့ရသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ခိုင်မာရေး စဉ့်ကူးမြို့နယ်မှ ပြည်သူ ၉၀၀ ကျော် ဆန္ဒထုတ်ဖော်

**စဉ့်ကူး မတ် ၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေးတို့အတွက် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲမှ စတင်၍ စုရပ်ဖြစ်သော ရတနာသိမ်တံတားသွား မြို့သစ်အမှတ်(၅)လမ်း တာရိုးမှ မြို့နယ်အားကစားကွင်း (ဟစ်တိုင်ကွင်း)သို့ ဒေသခံပြည်သူ ၉၀၀ ကျော် လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

စဉ့်ကူးမြို့နယ် ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် စဉ့်ကူးမြို့ရပ်ကွက် နေပြည်သူများက သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ တရားဝင်ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ ဒီမိုကရေစီရှင်သန်ခိုင်မာရေး ဒို့အရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒို့အရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှု ဖော်ဆောင်ရေး ဒို့အရေး စသည့်ကြွေးကြော်သံများဖြင့် မြို့နယ် အားကစားကွင်း (ဟစ်တိုင်ကွင်း) သို့ စုရုံးရောက်ရှိကြကာ နံနက် ၉ နာရီခွဲတွင် စာတမ်းဖတ်ကြားခြင်းများ ပြုလုပ်ကြပြီး ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့ကြသည်။

**ဝင်းမောင်**



# ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ရက် ဖေဖော်ဝါရီ ၂၃ ရက် တနင်္လာနေ့မှ စတင်၍ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့ မတ်လ ၄ ရက်အထိ ဗုဒ္ဓပူဇာ ဓမ္မပူဇာတို့ဖြင့် ကျင်းပပူဇော်လျက်ရှိသည်။

သံဃာ့ပူဇာအနေဖြင့် တပေါင်းလဆန်း ၁၄ ရက် မတ် ၃ ရက် အင်္ဂါနေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား စေတီတော်ရင်ပြင်၌ ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်သည်။ တပေါင်းလပြည့် မတ် ၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ၌ ရင်ပြင်တော် ရာဟုထောင့်ရှိ အောင်မြေ၌ ဆွမ်း၊ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်သည်။ ရပ်ဝေးရပ်နီး မှ အလှူရှင်များ၊ ဝေယျာဝစ္စဝတ် အသင်းအဖွဲ့ဝင်များ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင် ကြောင်း သိရသည်။

**ကိုချစ်**

# စားအုန်းဆီဈေးကွက်တွင် လက်ကျန်နည်း၍ ဈေးနှုန်းမြင့်တင်

**ရန်ကုန် မတ် ၁**

ရန်ကုန် စားအုန်းဆီဈေးကွက်တွင် လက်ငင်းဆီလက်ကျန် နည်းသည်ဟုဆိုကာ ဈေးနှုန်းမြင့်တင်မှုရှိရာ ဖေဖော်ဝါရီ ၂ ရက်က လက်ငင်းစားအုန်းဆီ တစ်ပိဿာ ၁၃၈၅ ကျပ်နှုန်းထိ မြင့်တက်သွားသော်လည်း ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိကြောင်း စားအုန်းဆီနယ်ပို့ အဝယ်တော် ဦးနေလင်းက ဆိုသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်ပ မလေးရှား စားအုန်းဆီ တစ်တန်လျှင် ၆၈၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁၀၄၅ ကျပ် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၃၄၉ ကျပ်နှုန်းရှိချိန် ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီထုတ်ယူမှုနှင့် စာရွက်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၃၄၀၊ လက်ငင်း ဆီတစ်ပိဿာ ၁၃၅၅ ကျပ်ရှိကြောင်း ဖေဖော်ဝါရီ ၂၇ ရက် FOB တစ်တန်ဈေးနှုန်း ၆၈၅ဒေါ်လာနှုန်းပင်ရှိပြီး ငွေလဲနှုန်း၁၀၄၇လျှင် တစ်ပိဿာအရင်းဈေး ၁၃၅၁ ကျပ်ရှိချိန်တွင် ဆီထုတ်ယူခွင့် စာရွက်ဈေးနှုန်း တစ်ပိဿာ ၁၃၇၀ -၁၃၇၅ ကျပ်၊ လက်ငင်းဆီတစ်ပိဿာ ၁၃၈၅ ကျပ်နှုန်းသို့ ဈေးမြင့်တက်လာခြင်း ဖြစ်ကြောင်း၊ တစ်လလျှင် ပြည်ပမှ စားအုန်းဆီ တန်ချိန် သုံးသောင်းဝန်းကျင် တင်သွင်းမှုရှိသော်လည်း ဈေးကွက်တွင် ဆီလက်ကျန်နည်းသည်ဆိုကာ ဈေးနှုန်းကစားမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်ဟု စားအုန်းဆီကုန်သည် တစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြည်ပမလေးရှား FOB စားအုန်းဆီ တစ်တန် ၆၉၅ ဒေါ်လာ ငွေလဲနှုန်း ၁၀၃၆ ကျပ် တစ်ပိဿာ အရင်းဈေး ၁၃၅၇ ကျပ်နှုန်းရှိချိန် ရန်ကုန်ဈေးကွက်တွင် လက်ငင်း စားအုန်းဆီ တစ်ပိဿာ လက်ကားရောင်းဈေး ၁၃၄၇ ကျပ်သာရှိခဲ့ကြောင်း၊ စားအုန်းဆီဈေးကွက်တွင် ကမ္ဘာ့ဈေးနှုန်းပေါ်တွင်သာမက လက်ငင်းဆီဈေးကွက်တွင်ရှိမှုပေါ်မူတည်၍ ဈေးနှုန်းမြင့်တက်တတ်ရာ လက်ငင်း ဆီလက်ဝယ်ရှိသူများ အကျိုးအမြတ်များရရှိတတ်သည်ဟု ဆီဈေးကွက်မှ သိရသည်။

**ခင်ဆိုင်**

## အသွင်သစ်နှင့် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် မတ် ၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များအား ဦးတည်ပရိသတ်အဖြစ်ထားရှိကာ သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

" အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ "

" International Women's Day "

" လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့ "

" Empowering Women, Empowering Humanity: Picture it "

နေပြည်တော် ၈.၃.၂၀၁၅

**သတင်းတိုများ**

## ရမည်းသင်းမြို့ရွှေမြင်တင်တောင်တော်မြတ် ပူဇနီယပွဲ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၏ နိုင်ငံတော်ဂေဇက်ဝင် သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်၏ ပူဇနိယ တပေါင်းပွဲတော်ကို တောင်တော်မြတ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ဘုရားဂေါပကအဖွဲ့ကကြီးမှူးပြီး မတ် ၁ ရက်နံနက် ၉နာရီက တောင်ခြေရှိ ကိုးခန်းဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။ ပွဲတော်တွင် တောင်သူလယ်သမားသုံး မြန်မာ့ရိုးရာ နွားဒုံးပြိုင်ပွဲကျင်းပပေးသည်။

ပွဲတော်လုံခြုံရေးနှင့် ပြည်သူများကျန်းမာရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနက (ယာယီ) ဆေးခန်းနှင့် ရဲကင်းများအား ဖွင့်လှစ်ပေးပြီး တပေါင်းလပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် သံဃာတော်အပါး ၂၀၀ ကျော်အား ကိုးခန်းဓမ္မာရုံကြီးရှေ့တွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲများကို စည်ကားသိုက်မြိုက်စွာ လောင်းလှူသွားကြမည် ဖြစ်သည်။ **(ဝ၁၁)**

## ပိုးသတ်ဆေးများထိရောက်စွာနှင့် သုံးစွဲခြင်း ပညာပေး

မိတ္ထီလာတွင် ပိုးသတ်ဆေးများထိရောက်စွာနှင့် လုံခြုံစိတ်ချစွာ သုံးစွဲခြင်းဆိုင်ရာ ပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

ဝါစိုက်တောင်သူများ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ထိရောက်အကျိုးရှိစွာ စနစ်တကျသုံးစွဲတတ်စေရန်နှင့် ပိုးသတ်ဆေးကြောင့် အသက်အန္တရာယ်ထိခိုက်မှုမရှိအောင် လုံခြုံစိတ်ချစွာသုံးစွဲတတ်စေရန် ရည်ရွယ်ချက်များဖြင့် အဆိုပါသင်တန်းကို တစ်ရက်သာ ဖွင့်လှစ်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စက်မှု သီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပညာပေးပို့ချရာ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ဦးစီးမှူးများနှင့် သင်တန်းသားစုစုပေါင်း ၁၉ ဦး တက်ရောက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# လိပ်ဥကုန်းစေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပ

**ဖျာပုံ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဖျာပုံမြို့ အမှတ် (၁၈) ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ကျိုက္ကမ္ဘမ် (သက်လွတ်ချမ်းသာ) လိပ်ဥကုန်းစေတီတော်မြတ်ကြီး၌ အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ကျိုက္ကမ္ဘမ်စေတီတော် မြတ်ကြီးဂေါပကအဖွဲ့က ကြီးမှူးလျက် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်များ၌ စေတီတော်မြတ်ကြီးကို ပန်းရထားဖြင့် ရွှေသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြမည်ဖြစ်ပြီး တပေါင်းလဆန်း ၇ ရက်မှ တပေါင်း လဆန်း ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျိုက္ကမ္ဘမ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ လိပ်ဥကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာ စရိယ) ကိုယ်တော်တိုင်ဦးစီး၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

ထို့အပြင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် စေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံရေး အတွက် လှူဒါန်းလိုသူများအနေဖြင့် အဆင်ပြေလွယ်ကူစွာလှူဒါန်းနိုင်ရေးအတွက်လည်း စေတီတော်ရင်ပြင်တွင် အလှူခံဌာနဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ကျိုက္ကမ္ဘမ်စေတီတော်မြတ်ကြီးသည်ဖျာပုံမြို့၏ အနောက်တောင်အရပ်တွင်တည်ရှိပြီး ယခင်က ကမ်းဆိပ်အနီးတွင် တည်ထားခဲ့သော်လည်း ယခုအခါတွင် မြစ်ဆိပ်နှင့် ကွာဝေးသည့်နေရာတွင် ကြည်ညို ဖွယ်ဖူးတွေ့ရမည်ဖြစ်သည်။

**သူဇာနွယ်(ဖျာပုံ)**

ပြည်တွင်းသတင်း

# ငါးမွေးမြူရေးလုပ်ငန်းအတွက် မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်




**နမ့်ခမ်း မတ် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းကို ခုနစ်ဦးပါဝင်သော ကော်မတီဖွဲ့၍ အစုအဖွဲ့ ၁၅ ဦးဖြင့် ကျေးရွာငါးမွေးမြူရေးလုပ်ကိုင်မည့်သူများက လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းအတွက် မြစိမ်းရောင်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အရင်းမပျောက်စနစ်ဖြင့် မတည်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ ငါးမွေးမြူရေးလုပ်ကိုင်သူများကိုယ်စား ကောင်းကတ်ကျေးရွာ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂျာလက လက်ခံခဲ့သည်။

ယင်းနောက် မူဆယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က မြစိမ်းရောင်ရန်ပုံငွေနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ရွာမှာ အရင်ကတည်းက ကိုယ့်အိမ်ခြံဝင်းတွေမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တစ်နိုင်မွေးမြူခဲ့ကြတယ်။ စနစ်တကျ မဟုတ်တော့ သိပ်အားမရဘူးပေါ့ဗျာ။ အခု ငါးလုပ်ငန်းဦးစီးဌာနက နည်းပညာတွေ၊ လိုအပ်တဲ့အကူအညီတွေကို ပေးတော့ လုပ်ကိုင်ချင်တဲ့သူတွေ များလာတယ်။ တချို့ဆိုရင် ငါးကန်တွေတောင် ပြင်ပြီးနေပြီ၊ တချို့ကျတော့ ပြီးခါနီးနေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုလုပ်ကိုင်ဖြစ်အောင် ကူညီပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အောင်မြင်အောင်လည်း ကြိုးစားလုပ်ကိုင်သွားပါ့မယ်"ဟု ကောင်းကတ်ကျေးရွာ ငါးမွေးမြူရေးအစုအဖွဲ့ဝင် တစ်ဦးက ပြောသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးငယ်ရွယ်များ၏ ခေါင်းဆောင်မှုသင်တန်းဖွင့်

**ရန်ကုန် မတ် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် Action Aids (မြန်မာ)တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးငယ်ရွယ်များ၏ ခေါင်းဆောင်မှုသင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုးက တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၃၀ နှင့် သင်တန်းဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ဖြစ်ကြောင်းနှင့် သင်တန်းတွင် စီမံခန့်ခွဲမှုပညာ၊ ခေါင်းဆောင်မှုနှင့်ကျင့်ဝတ်များ၊ ဝန်ထမ်းလှုံ့ဆော်မှုပြုခြင်း၊အဖွဲ့အစည်းအခြေပြု ခေါင်းဆောင်မှု၊ အသင်းအဖွဲ့ခေါင်းဆောင်မှုအပိုင်းတွင် (Gender) အမြင်ရှိမှု သင်ခန်းစာများကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**(၀၁၅)**

# သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ တပ်မတော်သားများအား အလှူငွေပေးအပ်

**မြဝတီ မတ် ၁**

လောက်ကိုင်ဒေသအတွင်း နိုင်ငံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မြဝတီမြို့နယ် စစ်ဗျူဟာအဖွဲ့(အခြေချ) သက်န်းညီနောင်တပ်နယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ ရှေ့တန်းအမှတ် (၁၂) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မျိုးမိုးအောင်၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) သက်န်းညီနောင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးခိုင်တို့က ရှေ့တန်းအမှတ် (၁၂) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး စစ်ဗျူဟာမှူး၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် စုစုပေါင်း ၁၆၂၅၇၀၀၀ ကို လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**(၀၂၅)**

# Understanding Intellectual Property and Consumer Protection သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် AEC ဝင်ရောက်ချိန်တွင် SME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ထုတ်ကုန်ပစ္စည်းများ၏ Trademark , Logo, Brand နှင့် ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို အကာအကွယ်ပြုနိုင်ရန် ဉာဏပစ္စည်းဆိုင်ရာနှင့် ပတ်သက်သော အသိဉာဏ်ဗဟုသုတများ ရရှိနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ဆိုင်ရာဗဟုသုတများ ရရှိနိုင်ရန်အတွက် ဂျာမနီနိုင်ငံ FNF အဖွဲ့နှင့် ပူးပေါင်း၍ Understanding Intellectual Property and Consumer Protection သင်တန်းကို မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ အမှတ် (၃၅-ဘီ/၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ပြည်တွင်းပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ပြီး စိတ်ပါဝင်စား၍ တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ မတ် ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

ဒေါ်မူမူအေး (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၁-၈၆၀၃၈၂၇၊ ဖက်စ်-၀၁-၅၄၆၀၅၁ e-mail:smeyangon @ gmail.com၊ ဒေါ်ဆွေဇင်စိုး (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၁-၈၆၀၃၈၂၆၊ ဖက်စ်-၀၁ -၅၄၆၀၅၁၊ e-mail:smeyangon @ gmail.com၊ ဒေါ်သီရိကေခိုင် (ဌာနခွဲမှူး) ဖုန်း-၀၁-၅၅၉၂၃၉၊ ဖက်စ်-၀၁-၅၄၆၀၅၁၊ e-mail:smeyangon @ gmail.com၊ အမှတ်(၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ**

# တရားမဝင် ကျွန်းသစ် ၃၂ လုံး ပိုင်ရှင်မဲ့တွေ့ရှိ

**ကသာ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းရဲကင်းနယ်မြေအတွင်း တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှစိန်၏ တရားဝင်သစ်များဖော်ထုတ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် တရားမဝင်သစ်များဖမ်းဆီးရမိရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်နေကြစဉ် ဖေဖော်ဝါရီ ၂၇ ရက် ည ၂ နာရီက ထီးချိုင့်မြို့နယ် အုပ်ဆုံကျေးရွာအနီး မန္တလေး-ဗန်းမော် ကားလမ်းဘေးချုံပုတ်များအတွင်းတွင် ကျွန်းသစ်အရှည် ၁၈ ပေ ၁၀လုံး ကျွန်းသစ်အရှည် ကိုးပေ ၂၂ လုံး စုစုပေါင်း ကျွန်းသစ် ၃၂ လုံး ၅ ဒသမ ၆၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀ ခန့်ကို ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ကျွန်းသစ်လုံးများကို ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးလင်းထံ လွှဲပြောင်းအပ်နှံထားရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# စကားများရန်ဖြစ်ရာမှ ဓားနှင့်ခုတ်၍ သေဆုံးမှုဖြစ်ပွား

**ဆားလင်းကြီး မတ် ၁**

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ လင်းစားကျက်ကျေးရွာအုပ်စု ရင်ပေါင်တိုင်ကျေးရွာ အနောက်ထုံးလယ်တောတိုက်၌ စကားများရန်ဖြစ်ရာမှ ဓားဖြင့်ခုတ်၍ လူတစ်ဦးသေဆုံးသွားကြောင်း သတင်းရရှိသဖြင့် စခန်းမှူး ဒုရဲမှူးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ဓားဖြင့်ခုတ်သူ ကိုဝင်းခင် (၄၂နှစ်)နှင့် သေဆုံးသူ ကိုငွေဌေး(၄၂နှစ်) တို့သည် တစ်ရွာတည်း နေထိုင်သူများဖြစ်ပြီး စကားများ ရန်ဖြစ်ရာမှ ဓားဖြင့်ခုတ်၍ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသည်။

သေဆုံးသူ ကိုငွေဌေးမှာ ရေမြောင်းပေါ်တွင် လည်ပင်းဝဲဘက်၌ ပြတ်ရှဒဏ်ရာတစ်ချက်ရရှိပြီး ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ဓားဖြင့်ခုတ်သူ ကိုဝင်းခင် ဆားလင်းကြီးမြို့နယ် ရင်ပေါင်တိုင်ကျေးရွာနေသူအား ဆားလင်းကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# မသန်စွမ်းဖြစ်သူ ကားတက်မောင်း၍ ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် ( ၉၂) ရပ်ကွက်တွင် အရှိန်မြင့်မောင်းနှင်လာသည့် ဗစ်တာယာဉ်က ရပ်ထားသော အမျိုးသမီးနှစ်ဦးပါ ဆိုင်ကယ်ကို တိုက်မိရာ အမျိုးသမီးတစ်ဦး ကားနှင့်ချိတ်ပါသွားပြီးနောက် ရှေ့ဘီးနှင့်ကြိတ်ပြီး နောက်ဘီးကထပ်မံကြိတ်မိကာ ဒဏ်ရာရရှိသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် စံပြဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၉၂) ရပ်ကွက်၊ (စစ်တောင်းရိပ်မွန်အိမ်ရာ) နှင်းဆီလမ်းမှ ထွက်လာသော ဗစ်တာကား 1G/--- သည် အောင်သပြေလမ်းဆုံအရောက်တွင် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်ပေါ်ပါ အမျိုးသမီးတစ်ဦးမှာ ကားနှင့်ချိတ်ပါသွားပြီး နောက်ဘီးဖြင့် ကြိတ်မိကာ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်သည် ဆိုင်ကယ်ကို တိုက်မိပြီးနောက် အောင်သပြေလမ်းကွေ့တွင်ရပ်ထားသော ရေခဲမုန့်လှည်းကို ဆက်လက်တိုက်မိပြီး ရေခဲမုန့်သည်မှာလည်း ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်၍ အရှိန်လွန်ကာ လမ်းဘေးဓာတ်မီးတိုင်ကို တိုက်မိပြီးနောက် ရပ်တန့်သွားပြီး ကားရှေ့ခေါင်းပျက်စီးကြေမွသွားခဲ့သည်။ ကားမောင်းသူမှာ အရေးပေါ်လေအိတ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ပြည်သူများက ဒဏ်ရာရရှိသူများကို စံပြဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆိုင်ကယ်နှင့်လိုက်ပါသည့်သူ ဒေါ်နုနုရီမှာ ညနေ ၃ နာရီတွင် သေဆုံးသွားသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



# ထိုင်းနိုင်ငံ ကြက်သားစက်ရုံရှိ မြန်မာအလုပ်သမားများအရေးကိစ္စတွင် မြန်မာသံရုံးက ကူညီဖြေရှင်းပေးလျက်ရှိ

**ဗန်ကောက် မတ် ၁**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၏ မြောက်ဘက် ကီလိုမီတာ ၂၀၀ ကျော်ခန့်တွင်ရှိသော စူဖန်ဘူရီမြို့နယ် အန်ဖေစောင်ဖီနောင်းအရပ်ရှိ ကြက်သားထုတ်လုပ်သည့်စက်ရုံဖြစ်သော F&F မှ ထောင်ဂဏန်းရှိသည့် မြန်မာအလုပ်သမားများ အလုပ်မဆင်းဘဲ ဆန္ဒပြနေကြသဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီက သွားရောက်ဖြေရှင်းပေးခဲ့ရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT-Myanmar Associationin Thailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

အဆိုပါကြက်သားစက်ရုံမှ မြန်မာအလုပ်သမားများသည် အလုပ်သမား အခွင့်အရေး ချိုးဖောက်ခံရမှုများကို မကျေနပ်သဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ အလုပ်မဆင်းဘဲ တစ်နေကုန် ဆန္ဒပြနေကြရာမှ လာရောက်ဖြေရှင်းပေးပါရန် မြန်မာသံရုံး၏ အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအား အကြိမ်ကြိမ် အကူအညီတောင်းခံလာခဲ့ကြသဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သူ MAT ဒါရိုက်တာ ဦးကျော်သောင်းက သံအမတ်ကြီးဦးဝင်းမောင်၏ ခွင့်ပြုချက်ရယူပြီး ဆန္ဒပြနေရာသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

MAT အဖွဲ့သည် စူဖန်ဘူရီမြို့နယ်ရဲစခန်းသို့ ဖေဖော်ဝါရီ ၂၄ ရက် ည ၇ နာရီကျော်ခန့်တွင် ရောက်ရှိခဲ့ပြီး ရဲစခန်းမှ တာဝန်ကျအရာရှိများအား ဆန္ဒပြနေသော အလုပ်သမားများထံသို့ လာရောက်ခြင်းဖြစ်ကြောင်းနှင့် အလုပ်ရှင်နှင့် အလုပ်သမားကြားဖြစ်ပေါ်နေသည့် တင်းမာမှုများ ပြေလျော့စေရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဗန်ကောက်မြို့ရှိ မြန်မာသံအမတ်ကြီး၏ စေလွှတ်ချက်အရ ကူညီရန်ရောက်လာသူများဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သဖြင့် ရဲအရာရှိသုံးဦးနှင့်အတူ ဆန္ဒပြရာနေရာသို့ သွားရောက်ခွင့်ရခဲ့ကြောင်း၊ MAT အဖွဲ့ ရောက်ရှိချိန်တွင် မြန်မာအလုပ်သမားများမှာ F&F စက်ရုံအဝင်ဝတွင် အော်ဟစ်ဆန္ဒပြနေကြဆဲဖြစ်ပြီး ရောက်ရှိပြီး ၁၅ မိနစ်ခန့်အကြာတွင် ထိုင်းတပ်မတော်မှအရာရှိများ ကားတစ်စီးဖြင့် ရောက်ရှိလာခဲ့ကြကြောင်း၊ MAT အဖွဲ့ အတွင်းရေးမှူး ကိုခိုင်ကြီးက ဆန္ဒပြအလုပ်သမားများအား ထိန်းသိမ်းပြောဆိုနိုင်ခဲ့ကြောင်း၊ ထို့နောက် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းကလည်း အလုပ်သမားများကိုယ်စားပြောဆိုမည့် ကိုယ်စားလှယ်ငါးဦးကို အလုပ်သမားများအား ရွေးချယ်စေခဲ့ပြီး ထိုင်းတပ်မတော်အရာရှိ၊ နယ်မြေခံရဲအရာရှိ၊ စက်ရုံတာဝန်ခံ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် MAT အဖွဲ့ဝင်များစုပေါင်း၍ စက်ရုံအတွင်း၌ နှစ်နာရီကြာ အစည်းအဝေးထိုင်ခဲ့ကြောင်း MAT အဖွဲ့၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။



အလုပ်ရုံအစည်းအဝေးခန်းမ၌ ထိုင်းတပ်မတော်၊ ထိုင်းရဲတပ်ဖွဲ့၊ အလုပ်ရုံတာဝန်ရှိသူ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် MAT အဖွဲ့တို့ညှိနှိုင်းကြစဉ်။

အစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ် ကိုသားသားက အလုပ်ရုံ၌ အလုပ်သမားများကို ကြားခံကန်ထရိုက်စနစ်နှင့်ထားသဖြင့် ကန်ထရိုက်များက အလုပ်သမားများကို အမျိုးမျိုးဖြတ်တောက်ခြင်း လူသစ်သွင်းခရယူပြီး အလုပ်သမားဟောင်းများ ထုတ်ပစ်ခြင်းနှင့် လူသစ်သွင်းခြင်းများလုပ်ကြကြောင်း၊ လစာမှ အာမခံကြေး ဖြတ်တောက်ထားသော်လည်း ဆေးကုသည့်အခါ ပိုက်ဆံပေးရကြောင်း၊ အလုပ်သမားနှစ်ထောင်ခန့်ရှိသည့် စက်ရုံကြီးတွင် သန့်စင်ခန်း သုံးခုသာရှိပြီး အိမ်သာသွားချိန်ကြာလျှင်လည်း ပိုက်ဆံဖြတ်ကြောင်း စသည့်အခွင့်အရေးချိုးဖောက်မှုများကြောင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း တိုင်ကြားခဲ့သည်။

MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက အလုပ်ရုံမှာ မြို့ရွာများနှင့် အလှမ်းဝေးကွာသည့်နေရာတွင် တည်ရှိသဖြင့် ပွဲစားများ၊ လူမိုက်ဂိုဏ်းများဖြင့် ခြိမ်းခြောက်အုပ်ချုပ်သည့် သဘောသဘာဝတွေ့ရကြောင်း သုံးသပ်ပြောကြားသည်။ "ကျွန်တော်တို့အစည်းဝေးလုပ်နေတုန်း အလုပ်ရုံနဲ့ ပတ်သက်တဲ့သူတွေက သေနတ်ပစ်ဖောက်လို့ အလုပ်သမားတွေ ထွက်ပြေးကြတယ်။ စန်းနိုင်ဆိုတဲ့ အလုပ်သမားတစ်ယောက်ကို အလုပ်ရုံနောက်မှာ ထိုင်းတွေဝိုင်းရိုက်ကြတာ ကံကောင်းလို့အသက်မသေတာ။ ဒီပြဿနာတွေကိုပါ နယ်မြေခံရဲတပ်ဖွဲ့နဲ့ ကျွန်တော်တို့ ဖေဖော်ဝါရီ ၂၅ ရက်မှာ တစ်နေကုန်ဖြေရှင်းခဲ့ကြရပါသေးတယ်။ ပြဿနာတွေက တစ်ခါတည်းရှင်းလို့တော့ ကုန်မှာမဟုတ်ဘူး။ အရေးကြီးတာတွေကို အရင်ဆုံးဖြေရှင်းနိုင်အောင်တော့ ကျွန်တော်တို့စီစဉ်နိုင်ခဲ့ပါတယ်"ဟု ဆက်လက်သုံးသပ်ပြောကြားသည်။

ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ၊ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင်များနှင့် MAT အဖွဲ့ဝင်များ၊ မြန်မာအလုပ်သမားကိုယ်စားလှယ်များ၊ ထိုင်းအလုပ်ရုံတာဝန်ခံများ အလုပ်ရုံတွင်း နှစ်နာရီကြာ ဆွေးနွေးမှုရလဒ်အရ မြန်မာအလုပ်သမားများသည် လုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြန်လည်ဝင်ရောက်နေပြီဖြစ်ကြောင်းနှင့် ဖြစ်ပွားခဲ့သောပြဿနာများကို ပြေလည်အောင် ဆက်လက်ညှိနှိုင်းရန်အတွက် မတ် ၂ ရက်တွင် စူဖန်ဘူရီရှိ ကျဟာငန်း (အလုပ်သမားပြဿနာ ဖြေရှင်းရေးရုံး) ၌ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင်များနှင့် MAT အဖွဲ့ဝင်များ၊ မြန်မာအလုပ်သမား ကိုယ်စားလှယ်များ၊ ထိုင်းအလုပ်ရုံတာဝန်ခံများ ထပ်မံတွေ့ဆုံညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(SP)**

## မင်္ဂလာမန္တလေးဥယျာဉ်မြို့တော်ဖွင့်ပွဲနှင့် ကုန်စည်ပြပွဲကျင်းပ

**မန္တလေး မတ် ၁**

မန္တလေးမြို့၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ မြို့တော်စီမံကိန်းဖြစ်သည့် မင်္ဂလာမန္တလေးဥယျာဉ်မြို့တော်ဖွင့်ပွဲနှင့် ကုန်စည်ပြပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါအိမ်ရာ စီမံကိန်းရှေ့၌ ဖေဖော်ဝါရီ ၂၆ ရက် က ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်သည့် မင်္ဂလာမန္တလေးဥယျာဉ်မြို့တော်စီမံကိန်းတွင် လေးထပ် လူနေဆိုင်ခန်း ၁၂၅ ခန်း၊ အိုးရှင်းစူပါစင်တာ၊ ကားအစီးရေ ၆၇၀ ကျော်ရပ်နားနိုင်သော ငါးထပ်ကားပါကင်၊ အခန်း ၅၃ ခန်းပါဝင်ပြီး ကြယ်သုံးပွင့်အဆင့်ရှိသည့် စည်ပင်သာယာဟိုတယ်၊ အခန်း ၅၆ ခန်းပါ ငုရွှေဝါကွန်ဒိုများ ပါဝင်သည်။ ထို့အပြင် ပေ (၁၀၀×၁၂၀)၊ ပေ (၉၀×၁၀၀)၊ ပေ(၈၀×၁၀၀)၊ ပေ(၆၀×၁၀၀)နှင့် ပေ(၁၀၀×၁၀၀) အကျယ်အဝန်းရှိ မြေကွက်ပေါင်း ၆၀ ပါ အိမ်ရာစီမံကိန်းနှင့် လမ်းတစ်လျှောက် ဈေးများလည်းပါဝင်ပြီး မန္တလေးမြို့၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ ဥယျာဉ်မြို့တော်စီမံကိန်းဖြစ်ကြောင်း သိရသည်။



မင်္ဂလာမန္တလေး ဥယျာဉ်မြို့တော်စီမံကိန်းကိုမန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီနှင့် စီအေဒီဆောက်လုပ်ရေးကုမ္ပဏီတို့က အကျယ် ၄၇ ဧကရှိမြေပေါ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းမှစ၍ ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥယျာဉ်မြို့တော်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး မင်္ဂလာမန္တလေးအိမ်ရာစီမံကိန်းနှင့် ဆိုင်ခန်းများဖွင့်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာမန္တလေး စီမံကိန်းအတွင်းရှိ အိမ်ရာများ၊ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့သည်။ **တင်မောင်(မန္တလေး)**

## တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသားများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မြစ်ကြီးနား မတ် ၁**

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခရိပ်သာ၌ ကျင်းပသည်။

ပြည်နယ်အမျိုးသမီးရေးရာနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုက အမှာစကားပြောကြားသည်။ ထို့နောက် မပခ မှ ကျောင်းသား ကျောင်းသူ ၅၇ ဦးအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ၊ အထက(၁)အခြေခံပညာအထက်တန်းကျောင်း၌ လာရောက်တည်းခိုသည့် အင်ဂျန်းယန်မြို့နယ်မှတက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၈ ဦးအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၂ ဦးအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဝန်းသိုဘုန်းတော်ကြီးကျောင်း၌ လာရောက်တည်းခိုနေထိုင်သည့် တာလောကြီးကျေးရွာမှ ကျောင်းသား ကျောင်းသူ ၇၇ ဦးအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ပေးအပ်ခဲ့သည်။

စုစုပေါင်းလှူဒါန်းထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ထောက်ပံ့ပစ္စည်းများမှာ ခဲတံ ၄၆၄ ချောင်း၊ ခဲဖျက် ၂၃၂ ခု၊ ဘောပင် ၁၃၉၂ ချောင်း၊ ပေတံ ၂၃၂ ချောင်း၊ ကွေကာထုတ် ၁၃၉၂ ထုတ်၊ အိုဗာတင်း ၁၃၉၂ ထုတ်၊ ခေါက်ဆွဲခြောက် ၁၃၉၂ ဖာတို့ဖြစ်ကြောင်း သိရသည်။

ငွေနှင့်ပစ္စည်းများထောက်ပံ့ပွဲသို့ ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုနှင့်အဖွဲ့ဝင်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးသူရမျိုးထင်၏ဇနီး ဒေါ်ရီရီမြင့်နှင့်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **စိန်ဝင်း(iprd)**

## တိုင်းရင်းသားစာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုတို့ကို ပိုမိုကျယ်ပြန့်စွာသိရှိစေရန် ရည်ရွယ်၍ တိုင်းရင်းသားစာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗြိတိသျှကောင်စီရုံး၌ မတ် ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို ဗြိတိသျှကောင်စီက စီစဉ်ကျင်းပခြင်းဖြစ်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ခုနစ်သင်းမှ ဥက္ကဋ္ဌများနှင့် ရန်ကုန်အခြေစိုက် စာပေနယ်ပယ်မှ ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် မတ် ၁၄ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ရှိ ရန်ကုန် အနုပညာပြခန်းတွင်လည်း တိုင်းရင်းသားကဗျာများအကြောင်း၊ တိုင်းရင်းသားစာပေဖြင့်ထုတ်ဝေသော ဂျာနယ်များအကြောင်း၊ စာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေနှင့် ဘာသာရပ်များ ထည့်သွင်းသင်ကြားရေး စသည့်အကြောင်းအရာများကို ဆွေးနွေးမည်ဖြစ်ပြီး ပုံနှိပ်ထုတ်ဝေသူများ၊ စာပေတိုက်များကလည်း စာအုပ်ဈေးရောင်းပွဲတော်ကိုပါ ပူးပေါင်းကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို လာရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## သတင်းတိုများ

### (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်

တိုင်းရင်းဆေးပညာဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်၍ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ၌ တည်ဆောက်လျက်ရှိရာ တိုင်းရင်းဆေးရုံ တစ်ထပ်အဆောက်အအုံကို ငွေကျပ် ၁၃၉ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာကို ငွေကျပ် ၂၇၈ ဒသမ ၄ သန်းဖြင့် လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **ရီရယ်**

### မကွေးတက္ကသိုလ်၌ဥပဒေပညာဌာန လက်တွေ့သရုပ်ပြတရားခွင်ပြုလုပ်

မကွေးတက္ကသိုလ် ဥပဒေဌာနမှ ကျောင်းသား ကျောင်းသူများအနေဖြင့် တရားရုံးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ငန်းအတွေ့အကြုံရရှိစေရန်ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများနှင့် ရှေ့နေများပူးပေါင်းပြီး လက်တွေ့သရုပ်ပြတရားခွင်ကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ကလေးမြို့၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းဆောက်လုပ်

**ကလေး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် ပင်လုံလမ်းမတော်လမ်း ကားလေးကွင်းအနောက်ဘက် ယခင်ငါးကန်ဟောင်းနေရာ၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းကို ဆောက်လုပ်လျက်ရှိရာ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့သည် မြို့ပြစီမံကိန်းများ တိုးချဲ့အကောင်အထည်ဖော်နေမှုကြောင့် လူဦးရေတိုးတက်စည်ကားလျက်ရှိသောမြို့ဖြစ်ရာ တိုးတက်လာသော လူဦးရေနှင့်အညီ ပညာအခွင့်အလမ်းများ ရှာဖွေနိုင်ရန်အတွက် သူနာပြုသင်တန်းကျောင်းကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ သူနာပြုသင်တန်းကျောင်းကို ကလေးမြို့တွင် ဆောက်လုပ်ခြင်းဖြင့် ဒေသခံများနှင့် ကလေးဝ၊ မင်းကင်း၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သူနာပြုသင်တန်းတက်ရောက်လိုသူများအနေဖြင့် ကလေးမြို့တွင် လွယ်လွယ်ကူကူ တက်ရောက်နိုင်ရေးအတွက်ရည်ရွယ်ကာ ဆောက်လုပ်ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

အဆိုပါ သင်တန်းကျောင်းဆောက်လုပ်နိုင်ရန် ဆေးသိပ္ပံပညာရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၉၀၃ သန်း အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ပြီး ပင်မစာသင်ဆောင်၊ ထမင်းစားဆောင်၊ မီးဖိုဆောင်၊ သင်တန်းသူအိပ်ဆောင်များ၊ ဆရာအိပ်ဆောင်များ၊ ဝန်ထမ်းအိပ်ဆောင်များနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

ကလေးမြို့တွင် အဆင်မြင့် အသက်မွေးဝမ်းကျောင်းပညာကို တက်ရောက်သင်ကြားနိုင်ရန် အတွက်ကလေးမြို့၌ ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီးယခုတည်ဆောက်လျက်ရှိသည့်သူနာပြုနှင့်သားဖွားသင်တန်းကျောင်းကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**



# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁**

နေပြည်တော်ကောင်စီနယ်မြေ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ပျဉ်းမနားမြို့ အထက(၁) ရတနာမွန်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲ၌ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဝင်းတို့က အမျိုးသားပညာရေးဥပဒေပါ အချက်အလက်များနှင့် ပြင်ဆင်သင့်သည့်ဥပဒေကြမ်းနှင့်ပတ်သက်သည်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဥပဒေကြမ်းရှင်းလင်းဆွေးနွေးပွဲသို့ ဥတ္တရခရိုင် ပညာရေးမှူး ဦးထွေးမို၊ ဒက္ခိဏခရိုင် ပညာရေးမှူး ဦးအောင်ကျော်စိုး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာ ဆရာမကြီးများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# လောက်ကိုင်ဒေသမှ ဝန်ထမ်းများအား အလှူငွေပေးအပ်

**မန္တလေး မတ် ၁**

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများ၊ မှီခိုသူမိသားစုများနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းမှ အလှူရှင်အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များ၏ လှူဒါန်းငွေများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးတို့က လက်ခံယူခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယအကြိမ် လှူဒါန်းသည့်အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၆၀၆ သိန်း ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# မူဆယ် ၁၀၅ မိုင် ကုန်စည်စီးဆင်းမှု ယမန်နှစ်ထက်သာလွန်ဟုဆို

**မူဆယ် မတ် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ရှိ ကုန်သွယ်မှုဇုန်၏ ယခုနှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှုပမာဏမှာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထက်သာလွန်ကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

မိုင်းယုမှ ကုန်သည်တစ်ဦးကလည်း တရုတ်နှစ်ကူးကာလ ဖြစ်သည့်အတွက် ကားအဝင်အထွက် အနည်းငယ်လျော့သွားခြင်းရှိသော်လည်း နှစ်စဉ် ဖေဖော်ဝါရီလတွင် ပုံမှန်ဝင်ထွက်သည့်နှုန်းအတိုင်း ဝင်ထွက်နေကြောင်း ပြောသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင်သာမက ပြီးခဲ့သည့် နိုဝင်ဘာလက စတင်ဖွင့်လှစ်ခဲ့သည့် မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်း၌လည်း ကားအဝင် အထွက်၊ အတက်ကား အဆင်းကားများ ရှိကြောင်း၊ မူဆယ်-ရန်ကုန်၊ မူဆယ်-မန္တလေး၊ မူဆယ်-နေပြည် တော် ခရီးသည်တင် ယာဉ်လိုင်းများအပြင် တောင်ကြီး၊ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး စသည့် ယာဉ်လိုင်းများလည်း ပြေးဆွဲလျက်ရှိနေကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**



# ထားဝယ်၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ထားဝယ် မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) အဖွဲ့နှင့် ဖေဖော်ဝါရီ ၂၆ ရက်က လောင်းလုံးမြို့နယ် ရွာဟောင်းဝကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ရွာဟောင်းဝကျေးရွာအုပ်စုအတွင်းရှိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၅)နှင့် အကျုံးဝင်သော တိုင်းရင်းသားများအား မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဦးရေစာရင်းများအား နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဤကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ မြို့နယ်ဦးစီးဌာနမှူး ဦးမောင်မောင်၊ (NRC) အဖွဲ့မှ ကွင်းဆင်းတာဝန်ခံ ဦးစောမောရစ်၊ ရွာဟောင်းဝကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းထိုက်နှင့် ကျေးရွာအထောက်အကူပြုအဖွဲ့မှ ကျေးရွာနေပြည်သူ ၄၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# စဉ့်ကူးမြို့နယ် မြစိမ်းရောင်ကျေးရွာများသို့ အရင်းမပျောက်မတည်ငွေများ ပေးအပ်

**စဉ့်ကူး မတ် ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ(ငါးလုပ်ငန်းဖွံ့ဖြိုးရေး) စီမံကိန်းဝင်ကျေးရွာများသို့ အရင်းမပျောက် မတည်ငွေများပေးအပ်ပွဲနှင့် ကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က မြစိမ်းရောင်ကျေးရွာငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းမပျောက်မတည်ငွေများ ပေးအပ်ရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူတို့က မြစိမ်းရောင်ကျေးရွာစီမံ ကိန်းဝင်ကျေးရွာများသို့ မတည်ငွေများ လွှဲပြောင်းပေးအပ်သည်။

မြစိမ်းရောင်ကျေးရွာ(ငါးလုပ်ငန်းဖွံ့ဖြိုးရေး)စီမံကိန်းကို စဉ့်ကူးမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် ဆက်စပ်ဒေသများဖြစ်သော ရွှေလှေ၊ ဆည်သည်(မြောက်)နှင့် မြစ်ကမ်းကြီးကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀စီဖြင့် ကျေးရွာသုံးရွာအတွက် ငွေကျပ် သိန်း ၉၀၀ ကို မတည်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါကျေးရွာများမှ စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများလည်း ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

# လူထုအခြေပြုဆက်ဆံရေးစနစ်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး မတ် ၁**

ဥရောပသမဂ္ဂအစီအစဉ်ဖြင့် မြန်မာနိုင်ငံ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများအကြား ဆက်ဆံရေးစနစ်တစ်ရပ် ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေး စွမ်းဟိုတယ်၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ မြစ်သား၊ စဉ့်ကူး၊ ညောင်ဦး၊ မတ္တရာ၊ တောင်သာ၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးနှင့် တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲတို့မှ ရဲမှူး၊ ဒုတိယရဲမှူးများ၊ ရဲအုပ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြပြီး သင်တန်းမှူး Mr. Leorde Riedmatten နှင့် Ms. Katnin Bucktein၊ ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအစီအစဉ်မှ Ms. Kanin Deekenbaeh (မီဒီယာနှင့်လူထုအခြေပြုအဖွဲ့အစည်းများဆိုင်ရာကဏ္ဍ ခေါင်းဆောင်)နှင့် အကြီးတန်းအကြံပေး ဦးနေမျိုးနိုင်တို့က ကြုံတွေ့ခဲ့ရသည့် ပဋိပက္ခများ၊ ပဋိပက္ခကာလ ဆက်သွယ်ပြောဆိုခြင်း၏ အခန်းကဏ္ဍ၊ ပဋိပက္ခ အသွင်ပြောင်းလဲခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အဓိကအစိတ်အပိုင်းများ၊ အစပျိုးမိတ်ဆက်ခြင်း၊ အသွင်ပြောင်းလဲခြင်း၊ အတတ်ပညာအား ပိုမိုကျယ်ပြန့်စေခြင်း၊ ဆက်ဆံရေးစနစ်ထူထောင်ရေးဆိုင်ရာများကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ပြည်တွင်းသတင်း

# စပါးဝယ်လက်မရှိသဖြင့် ဘဏ်ချေးငွေဆပ်ရန် မြန်အောင်တောင်သူများအခက်တွေ့

**မြန်အောင် မတ် ၁**

ဖေဖော်ဝါရီလအတွင်း စပါးဈေးမြင့်တက်မှုကြောင့် စပါးကုန်သည်များက ဝယ်ယူခြင်းမပြုသေးသဖြင့် မြန်အောင်မြို့နယ်အတွင်းမှ စပါးစိုက်တောင်သူများအနေဖြင့် ဘဏ်မှချေးယူထားသော မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

ပြည့်စင်ကွင်းကျေးရွာမှ လယ်သမားဦးဌေးလှိုင်က "အခုဆိုရင်ဧရာမင်းစပါးဈေးက ငွေကျပ်လေးသိန်းလောက်ရှိတယ်လို့ပြောတယ်။ စပါးဝယ်တဲ့ကုန်သည်တွေက အခုရက်ထဲ စပါးမဝယ်သေးဘူးလို့ပြောတယ်။ မီးကောက်စပါးကို လှည့်ရောင်းမယ်ကြံပြန်တော့လည်း ဘယ်စပါးမှမဝယ်သေးတာလို့ပြောတော့ ကျွန်တော်တို့မှာ ဘဏ်ချေးငွေဆပ်ဖို့ တော်တော်ကိုခက်ခဲနေပါတယ်။ အစိုးရချေးငွေဆိုတော့လည်း မဖြစ်မနေဆပ်ရမှာပဲလေ။ စပါးရောင်းမရတော့လည်း နွားတို့၊ ရွှေတိုရွှေစတို့ကို လျှော့ဈေးနဲ့ ရောင်းရင်ရောင်း၊ မရောင်းရင် လယ်ပေါင်သင့်ပေါင်၊ ဖွဲ့ရောင်းရင်ရောင်း လုပ်ရတော့မယ်လေ။ စပါးက ပေါက်ဈေးတော့ရှိတယ်။ ဝယ်သူက ဝယ်ကိုမဝယ်တော့တာ"ဟု ပြောသည်။ ဖေဖော်ဝါရီလကုန်တွင် မိုးစပါးဘဏ်ချေးငွေများအား အပြီးပေးဆပ်ရမည်ဖြစ်ရာ မြန်အောင်မြို့နယ်ရှိ လယ်သမားများအနေဖြင့် အခက်အခဲများဖြစ်နေသည်ဟု ဒေသခံလယ်သမားအများစုက ပြောသည်။

ကွင်းကြီးဒေါင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ရွှေကလည်း "အခုနှစ်မှာ ကျွန်တော်တို့ဒေသမှာ မိုးခေါင်တော့ စပါးကလည်း အထွက်လျော့တယ်။ ထွက်လာတဲ့စပါးကျပြန်တော့လည်း အောင်ရေမရ၊ ရေငတ်တော့ ဆန်တွေက အကျိုးအကြေတွေများတယ်လို့ ကုန်သည်တွေက ပြောကြတယ်။ အောက်တန်း မကိုက်ဘူးပေါ့။ အညာဆန်ဈေးကွက်ကလည်း ဒီနှစ်ပျက်နေတယ်လို့ ပြောတယ်။ ကျွန်တော်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဆိုတော့ ဘဏ်မှာလည်း ဥက္ကဋ္ဌလေ၊ လယ်သမားတွေ အခက်အခဲဖြစ်နေတော့ ဘဏ်ငွေကိုတောင်းရမှာ တော်တော်ခက်နေပါတယ်။ အခုဖေဖော်ဝါရီလကုန်မှာ ရအောင်တောင်းပေးရမှာဆိုတော့ ကျွန်တော်လည်း လယ်သမားတွေကို မျက်နှာပူပူနဲ့ လိုက်ပြောနေရတယ်။ လယ်သမားတွေကလည်းဆပ်ပါ့မယ်ပေါ့။ စပါးလေးရောင်းကြည့်ပါရစေဦးလို့ပြောလာတယ်။ ကျွန်တော်ဘယ်လိုလုပ်ရမလဲဗျာ။ ဒါတွေက နှစ်တိုင်းကြုံနေရတဲ့ အခက်အခဲတွေလေ။ ဘဏ်ငွေက ခြောက်လပဲချေးတော့ လယ်သမားအတွက် သုံးချိန်နည်းနေတယ်လို့ထင်တယ်။ နှစ်ရှည်ပေါ့ဗျာ။ သုံးနှစ်တန်သည် ငါးနှစ်တန်သည် နှစ်ရှည်ချေးပေးမယ်ဆိုရင်တော့ လယ်သမားတွေအတွက် ပြေလည်သွားနိုင်တယ်လို့ထင်ပါတယ်"ဟု ပြောသည်။

၎င်းက ဆက်လက်၍ "နောက်ထပ်ပြောချင်တာတစ်ခုက မျိုးစပါးဝယ်ရတဲ့ကိစ္စပါ။ ပုလဲသွယ်စပ်မျိုးစပါးတစ်ဧကစိုက်ဖို့အတွက် နို့ဆီဘူးခြောက်လုံးလောက်သာပါတဲ့ မျိုးစပါးအထုပ်ကလေး ခုနစ်ထုပ်ကို ငွေကျပ် ၂၅၀၀၀နဲ့ ဝယ်ရတယ်။ စိုက်ပျိုးရေးက ရောင်းတာလေ။ များတာပေါ့ဗျာ။ စပါးထွက်နှုန်းကတော့ ကောင်းပါတယ်။ တစ်ဧကကို တင်းတစ်ရာလောက်ထွက်တယ်။ ဒါပေမယ့် သူကတစ်သက်ပဲခံတယ်။ မျိုးစပါးထည့်ပြီးထပ်စိုက်ရင် တစ်ဧကကို စပါးတင်း ၂၀ လောက်ပဲရတော့တယ်။ စပါးအထွက်ကောင်းလို့ စိုက်ပြန်တော့ ဈေးကွက်မှာ ပုလဲသွယ်စပါးကို ဝယ်သူက မဝယ်ဘူးလေ။ နောက်ဆုံးစပါး ငွေကျပ် လေးသိန်းဈေးဖြစ်နေရင် ပုလဲသွယ်ကို ငွေကျပ် သုံးသိန်းလောက်နဲ့ လျှော့ရောင်းရတယ်။ ဒါတောင် ကုန်သည်က အင်တင်တင်၊ နောက်ဆုံးမရောင်းရတော့ ဧရာမင်းစပါးထဲ ရောရောင်းလိုက်ရတယ်။ အဲဒီလို ရောရောင်းလိုက်တော့လည်း ကုန်သည်က နောက်ဆို စပါးဘယ်လောက်သန့်သန့် ရောရောင်းလိုက်တဲ့လယ်သမားဆီက စပါးကို မဝယ်တော့ဘူး။ လယ်သမားတွေဒုက္ခက မသေးပါဘူးဗျာ။ ကျွန်တော်တို့ မတ် ၂ ရက်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ လပတ်အစည်းအဝေးရှိပါတယ်။ လပတ်အစည်းအဝေးမှာလည်း မိုးဘဏ်ချေးငွေဆပ်ဖို့ အခက်အခဲရှိတဲ့အကြောင်းနဲ့ ဘဏ်ဆပ်ချိန် တစ်လလောက်နောက်ဆုတ်ပေးဖို့ကို စိုက်တိုးမြှင့်အဖွဲ့ကို တင်ပြဦးမှာပါ" ဟု ဆက်လက် ပြောသည်။

မြန်အောင်မြို့ရှိ ရွှေလက်ဆောင်ပွဲရုံပိုင်ရှင်ကလည်း "မြန်အောင်ကဆန်တွေက အခုနှစ်မှာ အကျိုးအကြေများတယ်။ ပုသိမ်တို့ ဒါးကတို့ဘက်က ဇီယာတို့၊ ဆင်းသုခတို့က ဆန်တော်တော်လှတယ်။ လက်လီဈေးကွက်မှာ တော်တော်ရောင်းနေရတယ်။ မြန်အောင်ကထွက်တဲ့ ဧရာမင်းက အခုနှစ်အရောင်းအဝယ် အေးသွားတယ်။ တရုတ်ဘက်ကလည်း ဆန်မဝယ်တော့ ဒီနှစ်ဆန်ပွဲရုံလုပ်ငန်းမကောင်းဘူး။ ဆန်သာတင်ရတာ ငွေကလည်း ကျမလာဘူး" ဟု ပြောပြသည်။

စပါးအဝယ်မရှိသဖြင့် ချေးငွေပြန်ဆပ်ရန် အခက်အခဲဖြစ်နေကြသော မြန်အောင်မြို့ရှိ တောင်သူလယ်သမားအများစုအနေဖြင့် မိုးစပါးဘဏ်ချေးငွေ တစ်လခန့် နောက်ဆုတ်ပေးရန် လိုလားနေကြောင်းလည်း ဒေသခံတောင်သူလယ်သမားများထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**



> စပါးရောင်းမရတော့လည်း နွားတို့၊ ရွှေတိုရွှေစတို့ကို လျှော့ဈေးနဲ့ ရောင်းရင်ရောင်း၊ မရောင်းရင် လယ်ပေါင်သင့်ပေါင် . . .

# မြစ်သာမြစ်အရှေ့ဘက်ကမ်း၌ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်မှုပြီးစီး

**ကလေး မတ် ၁**

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ အူဒူ-ပေါက်တော-အင်းဒင်-ရှားတောကျောက်ပြုတ်-မန္တာ ကျေးရွာများကိုဖြတ်သန်းသည့် အရှည် ၇ မိုင်၊ အကျယ် ၁၈ ပေရှိ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းများ ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာချင်းဆက်လမ်းကို ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၉၈ သန်း အကုန်အကျခံ၍ ထက်ရတနာထွန်းကုမ္ပဏီက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှစ၍ စက်ယန္တရားကြီးများအသုံးပြု ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျေးရွာချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နယ်စပ်အဆုံး မန္တာကျေးရွာမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အစ ဝင်ဝကျေးရွာနှင့် အနောက်လယ်ကြီး-အရှေ့လယ်ကြီး-စမ်းမြို့-မြစ်သား-ရွာမ-ချောင်းပေါက်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် မြေသားလမ်းမကြီးဖြစ်ပြီး လမ်းဖောက်လုပ်ပေးခြင်းကြောင့် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ၏ ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည့်အပြင် ခရိုင်ချင်းဆက် ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မြန်ဆန်လာစေမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုများအထောက်အကူပြုလာမည်ဖြစ်ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

**ဂျူနိုင်း**

# အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး အသိပညာပေးဟောပြော

**လပွတ္တာ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို လပွတ္တာမြို့နယ် ဗိုင်းဒေါင့်ချောင်းအုပ်စု ဘိုကုန်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်အရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက အမှာစကားပြောကြားပြီး ခရိုင်တရားသူကြီး ဒေါ်အေးမူက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးဆိုင်ရာ ဥပဒေအကြောင်းအရာများနှင့် အမျိုးသမီးများအနေဖြင့် သိရှိထားရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်သော အသင်းဝင်များအား အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများနှင့် ကျောင်းသူများကိုလည်း အင်္ကျီ၊ ဗလာစာအုပ်၊ ဘောပင်၊ ဆပ်ပြာမှုန့်၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရွှေတူးဖော်နေသော စက်မှော်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ပင်လယ်ဘူး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် လိပ်ပုတ်ကျေးရွာအနီးရှိ နန္ဒာဝန်အကွက်တွင် ရွှေတူးဖော်နေသော စက်မှော်တစ်ခုကို ဖေဖော်ဝါရီ ၂၆ ရက်က ဖမ်းဆီးရမိသဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင်ရွှေမှော်လုပ်ကိုင်သူများ ဖမ်းဆီးရေးအဖွဲ့နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူး၊ မြို့နယ်မြေစာရင်းမှူးဦးခင်ဇော်၊ မြို့နယ်မှူးရုံးမှရဲအုပ်မြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လိပ်ပုတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာ ကညင်ကုန်းကျေးရွာနှင့် ဝမ်းဘဲအင်းကျေးရွာအကြား၊ လိပ်ပုတ်ကျေးရွာအပိုင် နန္ဒဝန်အကွက်တွင် ရွှေတူးဖော်နေသော စက်မှော်တစ်ခုကို တွေ့ရှိရသဖြင့် ဝင်ရောက်စစ်ဆေးရာ မြင်းကောင်ရေ ၃၂ ရှိ အင်ဂျင်စက်တစ်လုံး၊ ဂျင်ဒေါင်းအမျိုးအစား မြင်းကောင်ရေ ၂၅ ရှိအင်ဂျင်စက်တစ်လုံး ရေခရူတစ်လုံး ဘောတွဲ ခြင်းအစုံတစ်ခု၊ သုံးတန်ချိန်း ဘလောက်တစ်ခု၊ အရှည်ပေ ၅၀ ခန့်ရှိ ပိုက်ပျော့တစ်ချောင်း၊ အရှည် ၉ ပေခန့်ရှိ လေးလက်မ ကျွဲလည်ချောင်းပိုက်တစ်ချောင်းနှင့် ပလတ်စတစ်ပုံးဖြင့် ထည့်ထားသော ဓာတ်ဆီများကို တွေ့ရှိခဲ့ရပြီး ရွှေမှော်လုပ်ကိုင်နေသူမှာ ထွက်ပြေးသွားခဲ့သော်လည်း သတင်းအရ ဝမ်းဘဲအင်းကျေးရွာနေ သန်းထွန်းအား ရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

တွေ့ရှိသော သက်သေခံပစ္စည်းများကို ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းကာ သတ္တုစီမံကိန်းရုံးတာဝန်ခံအရာရှိ ဦးစောလွင်က ပင်လယ်ဘူးမြို့မရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ရွှေမှော်လုပ်ကိုင်သူ သန်းထွန်းအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

ပြည်တွင်းသတင်း



# မြင်းခြံမြို့တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး လူထုဆန္ဒဖော်ထုတ်

**မြင်းခြံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈နာရီ ၂၅ မိနစ်က မြို့ပေါ်ရပ်ကွက်မှ ပြည်သူလူထုများနှင့် ကျေးရွာအုပ်စုများမှ ပြည်သူလူထု အင်အား ၁၅၀၀ ခန့်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လူထုဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုဆန္ဒဖော်ထုတ်မှုကို မြင်းခြံမြို့ အမှတ်(၁၇)ရပ်ကွက် အခြေခံပညာမူလတန်း ကျောင်းရှေ့တွင် စုရပ်ထားရှိခဲ့ပြီး အမှတ်(၁၈) ရပ်ကွက် အားကစားကွင်းအထိ လမ်းလျှောက်၍ ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သောလူများမှ တည်ငြိမ် အေးချမ်းရေးဒို့အရေး၊ ဒီမိုကရေစီရှင်သန်ရေးဒို့အရေး၊ အပစ်အခတ်ရပ်စဲရေး ပြည်သူတွေက တွန်းအားပေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲရန် တည်ငြိမ်ဖို့လိုသည်၊ အလုပ်သမားလုပ်ငန်းခွင် အေးချမ်း ပျော်ရွှင်ဖို့ နိုင်ငံတည်ငြိမ်စို့၊ တောင်သူလယ်သမားလုပ်ငန်းခွင် အေးချမ်း ပျော်ရွှင်ဖို့ နိုင်ငံတည်ငြိမ်စို့ စသည်ဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သည့် လက်ကိုင်ဆိုင်းဘုတ်များ၊ ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ အမှတ်(၁၈) ရပ်ကွက် အားကစားကွင်းသို့ရောက်ရှိသောအခါ ဆန္ဒဖော်ထုတ်ပွဲ ဦးဆောင်သူတစ်ဦးဖြစ်သော ဦးကျော်ဆန်းဦးက ဆန္ဒဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် ဆန္ဒဖော်ထုတ်လူထုမှ ကြွေးကြော်သံများ ကြွေးကြော်ခဲ့သည်။

ထို့နောက် မူလစုရပ် အမှတ်(၁၇) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှေ့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဆန္ဒဖော်ထုတ်မှုကို သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများထံသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရယူခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁/၂၀၁၅) မုံရွာ၌ ဖွင့်

**မုံရွာ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချပေးခဲ့ရာ တိုင်းဒေသကြီးအတွင်းမှ ပြန်/ဆက်ဝန်ထမ်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် ဘဏ္ဍာရေးကျင့်စဉ်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ၊ ပြည်သူ့ဗဟိုပြုသတင်းရေးသားနည်း ဝန်ကြီးဌာန Website သို့ ပြည်သူ့အကျိုးပြုသတင်းများလွှင့်တင်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများဖြစ်သည့် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများ၊ နံရံကပ်စာစောင်နှင့် လက်ကမ်းစာစောင်ပြုလုပ်ခြင်း၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

" ဒီသင်တန်းဟာ ဌာနအတွက်ရော၊ သင်တန်းသားတစ်ဦးချင်းအတွက်ပါ အများကြီးအကျိုးရှိပါတယ်။ သင်တန်းကသင်ကြားပို့ချပေးလိုက်တဲ့အတွက် အသိပညာပေး နံရံကပ်စာစောင်တွေ၊ လက်ကမ်းစာစောင်တွေကို လက်တွေ့ပြုလုပ်နိုင်တဲ့အပြင် ဝန်ကြီးဌာန Website မှာလည်း ပြည်သူ့အကျိုးပြုသတင်းတွေကို လွှင့်တင်ပေးနိုင်ပါပြီ။ ဒါ့ကြောင့် သင်တန်းကပို့ချပေးလိုက်တဲ့ ဘာသာရပ်တွေကို လက်တွေ့မှာ အသုံးချပြီး ပြည်သူအတွက်၊ ဌာနအတွက်၊ အားထားရတဲ့ ဝန်ထမ်းကောင်းတွေဖြစ်လာအောင် ကြိုးစားသွားပါမယ်"ဟု ခန္တီးခရိုင်ရုံးမှ သင်တန်းသား ဦးဆောက်က ပြောပြသည်။

အဆိုပါ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅နာရီကကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဦးခိုင်မင်းကျော်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများ၊ နံရံကပ် စာစောင်၊ လက်ကမ်းစာစောင် အကောင်းဆုံး ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

### သတင်းတိုများ

## တမလန်းဓားရှေတုံးများသိမ်းဆည်းရမိ

ကသာခရိုင်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်ဆွေ၊ တောအုပ် ဦးကျော်လင်း၊ ဦးဇော်ဝင်း ကသာမြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး၊ ဦးကျော်ဦး တောအုပ်၊ ဦးစိန်လင်း တောအုပ် ၊ဦးအောင်နိုင်စိုး၊ ဦးသန်းဇော် တောခေါင်း ဦးယောထုံ၊ ဦးလှိုင်မျိုးထွန်း တို့ပါဝင်သော သစ်တောဝန်ထမ်းများသည် လမ်းခွကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်ပူးပေါင်းပြီး တရားမဝင်သစ် ပိတ်ဆို့ဖမ်းဆီးရေးစီမံချက်အရ ဖေဖော်ဝါရီ ၂၅ ရက်က နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၅ နာရီ ၁၁မိနစ်က ကသာမြို့နယ် အင်းတော- ကသာ ကားလမ်းပိုင်း ၅မိုင် အနီးရပ်ထားသော တုံဖုန်းခြောက်ဘီးယာဉ် တစ်စီးကို မသင်္ကာ၍ သက်သေများရှေ့ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်ထားသည့်တမလန်း ဓားရှေတုံး ၂၄ တုံး ၃ ဒသမ ၄၃၀ တန်အားပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ (ကသာ)**

## တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ၏အနောက်ဘက် ငါးဖာလုံခန့်အကွာတွင် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက တောမီးလောင်ကျွမ်းခဲ့ရာမှ အဆိုပါတောမီးမှတစ်ဆင့် ပတ်ဝန်းကျင်ရှိ တောင်ယာများ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ထိုမီးလောင်မှုဖြစ်ပွားရာသို့ ခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ သရက်မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ငွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မီးသတ်ယာဉ်သုံးစီးဖြင့် စုပေါင်းဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသဖြင့် ညနေ ၃ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုမီးလောင်မှုကြောင့် တောင်ယာတောအတွင်းရှိ ဦးမြင့်နိုင် အလယ်ကျောကျေးရွာ သရက်မြို့နယ်နေသူ၏ ၁၂ ပေပတ်လည် ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း မြေစိုက်တဲတစ်လုံး ၊ ဦးအုန်းမြင့် လက်ပင်ခုံကျေးရွာ သရက်မြို့နယ်နေသူ၏ ၁၂ ပေပတ်လည် ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း မြေစိုက်တဲတစ်လုံး၊ ယာဉ်အမှတ် 2I/ --- Toyota 9 Wish အဖြူရောင်ကားတစ်စီး၊ DT အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကျော်ဇေယျ**

## အင်ပင်ရှည်ရွာ ဆိုလာမီးများတပ်ဆင်

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တောင်ကြီးမြို့နယ်အတွင်းရှိ ဇလဲ-ကျောက်စုမှ အင်ပင်ရှည်ရွာသွားလမ်း (၁/၄ ဒသမ ၇၃)မိုင်/ဖာလုံကို ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် အင်ပင်ရှည်ရွာ ဆိုလာမီး ၉၅ လုံးတပ်ဆင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ ရက်က ဖွင့်ပွဲအခမ်းအနားကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရွာသူ ရွာသား ၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဓားထိုးမှုဖြစ်၍ အမျိုးသားတစ်ဦးသေဆုံး

**ရေစကြို မတ် ၁**

ရေစကြိုမြို့နယ် မဲကုန်းကျေးရွာနေ ဦးသိန်းဦးသည် ဖေဖော်ဝါရီ ၂၆ ရက် ည ၈ နာရီက နေအိမ်တွင်ရှိနေစဉ် တစ်ရွာတည်းနေ အေးဝင်းသောင်းရောက်ရှိလာကာ ခြံချင်းကပ်နေသူ ဦးစိန်မြိုင် (၆၅နှစ်)လည်း ရောက်ရှိလာပြီး ဦးစိန်မြိုင်နှင့် တစ်အိမ်တည်း အတူနေသမက်ဖြစ်သူ ဦးခင်ထွန်းတို့ စကားများ ရန်ဖြစ်ကြကြောင်း၊ ထို့နောက် ဦးစိန်မြိုင်က ဦးခင်ထွန်းအား အရိုးလေးလက်မ၊ အသွားကိုးလက်မ၊ ဗျက်တစ်လက်မခန့်ရှိ ဓားဖြင့်ထိုးခဲ့သဖြင့် ဦးခင်ထွန်းမှာ ဒဏ်ရာများဖြင့် နေအိမ်ရှေ့မြေပြင်တွင် သေဆုံးသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓားနှင့်ထိုးသူ ဦးစိန်မြိုင်အား အရေးယူပေးရန် ဦးသိန်းဦး (ဆယ်အိမ်စုမှူး)က တရားလိုပြုတိုင်တန်းခဲ့သောကြောင့် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားသည်။

**ကျော်ဇေယျ**

# ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်မှ ဆိုင်ကယ်များခိုးခံရ

**ပင်လည်ဘူး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ရေယွန်းပြစ်ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်အောက်တွင် ထားရှိသည့် ဆိုင်ကယ်နှစ်စီး ဖေဖော်ဝါရီ ၂၄ ရက် ညက ခိုးယူပျောက်ဆုံးသွားခဲ့သည်။ ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့နယ် ရေယွန်းပြစ်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ နေအိမ်တွင် ညအိပ်ပြီး လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နေ ဦးကြည်ခိုင်သည် အဆိုပါနေ့ ည ၂ နာရီတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်အောက်တွင်ထားရှိသည့် NEW ZHINENG အနက်ရောင်ဆိုင်ကယ်နှစ်စီးပျောက်ဆုံးသွားခဲ့သဖြင့် အရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လည်ဘူးမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မြေပဲနုတ်စက်(ဂျုတ်)ဖြင့် နုတ်သိမ်းခြင်းကြောင့် တောင်သူများအဆင်ပြေ

**မြောင် မတ် ၁**



စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ပျိုးထားသည့် ဒေသခံတောင်သူများ မြေပဲနုတ်သည့်စက် (မြေပဲနုတ်ဂျုတ်) ကို တီထွင်အသုံးပြုလာသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း ဒေသခံမြေပဲစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

"မြေပဲစပေါ်ကာစမှာ မြေပဲတစ်တောင်းကို နုတ်ခ၊ ဆွတ်ခ တစ်ထောင်ကျပ်သာ ပေးရပေမယ့် အခုချိန်မှာတော့ အခင်းရှင်က မြေပဲပင်ကို စက်ဖြင့်နုတ်သိမ်းပြီး မြေပဲ တလင်းရောက်အောင် ပို့ပေးရတယ်။ မြေပဲတလင်းရောက်မှ ဝိုင်းပြီးဆွတ်ကြတာ၊ မြေပဲတစ်ဇကာကို မြေပဲနုတ်စက်ခက ကျပ် နှစ်သောင်းပေးရပါတယ်။ ဆွတ်ခက တစ်တောင်းကိုတစ်ထောင်ကျပ် ပေးရတယ်။ ဆောင်းမြေပဲနုတ်ပြီးရင် နွေပဲတီနှင့် နှမ်းနှမ်းစိုက်ပျိုးကြရမှာမို့ တောင်သူတွေ ပင်ပန်းကြသော်လည်း မြေပဲအထွက်နှုန်း ကောင်းတာရော၊ ဈေးကောင်းတာရောကြောင့် အဆင်ပြေကြပါတယ်"ဟု ခေါင်းကွဲကျေးရွာမှ တောင်သူဦးသိန်းဆွေဝင်းက ပြောပြသည်။

မြောင်မြို့နယ်အတွင်းမှ မြေပဲနုတ်သည့်စက်ကို ဒေသခံတောင်သူများက တီထွင်အသုံးပြုကြပြီး ထွန်စက်နှင့်တွဲကာ တပ်ဆင်အသုံးပြုကြရကြောင်း၊ မြေပဲနုတ်စက်တစ်စီး တစ်နာရီလျှင် တစ်ဧကခန့်ပြီး၍ စက်ဖြင့်နုတ်ပြီး မြေပဲပင်များကို လူသုံးဦးခန့်ကစုပုံပေးရကြောင်း၊ ပြီးလျှင် မြေပဲတလင်းသို့ ထော်လာဂျီများ၊ နွားလှည်းများဖြင့် သယ်ယူပြီး မြေပဲဆွတ်သည့် အလုပ်သမားများက ဝိုင်းဖွဲ့ ဆွတ်ကြရကြောင်း၊ တစ်ဦးလျှင် ခုနစ် တင်းမှ ၁၀ တင်းအထိရရှိသောကြောင့် နေ့စဉ် ဝင်ငွေကောင်းလျက်ရှိကြောင်း မြေပဲစိုက်တောင်သူများနှင့် မြေပဲ နုတ်တောင်သူများထံမှ ကြားသိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## ပြည်တွင်းသတင်း

# မြင်းခြံ သံမဏိစက်ရုံတွင် ယာဉ်အို ယာဉ်ဟောင်း ၄၇၁၄၇ စီးကျော် လက်ခံအပ်နှံခဲ့ပြီးကြောင်း သိရ



**မိတ္ထီလာ မတ် ၁**

နိုင်ငံတစ်ဝန်းရှိ မော်တော်ယာဉ်အိုယာဉ်ဟောင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအစီအစဉ်ဖြင့် မြင်းခြံ သံမဏိစက်ရုံတွင် ၂၀၁၁ ခုနှစ်မှ စတင်လက်ခံ အပ်နှံခံခဲ့ရာ ယနေ့အထိ ယာဉ်အိုယာဉ်ဟောင်း ၄၇၁၄၇ စီးကျော်ကို လက်ခံအပ်နှံခံပြီးကြောင်း စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးအေးဝင်းထံမှ သိရသည်။

"၂၀၁၁ ခုနှစ်က စတင်ပြီးတော့ မော်တော်ယာဉ်အို ယာဉ်ဟောင်း အပ်နှံမှုကို မြင်းခြံသံမဏိစက်ရုံမှာ စတင်လက်ခံ အပ်နှံခံခဲ့ပါတယ်။ ယနေ့အထိ ယာဉ်အို ယာဉ်ဟောင်း စီးရေ ၄၇၁၄၇ စီးကျော် တန်ချိန် ၅၃၀၃၇ ဒသမ ၆၃ တန်ကျော်ကို အပ်နှံခံပြီး ဖြစ်ပါတယ်။ နေ့စဉ် အပ်နှံခံတာဖြစ်ပြီးတစ်နေ့ကို ယာဉ်စီးရေ အစီး ၃၀ ကနေ ၅၀ လောက်ထိ လက်ခံအပ်နှံခံပါတယ်" ဟု ၎င်းက ပြောသည်။

မော်တော်ယာဉ်အိုယာဉ်ဟောင်း အပ်နှံမည့်သူများအနေဖြင့် ယာဉ်အမျိုးအစားမှန်ကန်မှု၊ ယာဉ်ပုံပန်းသဏ္ဌာန်မှန်ကန်မှု၊ ယာဉ်နံပါတ်၊ ပေါင်နံပါတ် မှန်ကန်မှုများ ရှိရမည့်အပြင် မောင်း၍ရသည့် ယာဉ်များကိုသာ အပ်နှံရမည်ဖြစ်သည်။ ၎င်းအပြင် ယာဉ်မှတ်ပုံတင်သက်တမ်းကြာမြင့်သောကြောင့် ဖျက်သိမ်းယာဉ် ထောက်ခံချက်ပုံစံ(ဃ)နှင့် ထောက်ခံချက်မူရင်း မိတ္တူနှစ်စောင်၊ အပ်နှံလက်ခံရပြီးပြေစာပုံစံ (စ) တို့ ပါရှိရမည်ဖြစ်သည်။ မြန်မာပြည်အထက်ပိုင်းရှိ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) စသည်တို့တွင် ပါဝင်သည့် မြို့ကြီးများမှ မော်တော် ယာဉ်အို ယာဉ်ဟောင်းများကို မြင်းခြံသံမဏိ စက်ရုံတွင် နေ့စဉ် အပ်နှံခံလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဂန့်ဂေါမြို့နယ်တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်

**ဂန့်ဂေါ မတ် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာအချို့ကိုလည်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ကျေးရွာဦးရေတိုးချဲ့လျက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့တွင် 66/11KV,2MVA ဂန့်ဂေါဓာတ်အားခွဲရုံကို တည်ဆောက်တပ်ဆင်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်ညမှစတင်၍ မြို့နယ်အတွင်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့အထိမြို့ပေါ် လေးရပ်ကွက်နှင့် ကျော၊ ကွဲကိုင်း၊ ပဲမစား၊ ရွာငယ်၊ ရွှေပင်ပျား၊ လာပို့၊ ဇာဟော၊ လက်ပန်၊ အနောက်ဂန့်ဂေါနှင့်ရှုံးရှိ ကျေးရွာတို့တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ အုတ်လှ၊ ရွာစည်၊ ပိုဦး၊ မြင်းဇာ၊ ကျော်၊ မောက်လင်း၊ မောက်ကန်၊ ကန်သာ၊ ဘော်ပြင်းနှင့် ကျွန်းခုံသာကျေးရွာတို့အား မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

မကြာမီကာလတွင် 66/11 KV, 2 MVA ဂန့်ဂေါဓာတ်အားခွဲရုံအား 66/ 11 KV, 5 MVA ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်တပ်ဆင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်၍ ဓာတ်အားခွဲရုံအဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ကျေးရွာဦးရေကို အဆင့်ဆင့်တိုးချဲ့၍ လျှပ်စစ်ဓာတ်အား ထပ်မံဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များတွင် နေထိုင်သူများသည် မိမိတို့၏ကျေးရွာ၊ ရပ်ကွက်များ မဟာဓာတ်အားလိုင်းစနစ်ဖြင့် မီးလင်းရေးအတွက် အားကြိုးမာန်တက် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# သမိုင်းဝင်အညာသီဟတော ရွှေဆင်းတုတော် ခင်ဦးမြို့နယ်အတွင်း ဒေသစာရီကြွချီအပူဇော်ခံ

**ခင်ဦး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဧရာဝတီမြစ်အတွင်း၌ တည်ရှိသော သမိုင်းဝင် အညာသီဟတောဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပလျက်ရှိသည်။ နှစ်စဉ်ပင့်ဆောင် ပူဇော်မြဲဖြစ်သော သီဟတောရွှေဆင်းတုတော်ကို မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ ခင်ဦးမြို့နယ် အညာသီဟတော ကုန်းတော်ပေါ်သို့(၂၇)ကြိမ်မြောက် ပင့်ဆောင်ပူဇော်ခံမည်ဖြစ်ရာ ယခုနှစ်တွင် ရွှေဆင်းတုတော်၏ ရွှေစလွယ်တော်ကို ပိုမိုခိုင်ခန့်အောင် ငွေကျပ် သိန်း ၂၀၀ ကျော် ကုန်ကျခံ မွမ်းမံပြုပြင်ပူဇော်ထားသည်။

သီဟတောရွှေဆင်းတုတော်ကို တပေါင်းလဆန်း ၉ ရက် နံနက် ၈နာရီက ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှ ခင်ဦးမြို့အနောက်ဘက် ကျေးရွာများသို့ ဒေသစာရီကြွချီ ပူဇော်ခံခဲ့ပြီး ခင်ဦးမြို့လယ် ဓမ္မာရုံတွင် တစ်ညတာ ပူဇော်ခံလျက်ရှိရာ ဒေသခံပြည်သူများမှ လာရောက်ဖူးမျှော်ကြသည်။ တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ခင်ဦးမြို့မှ အညာသီဟတော ကုန်းတော်သို့ ပင့်ဆောင်ရာတွင် သပိတ်ကျင်းမြို့သို့ မြစ်ကြောင်းမှ ဆန်တက်ပင့်ဆောင် အပူဇော်ခံပြီး အညာသီဟတော ရင်ပြင်တော်တွင် လပြည့်နေ့အထိ အပူဇော်ခံလျက် ဘုရားပွဲကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်တွင် ရေကြောင်းမှ သင်္ဘောများ၊ မော်တော်၊ စက်လှေများ ဆိုက်ကပ်နိုင်ရန် စီစဉ်လျက် ကုန်းကြောင်းမှလည်း လမ်း၊ တံတားများ ကောင်းမွန်နေပြီဖြစ်၍ နေ့ချင်းပြန် လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**





# ထီးလင်းတွင် ဆောင်းနေကြာ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်လျက်ရှိ

**ထီးလင်း မတ် ၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းသဖြင့် ဒေသနေ တောင်သူလယ်သမားများသည် စပါးကိုအားထား စိုက်ပျိုးလျက်ရှိခဲ့ရာမှ အစားထိုးသီးနှံများဖြင့် အစားထိုးစိုက်ပျိုးခဲ့ကြရသည်။ ထိုသို့ စိုက်ပျိုးကြရာတွင် မိုးဦးကာလတွင် နှမ်းသီးနှံ၊ မိုးလယ်ကာလတွင် ပင်ထောင်မြေပဲ၊ မိုးနှောင်းပိုင်း ဆောင်းကာလတွင် နေကြာစသည်ဖြင့် စိုက်ပျိုးကြရာ နေကြာစိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာ၌ ထီးလင်းမြို့နယ် ထန်းပင်ကုန်းရွာ တောင်သူ ဦးငွေးမောင်သည် ရေဆင်းစပ်မျိုး နေကြာမျိုးကို ကွင်းအမှတ် ၂၁၃ ရှိ မြေတစ်ဧကတွင် စမ်းသပ်စိုက်ပျိုးရာ သုံးလသားအရွယ်တွင် အပင်မှာ ငါးပေကျော်သည်အထိမြင့်ပြီး အပွင့်များ လှိုင်လှိုင်ပွင့်နေပြီဖြစ်သည်ကို တွေ့ရသည်။

အဆိုပါနေကြာမျိုးစေ့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဖြူးကြောင်း၊ နေကြာစိုက်ပျိုးသည့်အခါ တန်းခြား သုံးပေနှင့် ပင်ခြားကိုးလက်မ စီခွာ၍ စိုက်ပျိုးရန် ပညာပေးဆွေးနွေးထားကြောင်းနှင့် ယခု စိုက်ခင်းမှာ တင်း ၆၀ ခန့် ထွက်ရှိနိုင်သည်ဟု ဆိုသည်။

နေကြာကို ဆီကြိတ်လျှင် တစ်တင်းလျှင် ဆီလေးပိဿာ ၅၀ ကျပ်သားထွက်ရှိနိုင်သဖြင့် နေကြာစိုက်ခင်း တစ်ဧကအတွက် ဆီပိဿာချိန် ၂၅၀ ကျော် ထွက်ရှိနိုင်ရာ ဒေသနေကြာဆီပေါက်ဈေး ငွေကျပ် ၂၀၀၀ ဖြင့်တွက်လျှင် ငွေကျပ် ငါးသိန်းကျော် ဝင်ငွေရရှိနိုင်သဖြင့် တွက်ခြေကိုက် သီးနှံဖြစ်ကြောင်းနှင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ထီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

# မြစိမ်းရောင် ရန်ပုံငွေပေးအပ်

**မူဆယ် မတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်တောင်းကျေးရွာအုပ်စုအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ မြစိမ်းရောင် ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ရန်ပုံငွေပေးအပ်ပွဲတွင် မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ သည် အရင်းမပျောက်မတည်ငွေဖြစ်ပြီး နမ့်တောင်းကျေးရွာသူ ကျေးရွာသားများအတွက် ယင်းငွေထုတ်ပေးခြင်းသည် ငါးလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ကြောင်း၊ ဒေသသားငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် အကျိုးရှိစွာ ဒေသခံပြည်သူများက ကိုယ်တိုင်ရင်းနှီးမတည်ငွေအဖြစ် အရင်းစိုက်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရိုးသျှား(၁၀၅ မိုင်)**

နိုင်ငံတကာအားကစားသတင်း

# ဂျာမန်ဖလား တတိယအဆင့် ပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်

**ဂျာမန်ဖလား တတိယအဆင့်ပွဲစဉ်တွေကို မတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာမို့ အသင်းတွေဖြစ်တဲ့ ဘိုင်ယန် မြူးနစ်၊ မိုချန်ဂလာဘတ်၊ ဝုဖ်ဘတ်တို့ရဲ့ ပြိုင်ဘက်တွေအပေါ် ကျော်ဖြတ်မှုနှုန်းထားတွေကို သုံးသပ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ဂျာမန်ဖလားကို အလေးထားလာတဲ့ အသင်းကြီးတွေအတွက် ပွဲစဉ်တိုင်း နိုင်ပွဲရအောင် အားထုတ်နေကြတာမို့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိမယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။**

### ဘိုင်ယန်မြူးနစ်နှင့် ဘရန့်ရှဝစ်

ဘိုင်ယန်မြူးနစ်ရဲ့ ဒီနှစ်မျှော်မှန်းချက်ဖြစ်တဲ့ ဖလားစုံရရှိရေးဟာ ပွဲတိုင်း အလေးထားကစားရမယ့် အနေအထားဖြစ်တာမို့ အခုပွဲမှာ ဘရန့်ရှဝစ်တို့ ပွဲမချောင်ပါဘူး။ ဂျာမန်ဖလားကို ရည်မှန်းချက်ထားနေတဲ့ ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲရယူနေတာမို့ ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးတွေကို ဘရန့်ရှဝစ်တို့ ဟန့်တားဖို့ ခက်ခဲပါလိမ့်မယ်။

### လိုက်ပ်ဇစ်နှင့် ဝုဖ်ဘတ်

ဝုဖ်ဘတ်ရဲ့ ခြေစွမ်းက ပုံမှန်ရရှိနေတာဖြစ်လို့ အဝေးကွင်းဆိုပေမယ့် လိုက်ပ်ဇစ်တို့ ဘယ်လိုခုခံရမလဲဆိုတာကိုပဲ တွေးရမှာဖြစ်ပါတယ်။ လိုက်ပ်ဇစ်တို့က ခံစစ်ပိုင်းအမှားအယွင်းလုပ်တဲ့ အားနည်းချက်က ဝုဖ်ဘတ်တိုက်စစ်မှူးတွေကို အခွင့်အရေးရရှိသွားစေနိုင်ပါတယ်။

### အော်ဖန်ဘတ်နှင့် မိုချန်ဂလာဘတ်

အော်ဖန်ဘတ်ရဲ့ ကွင်းလယ်ကစားအားက လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ တိုက်စစ်ကို ထိထိရောက်ရောက် မပံ့ပိုးနိုင်တာမို့ ပွဲတိုင်းရှုံးကန်နေရဆဲပါပဲ။ မိုချန်ဂလာဘတ်တို့က တိုက်စစ်ထက် ခံစစ်ပိုင်းအားသာချက်ရှိနေတာမို့ ဒီပွဲမှာ အိမ်ကွင်းတို့ အမြင့်ဆုံးသရေရလဒ်ကို မှန်းဆနိုင်ပါတယ်။

### လေဗာကူဆင်နှင့် ကိုင်ဇာစလော့တန်

အိမ်ကွင်းမှာ အားထည့်ကစားတတ်တဲ့ လေဗာကူဆင်တို့ကို အဝေးကွင်းမှာ ကိုင်ဇာစလော့တန်တို့ ကျော်ဖြတ်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ကိုင်ဇာစလော့တန်တို့ရဲ့ တိုက်စစ်မှူးတွေက ဂိုးဧရိယာအတွင်း အပျက်များတတ်တာမို့ လေဗာကူဆင်ရဲ့ အသင်းလိုက်ကစားအားကောင်းမွန်မှုက အနိုင်ရလဒ်ကို သိမ်းပိုက်ပါလိမ့်မယ်။

### ဖရိုင်းဘတ်နှင့် ကိုလုံး

ဘွန်ဒက်စ်လီဂါနှစ်သင်းဆုံတွေ့တဲ့ပွဲမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ကိုလုံးတို့ကတိုက်စစ်၊ ခံစစ်မျှတအောင် ကစားနိုင်ပြီးဖရိုင်းဘတ်ကို ထိုးဖောက်တိုက်စစ်ဆင်ကာ ဖိအားပေးပါလိမ့်မယ်။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတဲ့ ဖရိုင်းဘတ်တို့က ဒီပွဲမှာ အနိမ့်ဆုံးသရေပွဲဖြစ်အောင် ကြိုးစားပါလိမ့်မယ်။

### ဒိုင်နမိုဒရက်ဒန့်နှင့် ဒေါ့မွန်

တဖြည်းဖြည်း ရလဒ်ကောင်းလာတဲ့ ဒေါ့မွန်တို့က ဒီပွဲမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဒိုင်နမိုဒရက်ဒန့်တို့က ဒေါ့မွန်နဲ့ဆုံတိုင်း ရလဒ်ကောင်းတွေ မပိုင်ဆိုင်နိုင်တာမို့ အခုပွဲအိမ်ကွင်းမှာ ဒေါ့မွန်ကို ခုခံဟန့်တားဖို့ ပြင်ဆင်ရဦးမှာဖြစ်ပါတယ်။ အကြိုက်က ဒေါ့မွန်ပါပဲ။

### အာမီးနီးယားနှင့် ဝါဒါဘရီမင်

ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဝါဒါဘရီမင်တို့က အဝေးကွင်းမှာ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ အာမီးနီးယားတို့က အိမ်ကွင်းအားထုတ်မှုကောင်းပေမယ့် အသင်းလိုက်စုစည်းမှုနဲ့ နားလည်မှုအပိုင်းမှာ ဝါဒါဘရီမင်တို့ အားသာချက်ရှိနေတာအမှန်ပါပဲ။ ဒီပွဲမှာ ဝါဒါဘရီမင် ပရိသတ်အဖြစ် ရပ်တည်လိုက်တာ အကောင်းဆုံးပါပဲ။




## တစ်ရာသီဂိုးနှစ်ဆယ်သွင်းတဲ့ တိုက်စစ်မှူးတွေဘယ်မှာလဲ

ယခုနှစ်ရာသီမှာ မန်ယူအတွက် ဂိုးတွေများများစားစား သွင်းယူပေးတဲ့ တိုက်စစ်မှူးတွေမရှိဖြစ်နေပါတယ်။ တစ်ရာသီမှာ ဂိုးနှစ်ဆယ်သွင်းတဲ့တိုက်စစ်မှူး မရှိခဲ့ဘူးဆိုရင် မန်ယူရဲ့ ဖလားရရှိရေး ကြိုးပမ်းမှုဟာလည်း အောင်မြင်မှာမဟုတ်ပါဘူးလို့ နည်းပြဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။

လက်ရှိအခြေအနေမှာ မန်ယူရဲ့ ဂိုးအများဆုံး သွင်းပေးနိုင်တယ်လို့ ပြောလို့ရတဲ့ဗန်ပါစီတောင် ၁၀ ဂိုးပဲ သွင်းပေးထားပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာနဲ့ အဂူရိုတို့ဟာ လက်ရှိအခြေအနေမှာတော့ ၁၇ ဂိုးစီသွင်းယူပေးထားကြပါတယ်။ ရာသီကုန်အထိ ဂိုးနှစ်ဆယ်ကျော်သွင်းမယ့် တိုက်စစ်မှူးတွေလို့ ဆိုရမှာဖြစ်ပါတယ်။

ဗန်ဟားလ်ရဲ့ မှတ်ချက်အပေါ် မန်ယူရဲ့ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ဗန်ပါစီ၊ ရွန်းနေ၊ ဖယ်ကာအိုတို့ဟာ ငြင်းဆိုနိုင်ခြင်းမရှိကြပါဘူး။ ဒါဟာ အမှန်တရားပဲလို့ ဗန်ဟားလ်ကဆိုပါတယ်။ လက်ရှိအခြေအနေမှာ အိုးထရက်ဖို့ဒ် နည်းပြဗန်ဟားလ်ဟာ တိုက်စစ်မှူးရွန်းနေကို အလယ်တန်းကစားနိုင်မှု၊ ဖယ်ကာအိုကို ကန့်သတ်တဲ့ အခွင့်အလမ်းတွေသာ ပေးတဲ့အတွက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူအတွက် ဂိုး ၂၀ သွင်းပေးနိုင်တဲ့ တိုက်စစ်မှူး မရှိသေးဘူးလို့ ဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။

## အသင်းကြီးတွေစိတ်ဝင်စားနေတဲ့ ခီဒီယာ

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ခီဒီယာကို ရှော်လ်ကေးက ခေါ်ယူစာချုပ်ဖို့ ကြိုးစားရတယ်လို့ ဝန်ခံပြောကြားလိုက်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ခီဒီယာနဲ့ ဘာနေဗျူးတို့ရဲ့ လက်ရှိစာချုပ်ဟာ သုံးလပဲကျန်ပါတော့တယ်။ နွေရာသီကာလမှာအသင်းကြီးတွေက အလွတ်ခေါ်ယူဖို့ အပြိုင်ကြိုးစားနေကြပါတယ်။ ပရီမီယာလိဂ်ထိပ်သီး ကလပ်တွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ်နဲ့ လီဗာပူးတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။ ၂၀၁၀ ပြည့်နှစ်က ရီးရဲမက်ဒရစ်ကို ရောက်ရှိလာခဲ့ပြီး အသင်းအတွက် အဓိကအားထားရတဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ သူဟာ စတုဂတ်နာမည်ကြီး ကစားသမားလည်းဖြစ်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်သို့ မရောက်မီ စတုဂတ်မှာ ကစားခဲ့တာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်စ်လီဂါအသင်းကြီးဖြစ်တဲ့ ရှော်လ်ကေးက ကွင်းလယ်ကစားသမား ခီဒီယာကို အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ နည်းပြ ဒီမတ်တီယိုက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ် ထိပ်သီးအသင်းတွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးတို့နှင့် အပြိုင်ခေါ်ယူရမယ့် အနေအထားရှိပါတယ်။




ကောင်းမြတ်သူ
စုစည်းသည်

## ကာတာကမ္ဘာ့ဖလား ဒီဇင်ဘာ ၁၈ ရက်ထက် မကျော်နိုင်

၂၀၂၂ ကာတာကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဟာ ဒီဇင်ဘာ ၁၈ ရက်ထက် နောက်မကျဘူးလို့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘတ္တာက ပြောဆိုလိုက်ပါတယ်။ ဖီဖာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့က ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလထဲမှာကျင်းပဖို့ အကြံပြုခဲ့ပါတယ်။ပရီမီယာလိဂ်အမှုဆောင် အကြီးအကဲ စဘူဒါမိုးကတော့ အင်္ဂလိပ်ဘောလုံး အသင်းတွေကို အကာအကွယ်ပေးစေလိုတယ်လို့ ထုတ်ဖော်ပြောကြားပါတယ်။ ၂၀၂၂ ကမ္ဘာ့ဖလားကို ဒီဇင်ဘာ ၁၈ ရက်ထက် မပိုပါဘူး။ ဒီဇင်ဘာ ၂၃ ရက်အထိ ကျင်းပဖို့မရှိပါဘူးလို့ ဖီဖာဥက္ကဋ္ဌက ဆိုပါတယ်။ ဒီဇင်ဘာ ၁၈ ရက်နောက်ဆုံးထားပြီး ကစားမယ့်အနေအထားရှိပါတယ်။ ကာတာနိုင်ငံရဲ့ အပူချိန်ကြောင့် ကမ္ဘာ့ဖလားကို ဆောင်းရာသီ ဒီဇင်ဘာလအတွင်းမှာပဲ ကျင်းပမယ့်အနေအထားရှိပါတယ်။

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၃၃

ဦးစောငြိမ်း ဦးလွင်နိုင်ဝေ ပါ ၅

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

(၃)ဒေါ်စိန်ရီ၊ (၄)ဦးဇော်ထွန်း အကွက်(၀၀-၈)၊ ဦးပိုင်(၆)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၃/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၃၄

ဦးစောငြိမ်း ပါ-၂ ဦးဝင်းအောင် ပါ ၅

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

၄။ ဦးမင်းသူ၊ ၅။ ဦးဇော်ထွန်း အကွက် (၀၀-၈)၊ ဦးပိုင်(၇)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊မကြီး ၇၂၄/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၃၅

ဦးစောငြိမ်း ဒေါ်ခင်စိန်မြင့် ပါ ၇

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၁။ ဒေါ်ခင်စိန်မြင့်၊ ၂။ မာသက်ဇင်ကုမ္ပဏီ (ဒေါ်မာလာအေး)၊ ၃။ ဒေါ်မြမြဝင်း၊ ၅။ ဦးကျော်စွာဝင်း၊ ၆။ ဦးမြင့်ထွေး၊ ၇။ စီဆိုင်းရှင်း အကွက် (၀၀-၈)၊ ဦးပိုင်(၈)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊မကြီး ၇၂၅/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

ကြော်ငြာ




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3738,Toyota Hilux Surf,RZN,215S/W(4×4)R ယာဉ်လက်ဝယ်ရှိသူဦးဘိုလေး ၉/ဝတန(နိုင်)၁၁၅၂၈ဝက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**







## လက်ထပ်ပြီးစီးခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ မြို့မတံတားလမ်း၊ အိမ်အမှတ် (၇)နေ ဟာဂျီဦးဟာရှင်(ခ)ဦးထွန်းတင်(ရေး)ကွမ်းသီးရောင်းဝယ်ရေး-ဒေါ်ဂိုရီတို့၏သားထွေး ဟာဖိစ်ဇ်-မော်လဝီမိုဟာမဒ်ဒါဝတ်(ခ)မောင်ဇော်မင်းထိုက်(မဒါရ်ဆာသာအ်လီမွလ် ကုန်အာန်ကျောင်း-မောင်းငံကွင်းကျောင်းလမ်း)နှင့် မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ဈေးကြီးသထုံတံတားလမ်း၊ အမှတ်(၃/က)နေ ဦးယာဆင်(ခ)ဦးလှထွန်း-ဒေါ်နာရ်ဂစ်ဘေဂွန်(ခ)ဒေါ်စန္ဒာအေးတို့၏သမီးလတ် စွမ်မာယာ(ခ)မအေးသန္တာတို့သည် အစ္စလာမ်တရားတော်နှင့်အညီ နေကာရှာဒီထိမ်းမြားလက်ထပ် မင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါကြောင်းသိစေအပ်ပါသည်။

**ဟာဖိစ်ဇ်မော်လဝီမိုဟာမဒ်ဒါဝတ်(ခ)မောင်ဇော်မင်းထိုက်**
**မစွမ်မာယာ(ခ)မအေးသန္တာ**




## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၃၂**

ဦးစောငြိမ်း **နှင့်** ဦးကျော ပါ-၅

လျှောက်ထားသူ လျှောက်ထားခံရသူများ

(၁)ဦးကျော၊ (၂)ဒေါ်ခင်စိန်မြင့်၊ (၄)မာသက်ဇင်ကုမ္ပဏီ(ဒေါ်မာလာအေး)၊ (၅)ဦးထွန်းနိုင်ဦး၊ အကွက် (၀၀-၈)၊ ဦးပိုင်(၅)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၂/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ မြေကွက်အမှတ် ပစ(B)၁၇၇၂၊ ဧရိယာ ဝ.၁၁၄ ၁၁၀ ဧက၊ ဒုအရာခံဗိုလ်မျိုးလှိုင်(ကွယ်လွန်)အမည်ပေါက် မြေကွက်အား ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်မာလာ ၇/ပတန(နိုင်)၀၀၂၉၈၁ (ဘ)ဦးခင်မောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၁၄၅၅)၊ နှစ် ၃၀ ဂရန်မြေကွက်ကို အငှားချထားခြင်းခံရသော ဦးဝင်းနိုင်အမည်ပေါက်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၉/၂၀၁၂(၁၆-၂-၂၀၁၂)ဖြင့် ဦးဝင်းနိုင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဒေါ်မြမူ ၉/ပမန(နိုင်)၁၇၈၈၀၆ (ဘ)ဦးခင်မောင်မှ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့၊ လက်ဆည်ကန်ရပ်နေ ဦးသန်းဖေ-ဒေါ်ခင်လေးတို့၏သား မောင်ဇော်ထွန်းသန်း ၉/ရမသ(နိုင်)၀၀၀၇၉၇ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘအားနည်းမျိုးစုံဖြင့် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသန်းဖေ-ဒေါ်ခင်လေး**

ကြော်ငြာ

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရုံးသုံးပရိဘောဂပစ္စည်း (၁၁)မျိုးအား ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ကြော်ငြာပါသည့်ရက်မှ စ၍ ရုံးဖွင့်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာ ဌာန၊ ပစ္စည်း(၁)ဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၉ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန (နေပြည်တော်)သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၃၆၈ သို့ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။




## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြစိန်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဂျူးဒစ်(Principal, J.L.C Language Centre)တို့၏သားထွေး

**မောင်စိန်ငွေအောင်** @ Philip

**B.Sc(Chemistry)**

**E.L.T(UK), Software Engineering, MBA(Year 1), Director(J.L.C Language Centre)**

**နှင့်**

ရန်ကုန်မြို့နေ ဦးရဲလွင်(တိုင်းဒေသကြီးဥပဒေအရာရှိ၊ ငြိမ်း) Consultant(Aung Naing Thitsar Group of Companies Ltd.)-(ဒေါ်နီနီရွှေ)တို့၏တစ်ဦးတည်းသောသမီး

**မခိုင်ခိုင်ရဲလွင် B.Sc(Physics)**

**Raido Mechanic (Dept of Civil Aviation), Dip;in English, Network Engineering, MYOB**

တို့၏ ၁၄-၂-၂၀၁၉ရက်(စနေနေ့)တွင် Chatrium Hotel Grand Ballroom ၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် စုလျားရစ်ပတ်လက်ထပ်ပေးကာ အောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးသရေစည်သူ ဦးသောင်းညွန့်[ဝန်ကြီး(ငြိမ်း)]နှင့် ဇနီး ဒေါ်နီနီ၊ ကြွရောက်ချီးမြှင့်ပေးပါသော ရှေ့နေချုပ်(ငြိမ်း)သရေစည်သူ ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြ၊ ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာ ထွန်းရှင်၏ဇနီး ဒေါ်ရီရီဝင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဒုတိယရှေ့နေချုပ်ဝဏ္ဏကျော်ထင် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်နှင့်ဇနီး၊ ကရင်ပြည်နယ်ဥပဒေချုပ် ဦးသိန်းလွင်နှင့်ဇနီး၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ဦးချစ်ကိုကိုနှင့်ဇနီး၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့်ဇနီး၊ ဦးအောင်ဇော်ဦး(Chairman-ANT Group of Companies Ltd.)နှင့် ဇနီး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း(အုပ်ချုပ်မှုဒါရိုက်တာ ရွှေနေအောင်ကုမ္ပဏီလီမိတက်)နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံး)၊ ကြွရောက်ချီးမြှင့်ပေးပါသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်၏ ဇနီး ဒေါ်စိန်မမ(တရားလွှတ်တော်ရှေ့နေ)၊ ဥပဒေအရာရှိများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားအစမှအဆုံးထိ စိတ်ရောကိုယ်ပါ ကူညီပေးကြသော ကိုခိုင်ဝင်းအောင်-မမူမူစိုး၊ ဒေါ်ခင်သီဂီ၊ J.L.C မှ ဝန်ထမ်းများ၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး ခိုင်ဇင်သန့်နှင့် မိုးမခခင်ခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မယုနန္ဒာကြည်၊ သတို့သားအရံ မောင်လင်းဖြိုးအောင်နှင့် သတို့သမီးအရံ မမေနဒီအောင်၊ အခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးအဆိုတော် ဒေါ်နှင်းရီသန့်၊ မေတ္တာနှင့်ကူညီသီဆိုပေးပါသော ကိုဖိုးသောကြာနှင့်အဖွဲ့၊ မိတ်ကပ်/ဆံပင် လင်းလင်း၊ ဗီဒီယိုမှတ်တမ်းတင် ကိုသက်(MRTV-4)၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဥပဒေအရာရှိ ညီငယ် ညီမငယ်များ၊ Chatrium Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်စိန်ငွေအောင်-မခိုင်ခိုင်ရဲလွင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၂၆၇ GENOV ARAM 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၁၂/ဗတထ(နိုင်)၀၂၆၄၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၉၀၂၈ Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/ပသက(နိုင်)၀၂၈၄၇၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၉၉၈၀၂ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြည် ၉/မဟမ(နိုင်)၀၃၄၁၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### "မင်္ဂလာဆွမ်းစားတော့်ကြောင်းအစုနောက်ချမီတက်ကြွကြလှ" [illegible]

[illegible]

## ဖခင်အမည်မှန်

ဘားအံမြို့၊ အထက (၃) နဝမတန်း(ခ)မှ နန်းရတနာမိုးမြင့်၊ ဆဋ္ဌမတန်း(က)မှ စောဝင်းသိန်းဦး၊ ပဉ္စမတန်း(က)မှ နန်းအေးဝတီမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးရာဇာထွန်း ဖြစ်ပါကြောင်း။

**ဦးရာဇာထွန်း ၈/မကန(နိုင်)၁၄၂၂၀၃**

ပြည်တွင်းအခွန်များဦးစီးဌာန [illegible]

[illegible]

ကြေညာချက်

[illegible]

(၁၀၂)ကြိမ်ဘ [illegible]

ကျပ်(၁၀၀၀၀၀၀ကျပ်/-)ဆုများ

[illegible]

ကျပ်(၃၀၀၀၀၀ကျပ်/-)ဆုများ

[illegible]

ကျပ်(၃၀၀၀၀၀ကျပ်/-)ပြည့်ဖွက်ဆု

[illegible]

ကျပ်(၂၀၀၀၀ကျပ်/-)ဆုများ

[illegible]

ကျပ်(၂၀၀၀၀ကျပ်/-)ပြည့်ဖွက်ဆု

[illegible]

ကျပ်(၁၀၀၀၀ကျပ်/-)ဆုများ [illegible]

[illegible]

ကြော်ငြာ

## မွန်ပြည်နယ်၊ သထုံခရိုင်
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သထုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါအကြွေးစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ကြောင်း ကြေညာအသိပေးအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၃-၃-၂၀၁၅ ရက် (အင်္ဂါနေ့)
**နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၃-၂၀၁၅ ရက် (အင်္ဂါနေ့)
(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၀-၃-၂၀၁၅ ရက် (အင်္ဂါနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်-မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များကို ခရိုင်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့၊ ဖုန်း-၀၅၇-၄၀၀၄၆တွင်(ရုံးချိန်အတွင်း)ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၄၀၀၄၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၀**

၁။ ဒေါ်ခင်မျိုးဦး **နှင့်** ၁။ ဒေါ်စော
၂။ ဦးမောင်မောင်ဆန်း ၂။ ဦးသိန်းအောင်
**တရားလိုများ** **တရားပြိုင်များ**

(၁) ဒေါ်စော အမှတ် ၂၃၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် (၂)ဦးသိန်းအောင် အမှတ် ၁၀၊ အလယ်လမ်း၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

တရားလိုများဖြစ်သူ ဒေါ်ခင်မျိုးဦး ပါ-၂ ဦး၊ အမှတ် ၁၀၊ အလယ်လမ်း၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့မှ သင်တို့အပေါ်တွင် တရားလိုနှင့် တရားပြိုင်တို့ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် ကတိပဋိညာဉ်အတိုင်း ၁၇-၁၀-၁၉၇၈ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၆ ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိဖြူ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃**

ဒေါ်မိမိအေး **နှင့်** ၁။ ဦးကျွမ်းဟုချမ်း
အမှတ်(၂၅၆)၊ အမှတ်(၁၀)၊ ၈၀×၈၁ လမ်းကြား၊
၁၅လမ်း×၁၆လမ်းကြား ၂၂လမ်း၊ ပုလဲငွေရောင်ရပ်ကွက်၊
၈၈ လမ်း၊ မင်းတဲအိကင်းရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။
အကွက်(၄၁၅)W ၂။ ဦးစံလင်း(ခ)မြို့မလွင်ဦး
အောင်မြေသာဇံမြို့နယ်၊ အမှတ် ၂၆၃၃၊ အဝေရာလမ်း၊
မန္တလေးတိုင်းဒေသကြီး။ (၆၁)ရပ်ကွက်၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခုနေရပ်လိပ်စာမသိ)
**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက် ၂၂ လမ်း ၈၀×၈၁ လမ်းကြား၊ အမှတ် ၁၀ နေ ဦးကျွမ်းဟုချမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၂၆၃၃ နေ ဦးစံလင်း(ခ)မြို့မလွင်ဦး(ယခုနေရပ်လိပ်စာမသိ)သူများသိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မိမိအေးက သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၁၃ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ခိုင်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

[illegible]

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၂၉**

ဦးစောငြိမ်း **နှင့်** ဦးလွင်နိုင်ဝေ ပါ-၅
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

(၃)ဦးအောင်နိုင်၊ (၄)ဦးဇော်ထွန်း၊ (၅)ဦးမင်းသူ အကွက်(၀၀-၈)၊ ဦးပိုင်(၂)၊ နတ်ရေကန် ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၁၉/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၃၀**

ဦးစောငြိမ်း **နှင့်** ဦးလွင်နိုင်ဝေ ပါ-၆
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

(၂)ဦးမောင်မောင်ဦး၊ (၃)ဒေါ်အေးကြူ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအေးကိုထွန်း) အကွက်(၀၀-၈)၊ ဦးပိုင်(၃)၊ နတ်ရေကန် ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၀/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြော ကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၃၁**

ဦးစောငြိမ်း ဦးအောင်မျိုးနွယ် ပါ၇
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂။ ဦးမျိုးသူရ၊ ၄။ ဦးအောင်ကျော်ဆန်း၊ ၆။ ဦးကျော်မြင့်၊ ၇။ ဦးသိန်းနိုင် အကွက်(၀၀-၈)၊ ဦးပိုင်(၄)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၁/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့် ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၂၈**

ဦးစောငြိမ်း ဦးမြတ်စိုး ပါ၅
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၃။ ဦးအောင်ကျော်ဆန်း၊ ၅။ဦးကျော်မြင့်၊ အကွက်(၀၀-၈)၊ ဦးပိုင်(၁)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၁၈/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃**

၁။ ဦးခင်မောင်ဇော် **နှင့်** ၁။ ဦးချစ်ဆွေ
၂။ ဒေါ်ကြူမာလာကို ၂။ ဒေါ်ငွေးငွေးကြွယ်
**တရားလိုများ** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် (၁) ဦးချစ်ဆွေ၊ (၂) ဒေါ်ငွေးငွေးကြွယ်၊ တိုက် ၂၈၊ ခြောက်လွှာ၊ ကျွန်းတောလမ်း၊ တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို (၁)ဦးခင်မောင်ဇော်၊ (၂)ဒေါ်ကြူမာလာကိုတို့က မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၁၉ရက် (၁၃၇၆ခုနှစ် တပေါင်းလကွယ်နေ့) နံနက်၁၀နာရီတွင် တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ငွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်နေ ဒေါ်အေးအေးခိုင် ပါ(၂)မှ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ် ၃) ကုန်သည်ရပ်၊ ဦးပိုင်အမှတ် (၂၈)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၃၉၉ ဧကရှိမြေအား ဒေါ်အေးအေးခိုင် ပါ(၂)အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။

၂။ ထိုသို့ လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၉-၃-၂၀၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမဲခေါင်ရွာ၊ လယ်ပြင်ကြီးကျေးရွာအုပ်စု၊ ဖြူးမြို့နယ်နေ ဦးရမ်းဒေအိုဘားမား (PYU-110692)၏သားမောင်ကရီစ္စနားကန်းသည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးရမ်းဒေအိုဘားမား**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးမောင်သန်း-ဒေါ်လှမြိုင် တို့၏သားမောင်စန်းထွန်းဝင်း ၁၂/ဥကတ(နိုင်)၀၄၁၉၉၉ သည် မိဘညီအစ်ကို မောင်နှမတို့၏ ဆိုဆုံးမမှုတို့ကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီးမိမိသဘောဆန္ဒအရပြုမူဆောင်ရွက်သွားပါသဖြင့် ၂၅-၂-၂၀၁၅ ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမဆို မိသားစုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**အဘ-ဦးမောင်သန်း ၁၂/ဥကတ(နိုင်)၁၀၇၉၈၅**
**အမိ-ဒေါ်လှမြိုင် ၁၂/ဥကတ(နိုင်)၁၂၂၄၃၃**

ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းရှိသော ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများမထားဘဲ နိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးရှိမည်ဖြစ်ပါက ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျောက်တံခါးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံတွင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တတ်သည့် *စာမျက်နှာ ၈ ကော်လံ ၁* ✳

ယနေ့ မာတိကာ

တရုတ်အရှေ့ပိုင်းတွင် ကြက်၊ ငှက်တုပ်ကွေး ရောဂါသစ် ဖြစ်ပွားမှုတွေ့ရှိ စာ » ၄

သကြံန်မဏ္ဍပ်များ ဆောက်လုပ်ခွင့် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ စာ » ၁၂

ရှေးဟောင်းသမိုင်းဝင် ဇလုံတောင် ဘက်စုံဖွံ့ဖြိုး ရေး ဆောင်ရွက် စာ » ၁၃

ခွင့်ပြုချက်နှင့် မကိုက်ညီသည့် အဆောက်အအုံများ ဖြိုချအရေးယူမှု ပြုလုပ်မည် စာ » ၁၅

မြင်းခြံမြို့တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး လူထုဆန္ဒဖော်ထုတ် စာ » ၂၀

## ငါးလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်းများ


သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ငါးလုပ်ငန်းလုပ်ကိုင်သူများသလို ငါးမွေးကန်များတူးပြီး မွေးမြူကြသူများလည်းရှိနေကြသည်။ ယခုအခါ ငါးလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် ကိုယ်တိုင်လုပ်ကိုင်သူများအတွက် ငါးလုပ်ငန်းဆိုင်ရာပညာပေးပြခန်းများ၊ ပြပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ဖွင့်လှစ်ပြသနေပြီဖြစ်သည်။

ငါးလုပ်ငန်းအဖွဲ့သည် မြေညီထပ်တွင် ငါးလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်း ၁၅ ခန်း ပါဝင်ပြသလျက်ရှိရာ ငါးမွေးကန်များ သန့်ရှင်းမှု၊ ရေသန့်ရှင်းမှုနှင့် မြေသန့်ရှင်းမှုများကို စနစ်တကျ ပြုလုပ်ရမည့်အချက်များကို ရှင်းလင်းလွယ်ကူစွာပြသထားသည်ကို တွေ့ရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍





ရန်ကုန်အသင်းနှင့်ကမ္ဘောဇအသင်း အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

## ရန်ကုန်အသင်း အဝေးကွင်း၌ ခြေစွမ်းပြ နိုင်ပွဲယူ

**ရန်ကုန် မတ် ၁**

သတင်း-ညီမြတ်သော်တာ » ဓာတ်ပုံ-ဖိုးသော်ဇင်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၈ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(တောင်ကြီးကွင်း)**

**ရန်ကုန် - သုံးဂိုး (ကြည်လင်း-နှစ်ဂိုး၊ ကျော်ကိုကို)**

**ကမ္ဘောဇ - တစ်ဂိုး (အာရစ်)**

ယခုရာသီတွင် အိမ်ကွင်း၌ ရလဒ်ကောင်းများရနေသည့် ကမ္ဘောဇအသင်းမှာ ရန်ကုန်ကိုရှုံးနိမ့်ပြီး ပထမဆုံး အိမ်ကွင်းအရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်အသင်းသည် ရှစ်ပွဲဆက် အနိုင်ရပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ဦးဆောင်နိုင်ခဲ့သည်။

ရန်ကုန်အသင်းတွင် ဆီဇာ၊ ကြည်လင်း၊ ကျော်ကိုကို၊ အီမာဆင်တို့ဖြင့် *စာမျက်နှာ ၉ ကော်လံ ၃* ❖

# ၂၃ မိုင်ရှိ သောင်းကျန်းသူ အခြေပြုတောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းသိမ်းပိုက်ပြီး လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်

**နေပြည်တော် မတ် ၁**

တပ်မတော်စစ်ကြောင်းများက ယနေ့ ညနေပိုင်းတွင် ၂၃ မိုင်အနီးရှိ စစ်ဗျူဟာအရ အရေးကြီးတောင်ကုန်းများနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၉)အနီးရှိ ပွိုင့်-၁၃၁၉ တောင်ကုန်းတို့အား လက်နက်ကြီး ပစ်ကူများရယူ၍ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းကာ သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများက ၂၃ မိုင်အနီးရှိ ကျောက်တောင်များတွင် အခြေပြု၍ အဆင့်ဆင့်အခိုင်အမာ ခံစစ်ယူထားကာ လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေး လမ်းကြောင်းအား ဖြတ်တောက်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ဟန်ချက်ညီ အဆင့်ဆင့် ခြေကုပ်ယူပြီး အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ကာ ညနေပိုင်းတွင် သောင်းကျန်းသူ အခိုင်အမာ အခြေပြုတောင်ကုန်း ၆ ကုန်းအား အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိပြီး ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီး လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ လောက်ကိုင်အရှေ့ဘက် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၉)အနီးရှိ စစ်ဗျူဟာအရ *စာမျက်နှာ ၅ ကော်လံ ၁* ■



Ph : 662107, 9669012, 09730286874, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS